http://www.dhammadownload.com

ခေတ်နှင့်အညီ

* ဝါရှင်တို့ – ခေတ် လူသားများသည် မူလတန်းမှစ၍ နိဒ်ဝင်ခြားစာပေကို သင်နေကြပြီ။
* ဝါရှင်တို့ သာသနာပြုသွားမည့် ကျေးရွာလူထုသည် ခေတ်ပညာတတ်များ ဖြစ်နေကြပြီ၊ ကျေးရွာများသို့ တက္ကသိုလ်ဘွဲ့ရ ခေတ်လူငယ်များ ရောက်ရှိနေကြပြီ။
* ဝါရှင်တို့သည် ကရကီယနှင့် ခေတ်လူသားထဲသို့ မတိုးနိုင်ကြတော့ဘူး။
* အသိပညာ နိမ့်ကျနေရင် ဝါရှင်တို့ကို ခေတ်လူသားတို့ လေးစားတော့မည်မဟုတ်။
* ဝါရှင်တို့ – ခေတ်သည် အရှိန်ပြင်းစွာ ပြောင်းလဲ တိုးဟက်နေ၏။ ဝါရှင်တို့ တစ်နေ့ ပေါ့ပေါ့ဆဆနေမိရင် တစ်နေ့နောက်ကျ ကျန်ရစ်မည်သာ ဖြစ်၏။
* ပြောင်းလဲတိုးတက်နေသော ခေတ်နှင့်အညီ အသိပညာများ တိုးတက်အောင် နိုးနိုးကြားကြား အမြဲကြိုးစားနိုင်ပါမှ ဗုဒ္ဓ၏ အဆုံးအမ တရားတော်များ ခေတ်လူသားထဲမှာ ရှင်သန်ပြန့်ပွားနိုင်ပါမည်။

ပုသိမ်မြို့ ပစ္စိမာရုံကျောင်းတိုက်

အရှင်ခေမိန္ဒ

အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ
၏

ပါဠိဝါကျရေးနည်း

ဒုတိယတွဲ



စာပေအမှတ် (၉)

http://www.dhammadownload.com

ပုသိမ်မြို့၊ ပစ္စိမာရုံကျောင်းတိုက်

အရှင်ခေမိန္ဒ

အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ

(၈၂)

ပါဠိဝါကျရေးနည်း

ဒုတိယတွဲ



စာပေအမှတ် (၉)

[တတိယအကြိမ်]

သာသနာ ၂၅၅၄ ကောဇာ ၁၃၇၂

ခရစ် ၂၀၁၁

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

- စာမူခွင့်ပြုချက်အမှတ် - ၆၀၀၀၆၀၀၁၁
- မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၀၈၆၀၂၁၁
- တတိယအကြိမ် - ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ
- အုပ်ရေ - ၂၀၀၀
- တန်ဖိုး - ၁၅၀၀ ကျပ်
- ကွန်ပျူတာစာစီ - "ကောင်းမွန်ကွန်ပျူတာ"
  အမှတ် ၁၁၄၊ ၃၄-လမ်း (အလယ်)၊
  ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
  ☎ : ၃၈၉၀၂၃
- အတွင်းဖလင် - ကိုဦး နှင့် ညီများ
- မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးစိုးအောင်
  ကျုံမင်းပုံနှိပ်တိုက် (မြ - ၀၇၃၄၂)
  အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊
  ရန်ကုန်မြို့။ ☎ : ၃၉၅၀၄၅
- မျက်နှာဖုံးဒီဇိုင်း - ကောင်းမွန်ကွန်ပျူတာ
- ထုတ်ဝေသူ - ဦးနေမျိုး (နေမျိုးစာပဒေသာစာပေ)
  ၁/သုမင်္ဂလာလမ်း၊ ၅-ရပ်ကွက်၊
  တောင်ဥက္ကလာပမြို့နယ်။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

ခေမိန္ဒ၊ အရှင် ၄၉၁. ၃၇
ပါဠိဝါကျရေးနည်း(ဒုတိယတွဲ)/ အရှင်ခေမိန္ဒ - ရန်ကုန်။
နေမျိုးစာပဒေသာစာပေ၊ ၂၀၁၁။
၁၀၂ - စာ၊ ၁၀ × ၁၅ စင်တီ။
(၁) ပါဠိဝါကျရေးနည်း (ဒုတိယတွဲ)

F.1.B

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
အမှာစာ	က
အခန်း (၁)	
ကိတ်ကြိယာ	၁
ကိတ်ကတ္တားဟောဝါကျရေးနည်း	၄
ကိတ်ကံဟောဝါကျရေးနည်း	၁၀
နာမသတ်ဝါကျရေးနည်း	၁၃
ကိတ်ဘောဘောဝါကျရေးနည်း	၁၅
ကိတ်ကတ္တားဟောကာရိတ်ဝါကျရေးနည်း	၁၈
ကိတ်ကံဟောကာရိတ်ဝါကျရေးနည်း	၂၀
တွာဒိပစ္စယန္တပုဒ်ရေးနည်း	၂၂
တုမာဒိပစ္စယန္တပုဒ်ရေးနည်း	၂၅
အခန်း (၂)	
သဗ္ဗနာမ်နှင့်နာမဝိသေသနပုဒ်	၂၉
ပုဂ္ဂလနာမ်စားပုဒ်ရေးနည်း	၃၀
နိဒဿနနာမ်စားပုဒ်ရေးနည်း	၄၁
ပုစ္ဆာနာမ်စားပုဒ်ရေးနည်း	၄၄
အန္ဓယီနာမ်စားဝါကျရေးနည်း	၄၆
နာမဝိသေသနပုဒ်ရေးနည်း	၅၁

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
အခန်း (၃)	
ပုစ္ဆာဝါကျများရေးနည်း	၆၀
နိပါတ်ကိဝါကျရေးနည်း	၆၁
ကထံဝါကျရေးနည်း	၆၅
ဝိဘတ္တိပစ္စယန္တပုစ္ဆာဝါကျရေးနည်း	၆၇
နု, နု ခေါ ဝါကျရေးနည်း	၆၉
နနု, နနုစဝါကျရေးနည်း	၇၃
ကသ္မာဝါကျရေးနည်း	၇၆
သစ္စံကိရဝါကျရေးနည်း	၇၇
အခန်း (၄)	
ဥပသာရပုဒ်နိပါတ်ပုဒ်များ	၈၁
န-ဝါကျနှင့်၊ မာ-ဝါကျရေးနည်း	၁၀၁
သာမီပုဒ်နှင့်တွဲစပ်သည့် နိပါတ်ပုဒ်ရေးနည်း	၁၀၄
သမုစ္စယတ္ထ စသဒ္ဒါဝါကျရေးနည်း	၁၀၉
ဝိကပ္ပနတ္ထ ဝါသဒ္ဒါဝါကျရေးနည်း	၁၁၃
သရူပဝါကျရေးနည်း	၁၁၆
သစေဝါကျရေးနည်း	၁၁၉
ပက္ခန္တရဇောတကပနဝါကျရေးနည်း	၁၂၃
ကိဉ္စာပိ၊ ပနဝါကျရေးနည်း	၁၂၄
ဥဒါဟုဝါကျရေးနည်း	၁၂၈
ယထာ၊ တထာ ဝါကျရေးနည်း	၁၃၀
ယဒါ၊ တဒါဝါကျရေးနည်း	၁၃၁
ယတ္ထ၊ တတ္ထဝါကျရေးနည်း	၁၃၃

http://www.dhammadownload.com

အကြောင်းအရာ	စာမျက်နှာ
အာကာရဝါကျရေးနည်း	၁၃၅

အခန်း (၅)

ကာရကအကျဉ်း	၁၃၇
အစ္စန္တသံယောဂပုဒ်ရေးနည်း	၁၃၈
အန္တရာ ဒိယောဂပုဒ်ရေးနည်း	၁၄၀
တတိယာ၊ သတ္ထမီဝိဘတ်အနက်ဟော ဒုတိယာဝိဘတ္တန္တပုဒ်ရေးနည်း	၁၄၄
သဟာဒိယောဂပုဒ်ရေးနည်း	၁၄၇
ကြိယာပဝဂ္ဂပုဒ်ရေးနည်း	၁၄၉
ဟေတွတ္ထပုဒ်ရေးနည်း	၁၅၁
သတ္တမီဝိဘတ်အနက်ဟော တတိယာဝိဘတ္တန္တပုဒ်ရေးနည်း	၁၅၁
ပုဗ္ဗာဒိယောဂပုဒ်ရေးနည်း	၁၅၃
သမ္ပဒါန်ပုဒ်ရေးနည်း	၁၅၇
အပါဒါန်ပုဒ်ရေးနည်း	၁၆၉
နိဒ္ဓါရဏပုဒ်ရေးနည်း	၁၈၆
အနာဒရပုဒ်ရေးနည်း	၁၈၈
လက္ခဏဝါကျရေးနည်း	၁၉၀
ဆဋ္ဌီဝိဘတ်သုံးစွဲနည်း	၁၉၃
သတ္တမီဝိဘတ်သုံးစွဲနည်း	၂၀၀

http://www.dhammadownload.com

"အရှင်ဒေမိန္ဒ" ၏ ထုတ်ဝေပြီးကျမ်းစာများ

၁။ မူလတန်းပါဠိသဒ္ဒါသင်ကြားနည်း
၂။ ပါဠိဝါကျရေးနည်း (ပထမတွဲ)
၃။ ပါဠိဝါကျရေးနည်း (ဒုတိယတွဲ)
၄။ ပါဠိဝါကျရေးနည်း (တတိယတွဲ)
၅။ သင်္ချိုဟ်သရုပ်ခွဲသင်ကြားနည်း (ပထမတွဲ)
၆။ သင်္ချိုဟ်သရုပ်ခွဲသင်ကြားနည်း (ဒုတိယတွဲ)
၇။ မာတိကာ ဓါတုကထာ သင်ကြားနည်း
၈။ ယမကသင်ကြားနည်း (ပထမတွဲ)
၉။ ယမက သင်ကြားနည်း (ဒုတိယတွဲ)
၁၀။ ရူပသိဒ္ဓိသင်ကြားနည်း (ပထမတွဲ)
၁၁။ ရူပသိဒ္ဓိသင်ကြားနည်း (ဒုတိယတွဲ)
၁၂။ ပထမယော်တန်း ဘာသာပြန် (ပြဋ္ဌာန်းကျမ်းစာမဟုတ်)
၁၃။ ဘဝလမ်းညွှန်စာပေ
၁၄။ ဘဝအလင်းရောင်စာပေ
၁၅။ ဗုဒ္ဓဘာသာအခြေခံကျင့်ဝတ်
၁၆။ ပဋ္ဌာန်းသင်ကြားနည်း
၁၇။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ပထမတွဲ)
၁၈။ ဗုဒ္ဓ၏အောင်မြင်ရေးနည်းလမ်းများ (ပထမတွဲ)
၁၉။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု
၂၀။ လူ၏အသိနှစ်မျိုး
၂၁။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ဒုတိယတွဲ)
၂၂။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု (ပထမဆင့်)
၂၃။ အခြေခံဗုဒ္ဓအဘိဓမ္မာ (တတိယတွဲ)
၂၄။ ရုပ်ပွားစေတီတော်ကိုးကွယ်မှု
၂၅။ မြတ်ဗုဒ္ဓနှင့်ကမ္ဘာရာသီဥတုပြောင်းလဲမှု
၂၆။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု (ကလေးများကျက်စာ)
၂၇။ ဓမ္မအလင်းရောင်ပြန့်ပွားရေး အခြေခံစည်းမျဉ်း

ဆရာတော် "အရှင်ဒေမိန္ဒ" ၏ ကျမ်းစာအုပ်များကို ပုံနှိပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးတာဝန်များကို ကုသိုလ်ဖြစ်ကျည့်ဆောင်ရွက်ပေးသူများ

ဦးချမ်းမောင်	ဦးသန်းနိုင်	ကိုယဉ်အေး
အမှတ် ၉၃၊ စံပယ်ခြံ(၁)လမ်း၊ ၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။	အမှတ် ၁၁၈(စီ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။	အမှတ်၆၀၊ ဥမ္မဒန္တီလမ်း၊ အမှတ်(၄)ရပ်ကွက်၊ ပုသိမ်မြို့။
☎ - ၅၁၃၄၆၂	☎ - ၅၄၅၃၃၅၊ ၅၄၅၃၃၆	☎ - ၂၅၅၆၇၊ ၂၂၄၆၈

http://www.dhammadownload.com

အမှာစာ

ဤကျမ်းစာသည် ပါဠိသဒ္ဒါကို သင်ကြားပေးသော ကျမ်းစာမဟုတ်၊ ပါဠိသဒ္ဒါကို သင်ကြားရာမှ ရရှိသော ပါဠိသဒ္ဒါအသုံးအနှုန်းများကို မြန်မာမှုနှင့် ဆက်စပ်ပြီး ပါဠိဝါကျရေးနည်းသင်ခန်းစာများကို ပြုစု၍ ပါဠိဝါကျရေးတတ်အောင် လေ့ကျင့်ပေးသော စာအုပ်သာဖြစ်ပါသည်။ ဤအကြောင်းကို ပါဠိဝါကျရေးနည်း ပထမတွဲစာအုပ် နိဒါန်း၌လည်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကျမ်းစာကို ရေးသောအခါ၌လည်း ကျမ်းစာရေးနည်းပုံစံမျိုးဖြင့် မရေးဘဲ စာသင်သားများ နေ့စဉ် လေ့ကျင့်ရေးနည်းပုံစံမျိုးဖြင့်သာ ရေးသားခဲ့ပါသည်။

ပါဠိဝါကျရေးနည်း ဒုတိယတွဲ၊ တတိယတွဲစာအုပ်များသည် ပါဠိဝါကျရေးနည်း ပထမတွဲစာအုပ် ထွက်ပြီးစအချိန်ကပင် စာပေအမှတ် (၃၊ ၄) ဖြင့် ဆက်လက်ထွက်နိုင်အောင် စီစဉ်ထားပြီးဖြစ်ပါသည်။ သို့သော် ဆက်လက်မထွက်နိုင်ခဲ့ပါ။

မြန်မာနိုင်ငံမှာ ပါဠိဝါကျအရေးအသား လေ့ကျင့်သူ အလွန်နည်းပါးနေပါသည်။ သုံးစွဲသူနည်း၍ မူလစာအုပ်မှ မြှုပ်နှံငွေ ပြန်မပေါ်လျှင် နောက်စာအုပ်များ ဆက်လက်ထွက်နိုင်ဖို့ မလွယ်လှတော့ပါ။ မည်သို့ပင်ဖြစ်စေ မိမိပြုစုထားသော စာမူများ ပျောက်ပျက်မသွားစေလိုခြင်း၊ မိမိကျောင်းတိုက်မှာ စာမေးပွဲအတန်းအားလျော်စွာ ပါဠိဝါကျများကို ဆက်လက်ရေးသားစေလိုခြင်း၊ မြန်မာနိုင်ငံ၌ ပရိယတ္တိတက္ကသိုလ်များ ဖွင့်လျက် ပရိယတ္တိသာသနာတော်ပြန့်ပွားအောင် ဆောင်ရွက်နေချိန်မှာ စာသင်သားများအတွက် လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ပေးလိုခြင်း စသော အကြောင်းများကြောင့် ဤစာအုပ်ကို ဆက်လက် ထုတ်ဝေရခြင်းဖြစ်ပါသည်။

အရှင်ခေမိန္ဒ

၂၂၊ ၉၊ ၉၈

http://www.dhammadownload.com

ပါဠိဝါကျရေးနည်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အခန်း (၁)

ကိတ်ကြိယာ

ကိတ်ကြိယာသည်

(က) ကတ္တားဟောကြိယာ

(ခ) ကံဟောကြိယာ

(ဂ) ဘောဟောကြိယာ ဟု သုံးမျိုးရှိ၏။

ကတ္တားဟော ကိတ်ကြိယာပုဒ်များ

ကျက်မှတ်ရန်

ပါဠို	မြန်မာ	ပါဠို	မြန်မာ
အဓိဂတော	ရ၏	ဥဋ္ဌိတော	ထ၏
အနဘိရတော	မမွေ့လျော်	ဥက္ကဏ္ဌိတော	ပျင်းရိငြီးငွေ့၏
အပဂတော	ကျွတ်ကျ၏၊ ကင်း၏။	ဥပဂတော	ကပ်ရောက်၏
		ဥပဇ္ဈဇိတော	လူထွက်၏
အတိက္ကန္တော	ကျော်လွန်၏	ဥပဋ္ဌိတော	လုပ်ကျွေး၏
အာဂတော	ပြန်လာ၏	ဥပဋ္ဌဟိတုကာမော	လုပ်ကျွေးလို၏
အာကိဏ္ဏော	ရောပြွမ်း၏	ကတော	ပြု၏
ဥပဂန္ဓော	ဖြစ်၏	ကတ္တုကာမော	ပြုလို၏
ဥပကာရကော	ကျေးဇူးများ၏	ကုပိတော	အမျက်ထွက်၏

http://www.dhammadownload.com

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
ကာရကော	ပြု၏	နိဗ္ဗတ္တော	ဖြစ်၏
ကာရိကာ	ပြု၏	နိပန္နော	လျောင်းနေ၏
ကတဉ္ဉူ	ကျေးဇူးကိုသိ၏	နိဋ္ဌိတော	ပြီးဆုံး၏
ကာလညူ	အချိန်ကာလကို	နိဂ္ဂတော	ထွက်သွား၏
	သိ၏	ပဗ္ဗဇိတော	ရဟန်းပြု၏
ကုဒ္ဓေါ	စိတ်ဆိုး၏	ပတိတော	ကျ၏
ခနကော	ထူး၏	ပရိပုဏ္ဏော	ပြည့်၏
ခန္ဓော	သည်းခံ၏	ပဝိဋ္ဌော	ဝင်၏
ဂတော	သွား၏	ပဏ္ဍိတမာနီ	ပညာရှိဟု
ဆာတော	ဆာ၏		မှတ်ထင်၏
ဆိန္နော	ပြတ်၏	ပရိဇိဏ္ဏော	ဆွေးမြေ့၏
ဇာတော	ဖြစ်၏	ပမတ္တော	မေ့လျော့၏
ဆေကော	လိမ္မာ၏၊	ပရိဟီနော	ဆုတ်ယုတ်၏
	ကျွမ်းကျင်၏	ပက္ကံ	မှည့်၏
ဋ္ဌိတော	ရပ်၏၊ တည်၏	ပက္ကန္တော	ဖဲခွာ၏
တုဋ္ဌော	နှစ်သက်၏	ပါကဋော	ထင်ရှား၏
ဒန္တော	ယဉ်ကျေး၏	ပါပကာရီ	မကောင်းမှုကို
ဒမကော	ဆုံးမ၏		ပြုလေ့ရှိ၏
ဒါတုကာမော	ပေးလို၏	ပါလကော	စောင့်ရှောက်၏
နဋ္ဌော	ပျောက်၏၊	ပါစကော	ချက်၏
	ပျက်စီး၏	ပဋိပန္နော	သွား၏
နိက္ခန္တော	ထွက်သွား၏	ပရိသုဒ္ဓေါ	သန့်ရှင်း၏
နိသိန္နော	ထိုင်၏	လဇ္ဇိတော	ရှက်၏

http://www.dhammadownload.com

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
ပတ္တော	ရောက်၏	ဝိဿတ္ထော၊	
ပုစ္ဆိတုကာမော	မေးလို၏	ဝိဿဋ္ဌော	အကျွမ်းဝင်၏
ဗဟုဿုတမာနီ	ဗဟုသုတရှိသူ	ဝိဿန္တော	လူထွက်၏
	ဟု မှတ်ထင်၏	ဝုဋ္ဌော	ရွာပြီ
ဘဋ္ဌော၊		ဝိဝိတ္တော	ကင်းဆိတ်၏
ဘဿိတော	လျောကျ၏	ဝုသိတဝါ၊	
မတော	သေ၏	ဝုသိတော	ကျင့်သုံး၏
ပလာတော	ထွက်ပြေး၏	ဝုသိတာဝီ	ကျင့်သုံး၏
ပရာဇိတော	ရှုံး၏	သဒိသော	တူ၏
ပူဇကော	ပူဇော်၏	သန္တော	ငြိမ်သက်၏
ယုတ္တော	ယှဉ်၏၊	သမ္မုဇ္ဇော	ပြည့်၏
	အားထုတ်၏	သမ္မတ္တော	ရောက်၏
ယုဒ္ဓါ	စစ်ထိုး၏	သမတ္တော	စွမ်းနိုင်၏
မုတ္တော	လွတ်မြောက်၏	သမ္ပဝါဒီ	အမှန်ကိုပြော
ဘီတော	ကြောက်၏		လေ့ရှိ၏
ရတော	မွေ့လျော်၏	သင်္ကန္တော	ပြောင်းရွေ့၏
ရတ္တော	တပ်မက်၏	သိဒ္ဓါ	ပြီးစီး၏
ဝဓကော	သတ်၏	သုက္ကော	ခြောက်သွေ့၏
ဝတ္တာ	ပြောဆို၏	သုတ္တော	အိပ်ပျော်၏
ဝိဂတော	ကင်း၏	လာဝကော	ရိတ်ဖြတ်၏
ဝိဝဋ္ဋံ	ပွင့်၏	ဟဋ္ဌော	ရွှင်လန်း၏
ဝိဇာတာ	မွေးဖွား၏		

http://www.dhammadownload.com

အမှတ် (၁)၊ သင်ခန်းစာ
ကိတ်၊ ကတ္တားဟော ဝါကျရေးနည်း

၁။ နောက်ဆုံးကြိယာပုဒ်၌ အပ်၊ သင့်၊ ထိုက်၊ ခြင်း၊ ရာ စသော စကားလုံးများ မပါရှိသောဝါကျကို ကတ္တားဟောဝါကျဟု ခေါ်၏။

၂။ ကိတ်ကတ္တားဟောဝါကျ၌

(က) ကတ္တားကို ပထမာဝိဘတ်ဖြင့် ရေးရ၏။

(ခ) ကံပုဒ်ကို ဒုတိယာဝိဘတ်ဖြင့် ရေးရ၏။

(ဂ) ကြိယာပုဒ်ကို ဏွ-တ စသော ကိတ်ကတ္တားဟော ပစ္စည်းများဖြင့် ရေးရ၏။

(ဃ) ကိတ်ကတ္တားဟောဝါကျ၌ ကတ္တားနှင့် ကြိယာပုဒ်ကို လိင်၊ ဝိဘတ်၊ ဝုစ်တူအောင် ရေးရ၏။

၃။ ကိတ်ကတ္တားဟောဝါကျ၌

(က) ကတ္တားပုဒ်က ပုလ္လိင်ဖြစ်လျှင် ကြိယာပုဒ်ကို ပုလ္လိင်ဖြင့် ရေးရ၏။

(ခ) ကတ္တားပုဒ်က နပုလ္လိင်ဖြစ်လျှင် ကြိယာပုဒ်ကို နပုလ္လိင်ဖြင့် ရေးရ၏။

(ဂ) ကတ္တားပုဒ်က ဣတ္ထိလိင်ဖြစ်လျှင် ကြိယာပုဒ်ကို ဣတ္ထိလိင်ဖြင့် ရေးရ၏။

(ဃ) ကတ္တားပုဒ်က ဧကဝုစ်ဖြစ်လျှင် ကြိယာပုဒ်ကို ဧကဝုစ်ဖြင့် ရေးရ၏။

(င) ကတ္တားပုဒ်က ဗဟုဝုစ်ဖြစ်လျှင် ကြိယာပုဒ်ကို ဗဟုဝုစ်ဖြင့် ရေးရ၏။

http://www.dhammadownload.com

ပုလ္လိင်ပုံစံ။ ။ (က) ပုရိသော ဂါမံ ဂတော။
မြန်မာ။ ။ ယောက်ျားသည် ရွာသို့ သွား၏။

ပုံစံ။ ။ (ခ) ပုရိသာ ဂါမံ ဂတာ။
မြန်မာ။ ။ ယောက်ျားတို့သည် ရွာသို့ သွားကြ၏။

ဣတ္ထိလိင်ပုံစံ။ ။ (က) ဣတ္ထီ ဂါမံ ဂတာ။
မြန်မာ။ ။ မိန်းမသည် ရွာသို့ သွား၏။

ပုံစံ။ ။ (ခ) ဣတ္ထိယော ဂါမံ ဂတာ။
မြန်မာ။ ။ မိန်းမတို့သည် ရွာသို့ သွားကြ၏။

နပုလ္လိင်ပုံစံ။ ။ (က) စိတ္တံ အာသဝေဟိ ဝိမုတ္တံ။
မြန်မာ။ ။ စိတ်သည် အာသဝေါတရားတို့မှ လွတ်မြောက်၏။

ပုံစံ။ ။ (ခ) စိတ္တာနိ အာသဝေဟိ ဝိမုတ္တာနိ။
မြန်မာ။ ။ စိတ်တို့သည် အာသဝေါတရားတို့မှ လွတ်မြောက်ကြ၏။

ပထမနေ့

၁။ မနုဿော အာသနာ ဥဋ္ဌိတော။
၂။ ကိုရင်တို့သည် ကျောင်း၌ ထိုင်နေကြ၏။
၃။ မိန်းကလေးသည် အိမ်မှ ပြန်လာ၏။
၄။ ပုထုဇဉ်၏ စိတ်သည် ညစ်နွမ်း၏။

http://www.dhammadownload.com

ဒုတိယနေ့

၁။ ကညာ အာသနေ နိပန္နာ။
၂။ မိုးသည် နံနက်ချိန်၌ တက်၏။
၃။ ကလေးမတို့သည် အလုပ်ကို ပြုလုပ်ကြ၏။
၄။ ငါ၏စိတ်သည် အာရုံ၌ မွေ့လျော်၏။

တတိယနေ့

၁။ ဒီဏာသဝါနံ စိတ္တာနိ ပရိသုဒ္ဓါနိ။
၂။ အမျိုးကောင်းသားသည် ငါတို့၏အိမ်၌ ဖြစ်၏။
၃။ အဖွားသည် ဇရုပ်၌ သေ၏။
၄။ ငါတို့၏ ရွာ၌ အိမ်တို့သည် မြစ်၏ကမ်းနား၌ တည်ရှိကြ၏။

စတုတ္ထနေ့

၁။ အဟံ အာစရိယံ ပုစ္ဆိတုကာမော။
၂။ ငါ၏အစ်ကိုကြီးသည် ကျောင်း၌ ရဟန်းပြု၏။
၃။ ငါ၏ခွေးမသည် စေ့းမှအိမ်သို့ ပြန်လာ၏။
၄။ အမေ၏ အဝတ်တို့သည် ညစ်နွမ်းနေကြ၏။

ပဉ္စမနေ့

၁။ ကညာယ အဂ်ုလိယော အဘိရူပါ။
၂။ ဆရာသည် ငှါအား ကျေးဇူးပြုတတ်၏။
၃။ ညီငယ်၏ မယားသည် မြစ်သို့သွား၏။
၄။ ငါတို့၏ ရေကန်၌ ပဒုမ္မာကြာများ ပေါက်ကြ၏။

http://www.dhammadownload.com

ဆဋ္ဌမနေ့

၁။ ဘဂိနိယာ ခေတ္တော တိဏာနိ ဇာတာနိ။
၂။ ကလေးသည် အိမ်မှ ကျ၏။
၃။ ခွေးမသည် လိုဏ်ဂူ၌ သေနေ၏။
၄။ သစ်ပင်မှ သစ်ရွက်တို့သည် လယ်သို့ ကျကုန်၏။

❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖❖

ကံဟောကိတ်ကြိယာပုဒ်များ

(ကျက်မှတ်ရန်)

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
အက္ကုဋ္ဌော	ဆဲအပ်၏	အာဒိတ္တော	ပြင်းစွာပူလောင်
အက္ခာတော	ပြောပြအပ်၏၊		အပ်၏
	ဆိုအပ်၏	အဓိဂတော	ရအပ်၏
အာဏာတ္တော	စေခိုင်းအပ်၏	ဣစ္ဆိတော	လိုချင်အပ်၏
အဘိသိတ္တော	အဘိသိတ်သွန်း	ဥဂ္ဃဋိတော	သင်ယူအပ်၏
	လောင်းအပ်၏	ဥစ္စိနိတော	ရွေးချယ်အပ်၏
အဓိပ္ပေတော	အလိုရှိအပ်၏	ဥစ္စိနိတတ္တော	ရွေးချယ်အပ်၏
အနုဂ္ဂဟိတော	ချီးမြှောက်အပ်၏	ဥပစ္ဆိန္နော	ဖြတ်အပ်၏
အာဒိန္နော	ယူအပ်၏	ဧသိတော	လိုချင်အပ်၏
အဘိဘူတော	လွှမ်းမိုးအပ်၏	ကထိတော	ပြောအပ်၏
အနုသိဋ္ဌော	သွန်သင်အပ်၏	ကတော၊	ပြုအပ်၏
အာရဒ္ဓံ	အားထုတ်အပ်၏	ကတ္တဗ္ဗော	

http://www.dhammadownload.com

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
ခိတ္တော	ပစ်လွှတ်အပ်၏	နိတော	ဆောင်အပ်၏
ခတော	တူးအပ်၏	နိယျာဒိတံ	အပ်နှင်းအပ်၏
ဂဟိတော	ယူအပ်၏	နိမန္တိတော	ပင့်ဖိတ်အပ်၏
ဂရဟိတော	ကဲ့ရဲ့အပ်၏	နိန္ဒိတော	ကဲ့ရဲ့အပ်၏
ဂါရယှော	ကဲ့ရဲ့အပ်၏	ပဟဋ္ဌော	ရိုက်အပ်၏
ဆဒ္ဒိတော	စွန့်ပစ်အပ်၏	ပေသိတော	စေလွှတ်အပ်၏
ဇိတော	အောင်အပ်၏	ပဋိဿုတံ	ဝန်ခံအပ်၏
ဆန္နော	ဖုံးကွယ်အပ်၏	ပဿန္နော	ကြည်ညိုအပ်၏
ဆိန္နော	ဖြတ်အပ်၏	ပရိစ္စတ္တော	စွန့်လွှတ်အပ်၏
ညတော	သိအပ်၏	ပဟိတော	ပို့အပ်၏
ဌပိတံ	ထားအပ်၏	ပရိဘုတ္တော	သုံးဆောင်အပ်၏
ဒိန္နော	ပေးအပ်၏		
ဒါတပ္ပံ	ပေးအပ်၏	ပဟတော	ပုတ်ခတ်အပ်၏ (ရိုက်)
ဒဿိတံ	မြင်အပ်၏		
ဒိဋ္ဌော	မြင်အပ်၏	ပဋိဃတ္တော	စိမ်းအပ်၏
ဒမံ	လောင်အပ်၏	ပါပုဏိတဗ္ဗော	ရောက်အပ်၏
ဒုဂ္ဂဟိတော	မကောင်းသဖြင့် သင်ယူအပ်၏	ပဝိဋ္ဌော	ဝင်အပ်၏
ဥဒ္ဓဋော	ထုတ်ဆောင်အပ်၏	ပဿဋ္ဌော၊ ပဿံသိတော	ချီးမွမ်းအပ်၏
		ပုဋ္ဌော	မေးအပ်၏
ဒေသိတော	ဟောအပ်၏	ဖုဋ္ဌော၊	တွေ့ထိအပ်၏

http://www.dhammadownload.com

ပါဠိ	မြန်မာ	ပါဠိ	မြန်မာ
ဖုသိတော	တွေ့ထိအပ်၏	သုကတံ	ကောင်းစွာပြု
ဘုတ္တော	စားအပ်၏		အပ်၏
ဘရိတဗ္ဗော	မွေးမြူအပ်၏	သမ္မတော	သမုတ်အပ်၏
ဘာသိတော	ဟောအပ်၏	ဝိဒိတော	သိအပ်၏
ဘိန္နော	ခွဲအပ်၏	ဝိနီတော	ဆုံးမအပ်၏
မတော	သိအပ်၏	ဝုတ္တော	ဆိုအပ်၏
ယာစိတော	တောင်းအပ်၏	ဝေဒိတဗ္ဗော	သိအပ်၏
ယိဋ္ဌော	ပူဇော်အပ်၏	ဝဏ္ဏိတော	ချီးမွမ်းအပ်၏
ရမိတဗ္ဗော	မွေ့လျော်အပ်၏	ဝိနိစ္ဆိတံ	ဆုံးဖြတ်အပ်၏
ရမဏီယော	မွေ့လျော်အပ်၏	ဝိဿဇ္ဇိတော	ဖြေဆိုအပ်၏
လဒ္ဓေါ	ရအပ်၏	ပတ္တဗ္ဗော	ရောက်အပ်၏
လိတ္တော	သုတ်လိမ်းအပ်၏	သံသဋ္ဌော	ရောနှောအပ်၏
သုတော	ကြားနာအပ်၏	သန္တုတ္တော	ပြင်းစွာပူ
သလ္လက္ခိတော	မှတ်သားတတ်၏		လောင်အပ်၏
သင်္ဂါယိတဗ္ဗော	သင်္ဂါယနာ	နိဝဋ္ဌော	ဖုံးလွှမ်းအပ်၏
	တင်အပ်၏		ဝတ်အပ်၏
သမ္မာဒိတံ	စီမံအပ်၏	ဝိဿဋ္ဌော	စွန့်လွှတ်အပ်၏
သောတဗ္ဗော၊		ပရိဝုဋ္ဌော	ကျင့်သုံးအပ်၏
သုဏိတဗ္ဗော	နာအပ်၏	ဗဒ္ဓေါ	နှောင်ဖွဲ့အပ်၏
သင်္ဏိတဗ္ဗော	ချီးမြှောက်	ဝမိတံ	အန်အပ်၏
	အပ်၏	ဝိနိစ္ဆိတပ္ပံ	ဆုံးဖြတ်အပ်၏

http://www.dhammadownload.com

အမှတ် (၂)၊ သင်ခန်းစာ
ကိတ်ကံဟော ဝါကျရေးနည်း

၁။ နောက်ဆုံးကြိယာပုဒ်၌ အပ်၊ သင့်၊ ထိုက် ဟူသော စကားလုံးများ ပါရှိသောဝါကျကို ကိတ်ကံဟော ဝါကျ ဟု ခေါ်၏။

၂။ ကိတ်ကံဟော ဝါကျ၌

(က) ကတ္တားပုဒ်ကို တတိယာဝိဘတ်ဖြင့် ရေးရ၏။
(ခ) ကံပုဒ်ကို ပထမာဝိဘတ်ဖြင့် ရေးရ၏။
(ဂ) ကြိယာပုဒ်ကို တဗ္ဗ၊ အနီယ၊ တ-စသော ကိတ်ကံဟောပစ္စည်းများဖြင့် ရေးရ၏။
(ဃ) ကိတ်ကံဟော ဝါကျ၌ ကံပုဒ်နှင့် ကြိယာပုဒ်ကို လိင်၊ ဝိဘတ်၊ ဝုစ်တူအောင် ရေးရ၏။

၃။ ကိတ်ကံဟော ဝါကျ၌-

(က) ကံပုဒ်က ပုလ္လိင်ဖြစ်လျှင် ကြိယာပုဒ်ကို ပုလ္လိင်ဖြင့် ရေးရ၏။
(ခ) ကံပုဒ်က ဣတ္ထိလိင်ဖြစ်လျှင် ကြိယာပုဒ်ကို ဣတ္ထိလိင်ဖြင့် ရေးရ၏။
(ဂ) ကံပုဒ်က နပုလ္လိင်ဖြစ်လျှင် ကြိယာပုဒ်ကို နပုလ္လိင်ဖြင့် ရေးရ၏။
(ဃ) ကံပုဒ်က ဧကဝုစ်ဖြစ်လျှင် ကြိယာပုဒ်ကို ဧကဝုစ်ဖြင့် ရေးရ၏။
(င) ကံပုဒ်က ဗဟုဝုစ်ဖြစ်လျှင် ကြိယာပုဒ်ကို ဗဟုဝုစ်ဖြင့် ရေးရ၏။

ပုလ္လိင်ပုံစံ။ ။ (က) ပုရိသေန မင်္ဂါ ဂန္တ္ဗော။
မြန်မာ။ ။ ယောက်ျားသည် လမ်းကို သွားအပ်၏။

http://www.dhammadownload.com

ပုံစံ။ ။(ခ) ပုရိသေန ဂါမာ ဂန္တွာ။
မြန်မာ။ ။ ယောကျ်ားသည် ရွာတို့သို့ သွားအပ်ကုန်၏။

ကွတ္ထိလ္လိင်ပုံစံ။ ။(က) သာမဏေရေန ဂါထာ ဘဏိတဗ္ဗာ။
မြန်မာ။ ။ ကိုရင်သည် ဂါထာကို ရွတ်ဆိုအပ်၏။

ပုံစံ။ ။(ခ) ပုရိသေန သိပ္ပသာလာယော ဂန္တွာ။
မြန်မာ။ ။ ယောကျ်ားသည် အလုပ်ရုံများသို့ သွားအပ်ကုန်၏။

နပုလ္လိင်ပုံစံ။ ။(က) ပုရိသေန ဥယျာနံ ဂန္တွံ။
မြန်မာ။ ။ ယောကျ်ားသည် ဥယျာဉ်သို့ သွားအပ်၏။

(ခ) ပုရိသေန ဥယျာနာနိ ဂန္တွာနိ။
ယောကျ်ားသည် ဥယျာဉ်များသို့ သွားအပ်ကုန်၏။

ပထမဓနေ့

၁။ ကွတ္ထိယာ ဩဒနော ပစိတဗ္ဗော။
၂။ တပည့်တို့သည် ဆရာကို မေးအပ်၏။
၃။ သားသည် အမေကို ရှိခိုးအပ်၏။
၄။ ငါသည် သင်္ဘန်းတို့ကို ရအပ်ကုန်၏။

ဒုတိယဓနေ့

၁။ ယောဓေန သေနာ ဂန္တွာ။
၂။ မယားသည် လင်ကို ရှိခိုးအပ်၏။
၃။ လင်သည် မယားကို မြတ်နိုးအပ်၏။
၄။ လက်သမားသည် အိမ်ကို ဆောက်လုပ်၏။

http://www.dhammadownload.com

တတိယနေ့

၁။ ဓိတရာ မာတရော ပူဇေတဗ္ဗာ။
၂။ ဆရာသည် တပည့်ကို ခိုးမြောက်ထိုက်၏။
၃။ အလုပ်သမားသည် လှေတို့ကို ပြုလုပ်အပ်ကုန်၏။
၄။ အလုပ်သမားတို့သည် အညစ်အကြေးတို့ကို စွန့်ပစ်အပ်ကုန်၏။

စတုတ္ထနေ့

၁။ မယာ ဥပါဟနာနိ လဒ္ဓါနိ။
၂။ ရေလုပ်သားသည် လိပ်ကို ဖမ်းယူအပ်၏။
၃။ မိခင်သည် သမီးအား သေတ္တာကို ပေးအပ်၏။
၄။ ဆေးဆရာသည် လူနာအား ဆေးတို့ကို ပေးသင့်ကုန်၏။

ပဉ္စမနေ့

၁။ ဘိက္ခူဟိ အတ္တနောဝိဟာရေ ကတိကဝတ္တာနိ ကာတဗ္ဗာနိ။
၂။ ဆရာသည် တပည့်ကို ဆုံးမအပ်၏။
၃။ မိခင်သည် ကလေးမကို စေလွှတ်အပ်၏။
၄။ လယ်သမားသည် အိမ်၌ မျိုးစေ့တို့ကို ထားအပ်ကုန်၏။

ဆဋ္ဌမနေ့

၁။ တယာ လာလာ ဆဒ္ဒိတာ။
၂။ ညီမသည် အစ်ကိုကြီးကို တောင်းပန်အပ်၏။
၃။ အမေးသည် သမီးကို ဆဲအပ်၏။
၄။ ရသေ့တို့သည် သစ်သီးတို့ကို စားအပ်ကုန်၏။

http://www.dhammadownload.com

အမှတ် (၃) သင်ခန်းစာ

နာမသတ် ဝါကျရေးနည်း

၁။ နောက်ဆုံးပုဒ်၌ သူတည်း၊ သူပင်၊ သူပါပဲ စသော စကားလုံးများ ပါရှိသော ဝါကျကို "နာမသတ်ဝါကျ" ဟု ခေါ်၏။

၂။ ယင်းနာမသတ်ဝါကျ၌

(က) ကတ္တားပုဒ်ကို ပထမာဝိဘတ်ဖြင့် ရေးရ၏။

(ခ) ကံပုဒ်ကို ဒုတိယာဝိဘတ်ဖြင့် ရေးရ၏။

(ဂ) ကြိယာပုဒ်ကို နာမ်ငါးမျိုးတွင် တစ်မျိုးမျိုးဖြင့် ရေးရ၏။

(ဃ) ကတ္တားနှင့် ကြိယာပုဒ်ကို ဝိဘတ်တူအောင် ရေးရ၏။

(င) ကတ္တားနှင့် ကြိယာကို အများအားဖြင့် လိင်နှင့် ဝုစ်တူအောင် ရေးရ၏။ ရံဖန်ရံခါ မတူသော အရာလည်း ရှိ၏။

နာမ် (၅) မျိုး

	နာမ်အမည်	ပုံစံ	မြန်မာ
၁။	နာမနာမ်	ဒတ္တော	ဒတ္တ
၂။	သဗ္ဗနာမ်	အယံ	ဤသူ
၃။	သမာသ်နာမ်	ရာဇပုတ္တော	မင်းသား
၄။	တဒ္ဓိတ်နာမ်	ဒေါဝါရိကော	တံခါးစောင့်
၅။	ကိတ်နာမ်	သတ္ထာ	ဆရာ

http://www.dhammadownload.com

နာမနာမ်ပုံစံ။ ။ သောဒတ္တောနာမ။
မြန်မာ။ ။ သူသည် ဒတ္တပါတည်း။

သဗ္ဗနာမ်ပုံစံ။ ။ ဒတ္တောနာမအယံ။
မြန်မာ။ ။ ဒတ္တဆိုတာ ဤကိုရင်ပါပဲ။

သမာသ်နာမ်။ ။ သောရာဇပုတ္တော။
မြန်မာ။ ။ သူသည် မင်းသားပါတည်း။

တဒ္ဓိတ်နာမ်။ ။ သော အမ္ဘာကံ ဒေါဝါရိကော။
မြန်မာ။ ။ သူသည် ငါတို့၏ တံခါးစောင့်တည်း။

ကိတ်နာမ်။ ။ သော အမ္ဘာကံသတ္ထာ။
မြန်မာ။ ။ သူသည် ငါတို့၏ ဆရာတည်း။

အမ္ဘာ။ ။ ဤနာမသတ်ဝါကျကို တုလျတ် လိင်္ဂဝါကျ ဟုလည်း ခေါ်နိုင်၏။

ပထမနေ့

၁။ သမဏော ဂေါတမော နော သတ္ထာ။
၂။ အရှင်ဘုရား ဤကိုရင်ဟာ တိသပါပဲ။
၃။ ငါ့ရှင်, ရေဝတဆိုတာ ဒီကိုရင်ပါပဲ။

ဒုတိယနေ့

၁။ သော လောကေ မဟာပုရိသော။
၂။ ရဟန္တာသည် ကုန်ပြီးသော အာသဝေါရှိသူတည်း။
၃။ သူသည် ငါတို့ရွာက လေ့သူကြီးပါတည်း။

http://www.dhammadownload.com

တတိယနေ့

၁။ သော အမှာကံ နဂရေ သီသီကော။
၂။ ရဟန်းဆိုတာ လောကမှာ ဂုဏ်ရှိသူပါပဲ။
၃။ သူမသည် ကျွန်ုပ်၏ သမီးတည်း။

အမှတ် (၄)၊ သင်ခန်းစာ
ကိတ်ဘောဟော ဝါကျရေးနည်း

၁။ နောက်ဆုံးကြိယာပုဒ်၌ ခြင်း၊ ရာ ဟူသော စကားလုံးများ ပါရှိသောဝါကျကို ဘောဟော ဝါကျဟု ခေါ်၏။

၂။ ကိတ်ဘောဟော ဝါကျ၌-

(က) ကတ္တားပုဒ်ကို တတိယာဝိဘတ်ဖြင့် ရေးရ၏။
(ခ) ကံပုဒ်ကို ဒုတိယာ, ဆဋ္ဌီဝိဘတ်တို့တွင် တစ်ခုခုဖြင့် ရေးရ၏။
(ဂ) ကြိယာပုဒ်ကို တဗ္ဗ၊ အနီယ၊ ယု ဟူသော ကိတ်ဘောဟော ပစ္စည်းဖြင့် ရေးရ၏။
(ဃ) ကြိယာပုဒ်ကို အမြဲ နပုလ္လိင်ဧကဝုစ်ဖြင့် ရေးရ၏။

မှတ်ချက်။ ။ (က) ကံပုဒ်သည် ကြိယာပုဒ်နှင့် လိင်တူစရာ မလို။
(ခ) တဗ္ဗ၊ အနီယ ပစ္စည်းများသည် ကံရှိသော သကမ္မက ဓါတ်နောင်သက်လျှင် ကံကို ဟောကြ၏။
ကံမရှိသော အကမ္မကဓါတ်နောင်သက်လျှင် ဘော အနက်ကို ဟောကြ၏။

http://www.dhammadownload.com

ပုလ္လိင်ပုံစံ ။ ။ (က) ပုရိသေန မဂ္ဂံ ဂန္တ္ဗံ။
မြန်မာ ။ ။ ယောက်ျားသည် လမ်းကို သွားရာ၏။
(ခ) ပုရိသေန မဂ္ဂေ ဂန္တ္ဗံ။
ယောက်ျားသည် လမ်းများကို သွားရာ၏။

ကွတ္ထိလင်ပုံစံ။ ။ (က) ပုရိသေန သာလံ ဂန္တ္ဗံ။
မြန်မာ ။ ။ ယောက်ျားသည် ဇရပ်သို့ သွားရာ၏။
(ခ) ပုရိသေန သာလာ ဂန္တ္ဗံ။
ယောက်ျားသည် ဇရပ်များကို သွားရာ၏။

နပုလ္လိင်ပုံစံ ။ ။ (က) ပုရိသေန ဥယျာနံ ဂန္တ္ဗံ။
မြန်မာ ။ ။ ယောက်ျားသည် ဥယျာဉ်သို့ သွားရာ၏။
(ခ) ပုရိသေန ဥယျာနာနိ ဂန္တ္ဗံ။
ယောက်ျားသည် ဥယျာဉ်များသို့ သွားရာ၏။

အမှာ ။ ။ ကံပုဒ်ကို ဆဋ္ဌီဝိဘတ်ဖြင့် ရေးသော ပုံစံများကို မပြတော့ပါ။ လေ့ကျင့်ခန်းရေးရာ၌သာ ပြပါမည်။

ပထမဓနှ

၁။ ကွတ္ထိယာ သြဒနဿ ပစိတဗ္ဗံ။
၂။ အမေသည် အိပ်ရာ၌ အိပ်ရာ၏။
၃။ သားသည် အမေကို ပူဇော်ရာ၏။
၄။ ကိုရင်သည် စေတီများသို့ သွားရာ၏။

http://www.dhammadownload.com

ဒုတိယနေ့

၁။ ဒါရကေန ဖလာနံ ခါဒိတပ္ပံ။
၂။ တပည့်သည် ဆရာကို ပူဇော်ရာ၏။
၃။ ရဟန်းသည် ညောင်စောင်း၌ ထိုင်ရာ၏။
၄။ မိန်းကလေးသည် ကုသိုလ်ကို ပြုရာ၏။

တတိယနေ့

၁။ မနုဿေတိ မံသံ ဘုဉ္ဇိတပ္ပံ။
၂။ ရဟန်းသည် သင်္ကန်းကို ဆိုးရာ၏။
၃။ မယားသည် လင်ကို ရှိခိုးရာ၏။
၄။ စစ်သားသည် စစ်တပ်သို့ သွားရာ၏။

ကာရိတ်ကြိယာပုဒ်များ

၁။ ကာရာပကော ကာရာပိကာ - ပြုလုပ်စေ၏။
ကာရိတော ကာရယိတော - ကာရာပိတာ -
ကာရေတာ၊ ကာရယိတာ - ပြုလုပ်စေ၏။
ခမာပိတော - သည်းခံစေအပ်၏။ ကန်တော့အပ်၏။
ဉာပေတာ၊ ဉာပယိတာ - သိစေ၏။
ဒါပကော၊ ဒါပေတာ၊ ဒါပယိတာ - ပေးစေ၏။
နိပဇ္ဇါပိတော - အိပ်စေအပ်၏။
ပတိဋ္ဌာပကော - တည်စေ၏။
ပက္ကောသာပိတော - ခေါ်စေအပ်၏။
ဗောဓိတော၊ ဗောဓေတာ၊ ဗောဓယိတာ - သိစေ၏။

http://www.dhammadownload.com

ဘာဝေတဇော-ဖြစ်စေအပ်၊ ပွားစေအပ်၏။
မာရိတော-သတ်စေအပ်၏။
သာရေတာ၊ သာရယိတာ-အောက်မေ့စေ၏။

အမှတ် (၅)၊ သင်ခန်းစာ
ကိတ်ကတ္တားဟော ကာရိတ်ဝါကျရေးနည်း

၁။ "လုပ်စေ၏၊ ချက်စေ၏" စသည်ဖြင့် သူတစ်ပါးအား စေခိုင်းခြင်း၊ တိုက်တွန်းခြင်း၊ အပြုအမူကို ဖော်ပြသော ကြိယာပါရှိသောဝါကျသည် ကာရိတ်ဝါကျမည်၏။

၂။ ကိတ် ကာရိတ်ကတ္တားဟော ဝါကျ၌-

(က) ကတ္တားပုဒ်ကို ပထမာဝိဘတ်ဖြင့် ရေးရ၏။
(ခ) ကာရိတ်ကံပုဒ်ကို ဒုတိယာ၊ တတိယာ၊ ဆဋ္ဌီဝိဘတ်သုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် ရေးရ၏။
(ဂ) ဓါတ်ကံပုဒ်ကို ဒုတိယာဝိဘတ်ဖြင့် ရေးရ၏။
(ဃ) ကာရိတ်ကြိယာပုဒ်ကို "ဏော၊ ဏာယ၊ ဏာပေ၊ ဏာပယ" လေး ပစ္စည်းတွင် တစ်ခုခုဖြင့် ရေးရ၏။
(င) ကြိယာပုဒ်ကို ကတ္တားပုဒ်နှင့် လိင်၊ ဝိဘတ်၊ ဝုစ်တူအောင် ရေးရ၏။

၃။ ကာရိတ်ကြိယာပုဒ်ကို "လုပ်စေ၏၊ ချက်စေ၏" စသည်ဖြင့် "စေ" ဟု မြန်မာပြန်ရ၏။

၄။ ဓါတ်နှင့် တည်ပုဒ်တို့ ကာရိတ်ပစ္စည်းဆက်သောအခါ ဏကိုချေ၍ ဆက်ပေးရ၏။

http://www.dhammadownload.com

၅။ ခါတ်နောင် ကာရိတ်ပစ္စည်းသက်လျှင် ကာရိတ်ပစ္စည်းကြောင့် လုံးဆင့်အက္ခရာမပါသော (အသံယောဂန္တ) ခါတ်ကို ဝုဒ္ဓိပြုပေးရ၏။

၆။ ကြွင်းသောအချက်များကို အာချာတ်ကာရိတ်ဝါကျရေးနည်းအတိုင်းသိပါ။

ကာရိတ်ကံ၊ ခါတ်ကံခွဲပုံ

ကာရိတ်ကတ္တား ကာရိတ်ကံ ခါတ်ကံ ကာရိတ်ကြိယာ

(က) **ပါဠို** ပုရိသော ကုတ္တိံ ဩဒနံ ပါစိတော။
မြန်မာ ယောကျ်ားသည် မိန်းမကို ထမင်းကို ချက်စေ၏။

(ခ) **ပါဠို** ပုရိသာ ကုတ္တိံ ဩဒနံ ပါစိတာ။
မြန်မာ ယောကျ်ားတို့သည် မိန်းမကို ထမင်းကို ချက်စေကြ၏။

မှတ်ချက်။ ။ ကတ္တားဟောကာရိတ်ဝါကျကို ဟေတုကတ္တားဟောဝါကျဟုလည်း ခေါ်၏။

ပထမနေ့

၁။ မာတာ ဓီတရံဩဒနံ ပါစိတာ။
၂။ ဖခင်သည် သားကို အိမ်ကို ဆောက်လုပ်စေ၏။
၃။ ဖခင်တို့သည် သားကို အိမ်ကို ဆောက်လုပ်စေကြ၏။

ဒုတိယနေ့

၁။ ဘာတာ ကနိဋ္ဌံ ယာစကာနံ ဩဒနံ ဒါပကော။
၂။ ဆရာသည် တပည့်ကို တရားကို ပွားများစေ၏။
၃။ နွားကျောင်းသားသည် နွားကို မြက်ကို စားစေ၏။

http://www.dhammadownload.com

တတိယနေ့

၁။ ဗုဒ္ဓေါ ဇနံ ဓမ္မံ ဗောဓေတာ။

၂။ ရဟန်းသည် ကိုရင်ကို စေတီတော်အား ပန်းကိုလျှစေ၏။

၃။ တပည့်သည် ဆရာကို သည်းခံစေ၏။

အမှတ် (၆) သင်ခန်းစာ

ကိတ်ကံဟောကာရိတ်ဝါကျရေးနည်း

၁။ ကံဟောကာရိတ်ဝါကျ၌-

(က) ကတ္တားပုဒ်ကို တတိယာဝိဘတ်ဖြင့် ရေးရ၏။

(ခ) ကာရိတ်ကံ (ဝုတ္တကံ) ကို ပထမာဝိဘတ်ဖြင့် ရေးရ၏။

(ဂ) ဓာတ်ကံကို ဒုတိယာဝိဘတ်ဖြင့် ရေးရ၏။

(ဃ) ကာရိတ်ကြိယာပုဒ်ကို ဏော၊ ဏာယ၊ ဏာပေ၊ ဏာပယ လေးပစ္စည်းတွင် တစ်ခုခုဖြင့် ရေးရ၏။

(င) ကြိယာပုဒ်ကို ကာရိတ်ကံပုဒ်နှင့် လိင်၊ ဝိဘတ်၊ ဝုစ် တူအောင် ရေးရ၏။

၂။ ကာရိတ်ကြိယာပုဒ်ကို "လုပ်စေအပ်၏၊ ချက်စေအပ်၏" စသည်ဖြင့် မြန်မာပြန်ရ၏။

၃။ ကြွင်းသောအချက်များကို အာချာတ်ကာရိတ်ဝါကျရေးနည်းအတိုင်း သိပါ။

http://www.dhammadownload.com

ပုံစံ။ ။ (က) ဘိက္ခုနံ့ာ ဓမ္မော ဘာဝိတော။
မြန်မာ။ ။ ရဟန်းသည် တရားကို ဖြစ်စေအပ်၏။

ပုံစံ။ ။ (ခ) ဘိက္ခုနံ့ာ ဓမ္မာ ဘာဝိတာ။
မြန်မာ။ ။ ရဟန်းသည် တရားတို့ကို ဖြစ်စေအပ်ကုန်၏။

ပထမဓနေ့

၁။ မိတရာ မာတာ ခမာပိတာ။
၂။ ရဟန်းတို့သည် လူကို ကျောင်းကို ဆောက်လုပ်စေအပ်၏။
၃။ ဘိက္ခုနီသည် ညီမကို ဂါထာကို ရွတ်စေအပ်၏။

ဒုတိယဓနေ့

၁။ မာတရာ ဒါရကော နိပဇ္ဇာပိတော။
၂။ အဖေသည် သားကို ဝက်ကို သတ်စေအပ်၏။
၃။ အမေသည် သမီးကို ထမင်းကို ချက်စေအပ်၏။

တ္ဝာဒိပစ္စယန္တပုဒ်များ

အက္ကောသိတ္ဝာ-ဆဲ၍၊ ဂန္တ္ဝာ-သွား၍၊
အာပဇ္ဇိတ္ဝာ-ရောက်၍၊ စောရေတ္ဝာ-ခိုး၍၊
ဥပ္ပဇ္ဇိတ္ဝာ-ဖြစ်၍၊ ဆိန္နိတ္ဝာ-ဖြတ်၍၊
ကရိတ္ဝာ၊ ကတ္ဝာ-ပြု၍၊ ဇေတ္ဝာ၊ ဇိနိတ္ဝာ၊ ဇိတ္ဝာ-အောင်၍၊
ကိဏိတ္ဝာ-ဝယ်၍၊ ဥတ္ဝာ-သိ၍၊
ကုဇ္ဈိတ္ဝာ-စိတ်ဆိုး၍၊ သိဋ္ဌိတ္ဝာ-ချုပ်၍၊

http://www.dhammadownload.com

အမှတ် (၇)၊ သင်ခန်းစာ
တွာဒိ ပစ္စယန္တပုဒ်ရေးနည်း

၁။ တွာ၊ တွာန၊ တုန ပစ္စည်းအဆုံးရှိသောပုဒ်ကို တွာဒိ ပစ္စယန္တပုဒ် ဟု ခေါ်၏။

၂။ ပုဗ္ဗကာလကြိယာပုဒ်၊ အပရကာလကြိယာပုဒ်၊ သမာနကာလကြိယာပုဒ်၊ လက္ခဏကြိယာပုဒ်၊ ဟေတွတ္ထကြိယာပုဒ်တို့ကို တွာ၊ တွာန၊ တုန ပစ္စည်းများဖြင့် ရေးရ၏။

၃။ ဝါကျတစ်ခုတည်း၌ ကတ္တားတူကြိယာပုဒ် နှစ်မျိုးရှိရာတွင် လုပ်ငန်းအားဖြင့် ရှေးကျသောကြိယာကို ပုဗ္ဗကာလကြိယာဟု ခေါ်၏။

၄။ ပုဗ္ဗကာလကြိယာပုဒ်ကို ၍၊ ပြီး၊ ပြီး၍၊ ပြီးနောက်၊ ပြီးမှ၊ ပြီးကာ၊ ပြီးတော့၊ ပြီးလျှင် စသည်ဖြင့် မြန်မာပြန်ရ၏။

ပုံစံ။ ။ ပုရိသော ဘတ္တံ ဘုဉ်္ဇိတွာ သယတိ။

မြန်မာ။ ။ ယောကျ်ားသည် ထမင်းစားပြီး၍ အိပ်၏။

ရှင်း။ ။ ထမင်းစားခြင်းကြိယာသည် သယတိ (အိပ်ခြင်း) ကြိယာထက် ရှေ့ကျသောကြောင့် ပုဗ္ဗကာလကြိယာမည်၏။

၅။ ကြိယာပုဒ်နှစ်မျိုးရှိရာတွင် လုပ်ငန်းအားဖြင့် နောက်ကျသော ကြိယာကို အပရကာလကြိယာ ဟု ခေါ်၏။

၆။ အပရကာလကြိယာပုဒ်ကို ၍၊ လတ္တံ့ဖြစ်၍၊ မည်ဖြစ်၍ စသည်ဖြင့် မြန်မာပြန်ရ၏။ "ပြီး၍" ဟု အတိတ်သဲ့ မပြန်ရ။

http://www.dhammadownload.com

ပုံစံ။ ။ ပုရိသော ဒွါရံ ပိဒဟိတွာ နိက္ခမိ။

မြန်မာ။ ။ ယောကျ်ားသည် တံခါးကို ပိတ်မည်ဖြစ်၍ ထွက်ခဲ့ပြီ။

ရှင်း။ ။ ထွက်ပြီးမှ တံခါးကို ပိတ်ရသောကြောင့် ပိတ်ခြင်းကြိယာသည် နိက္ခမိ (ထွက်ခြင်း) ကြိယာထက် နောက်ကျ၏။ ထို့ကြောင့် အပရကာလကြိယာမည်၏။

၇။ ကြိယာပုဒ်နှစ်မျိုးလုံး ပြိုင်တူဖြစ်သော ကြိယာပုဒ်ကို သမာနကာလကြိယာ ဟု ခေါ်၏။

၈။ သမာနကာလကြိယာပုဒ်ကို ၍၊ ကာ၊ လျက်၊ ရင်း စသည်ဖြင့်မြန်မာပြန်ရ၏။

ပုံစံ။ ။ ဒါရကော ရောဒိတွာ မာဝတိ။

မြန်မာ။ ။ ကလေးသည် ငိုလျက် ပြေး၏။

ရှင်း။ ။ ငိုခြင်းကြိယာသည် ပြေးခြင်းကြိယာနှင့် ပြိုင်တူဖြစ်သောကြောင့် သမာနကာလကြိယာမည်၏။

၉။ ကြိယာပုဒ်နှစ်မျိုးတွင် မှတ်သားကြောင်းဖြစ်သော ကြိယာကို လက္ခဏာကြိယာ ဟု ခေါ်၏။

၁၀။ လက္ခဏာကြိယာပုဒ်ကို သော်၊ လသော်၊ သည်ရှိသော်၊ လျှင်၊ ရင်၊ က ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ မယံ သုတွာ ဇာနိဿာမ။

မြန်မာ။ ။ ငါတို့ကြားကြရသည်ရှိသော် သိကြပါလိမ့်မည်။

http://www.dhammadownload.com

၁၁။ အကြောင်းပြပုဒ်ကို ဟိတ်ပုဒ် ဟု ခေါ်၏။ ဤဟိတ်အနက်ပုံစံတွင် ကတ္တားပုဒ်နှစ်မျိုး ပါရှိရ၏။ ကတ္တားပုဒ်နှစ်မျိုးလုံးကို ထုံးစံအတိုင်း ပထမာဝိဘတ်ဖြင့်ပင် ရေးရ၏။

၁၂။ ဟိတ်အနက်၌ အသုံးပြုရသော တွာပစ္စယန္တကြိယာပုဒ်ကို "ကြောင့်" ဟု မြန်မာပြန်၍၊ ယင်း၏ကတ္တားပုဒ်ကို "၏" ဟု သမ္ဗာန်အနက် ပြန်ရ၏။

ပုံစံ။ ။ ဇဝနမွိ အနုပ္ပဇ္ဇိတ္တာ ဝေဠုဗ္ဗနမေဝ ပဝတ္တတိ။

မြန်မာ။ ။ ဇော၏ မဖြစ်ခြင်းကြောင့် ဝုဠ္ဠောသာ ဖြစ်ရ၏။

ရှင်း။ ။ အနုပ္ပဇ္ဇိတ္တာ ဟူသော ကြိယာပုဒ်၏ ကတ္တားကား ဇဝ နမွိတည်း။ ပဝတ္တတိ၏ ကတ္တားကား ဝေဠုဗ္ဗနမေဝ တည်း။ ဤသို့ ကတ္တားကွဲပြားပါသည်။

ပထမနေ့

၁။ အဟံ ကုက္ကုဋ္ဌံ ယာတေတ္တာ ပစာမိ။
၂။ ကိုရင်တို့သည် ဘုရားကို ရှိခိုးပြီးမှ အိပ်ကြ၏။
၃။ သင်သည် စိတ်ဆိုး၍ ကလေးကို ဆဲ၏။

ဒုတိယနေ့

၁။ ကဿကော နှာယိတ္တာ ခေတ္တံ ဂစ္ဆတိ။
၂။ အမေသည် တရားကို နာ၍ ဝမ်းမြောက်၏။
၃။ ကုန်သည်တို့သည် နွားကို ဝယ်၍ ရောင်းကြ၏။

http://www.dhammadownload.com

တတိယနေ့

၁။ ဂိလာနော ဘေသဇ္ဇံ ပိဝိတ္တာ ဝမတိ။
၂။ အလုပ်သမားသည် အလုပ်ကို လုပ်၍ ဥစ္စာကို ရ၏။
၃။ ငါတို့သည် ပန်းကို ခူး၍ ရောင်းကြမည်။

တုမာဒိပစ္စယန္တပုံစံများ

အနုဿရိတုံ-အောက်မေ့ခြင်းငှာ၊ ဆိန္ဒိတုံ-ဖြတ်ခြင်းငှာ၊
အဘိသခ်ရိတုံ-ပြုပြင်ခြင်းငှာ၊ ဇာယိတုံ၊ ဇနိတုံ-ဖြစ်ခြင်းငှာ၊
အနုဘဝိတုံ-ခံစားခြင်းငှာ၊ ဇေတုံ၊ ဇိနိတုံ-အောင်ခြင်းငှာ၊
အာပဇ္ဇိတုံ-ရောက်ခြင်းငှာ၊ ဉာတုံ-သိခြင်းငှာ၊
ဩက္ကမိတုံ-သက်ရောက်ခြင်းငှာ၊ တရိတုံ-ကူးခြင်းငှာ၊
ကတ္တုံ၊ ကာတုံ-ပြုခြင်းငှာ၊ ဒမေတုံ-ဆုံးမခြင်းငှာ၊
ခန္တုံ၊ ခနိတုံ-တူးခြင်းငှာ၊ ဒဒ္ဒု-ကြည့်ခြင်းငှာ၊
ဂန္တုံ-သွားခြင်းငှာ၊ ပါလေတုံ-စောင့်ရှောက်ခြင်းငှာ၊
စောရေတုံ-ခိုးခြင်းငှာ၊ ဘုဥ္ဇိတုံ-စားခြင်းငှာ၊
ကေတုံ၊ ကိဏိတုံ-ဝယ်ခြင်းငှာ၊ ဝိနိစ္ဆိတုံ-ဆုံးဖြတ်ခြင်းငှာ၊

အမှတ် (ဂ)၊ သင်ခန်းစာ

တုမာဒိပစ္စယန္တပုဒ်ရေးနည်း

၁။ တုံ၊ တဝေ၊ တုယေ၊ တာယေ ပစ္စည်းများအဆုံးရှိသောပုဒ်ကို တုမာဒိပစ္စယန္တပုဒ် ဟု ခေါ်၏။

http://www.dhammadownload.com

၂။ တုမာဒိပစ္စယန္တပုဒ်ကို ငှာ၊ ဖို့၊ ရန်၊ ဖို့ရန်၊ ဖို့ရာ ဟု မြန်မာပြန်ရ၏။

၃။ ကတ္တားတူကြိယာပုဒ်နှစ်မျိုးရှိရာတွင် ကျစ္ဆာအနက်ရှိသော ကွသု ဓါတ်၊ ကမုဓါတ်၊ အာပုဗ္ဗကခ်ဓါတ်၊ အဘိပုဗ္ဗ ကခ်ဓါတ်တို့နှင့် ယှဉ်ရာ ကြိယာပုဒ်ကိုလည်းကောင်း၊ အောက်၌ ဖော်ပြထားသော ထိုက်တန်ခြင်း အရဟတ္ထ စသော အနက်တို့နှင့် ယှဉ်ရာ ကြိယာပုဒ်ကိုလည်းကောင်း၊ တုံ၊ တဝေ၊ တုယေ၊ တာယေ ပစ္စည်းများဖြင့် ရေးရ၏။

ကျစ္ဆတ္ထပုံစံ။ ။ (က) ပုရိသော ပုညာနိ ကာတုံ (ကာတဝေ) ကျစ္ဆတိ။
မြန်မာပြန်။ ။ ယောကျ်ားသည် ကောင်းမှုတို့ကို ပြုခြင်းငှာ အလို ရှိ၏။

(ခ) ပုရိသော ဓမ္မံသောတုံ (သောတဝေ) ကာမေတိ။
ယောကျ်ားသည် တရားကို နာဖို့ရန် လိုလား၏။

(ဂ) ပုရိသော ဒါနံ ဒါတုံ (ဒါတဝေ) အာကခ်ိတိ။
ယောကျ်ားသည် အလှူကို လှူဖို့ရန် လိုလား၏။

(ဃ) ယောဓော ဝေရိ်ဓေတုံ (ဓေတဝေ) အဘိကခ်ိတိ။
စစ်သားသည် ရန်သူကို အောင်နိုင်ရန် လိုလား၏။

အရဟတ္ထပုံစံ။ ။ တွံရာဇာဘဝိတုံ အရဟသိ။
မြန်မာ။ ။ သင် မင်းဖြစ်ဖို့ရန် ထိုက်၏။

သတ္ထုက္က။ ။ ကမ္မကာရော ဓနာနိ လဒ္ဓုံသက္ကာ။
မြန်မာ။ ။ အလုပ်သမားသည် ဥစ္စာတို့ကို ရဖို့ရာ တတ်နိုင်၏။

http://www.dhammadownload.com

ဘဗွတ္ထ။ ။ သပ္ပုရိသော ပုညာနိ ကာတုံ ဘဗ္ဗော။
မြန်မာ။ ။ သူတော်ကောင်းသည် ကုသိုလ်တို့ကို ပြုထိုက်၏။

အနုစ္ဆဝိက။ ။ အနုစ္ဆဝိကော ဘဝံ ဒါနံ ပဋိဂ္ဂဟေတုံ။
မြန်မာ။ ။ အရှင်သည် အလှူကို ခံယူခြင်းငှာ လျောက်ပတ်၏။

အနုရူပ။ ။ ဣဒံ ကာတုံ အနုရူပံ။
မြန်မာ။ ။ ဤအရာကို ပြုခြင်းငှာ လျော်၏။

ယုတ္တ။ ။ ဒါနံ ဒါတုံ ယုတ္တံ။
မြန်မာ။ ။ အလှူကို ပေးခြင်းငှာ သင့်၏။

ဝဋ္ဋတိ။ ။ ဧဝံ ဝဋ္ဋတိ ဘာသိတုံ။
မြန်မာ။ ။ ဤသို့ ပြောဆိုသင့်၏။

ပဟောတိ။ ။ သာမဏေရော ဓမ္မံ ဒေသေတုံ ပဟောတိ။
မြန်မာ။ ။ ကိုရင်သည် တရားဟောခြင်းငှာ စွမ်းနိုင်၏။

ကပ္ပတိ။ ။ နဘိက္ခု ရုက္ခံ ဆိန္ဒိတုံ ကပ္ပတိ။
မြန်မာ။ ။ ရဟန်းသည် သစ်ပင်ကို ဖြတ်ခြင်းငှာ မအပ်။

ကာလ။ ။ ကာလော ဘုဥ္ဇိတုံ။
မြန်မာ။ ။ ဆွမ်းစားခြင်းငှာ အချိန်အခါတည်း။

သမယ။ ။ သမယော ဘုဥ္ဇိတုံ။
မြန်မာ။ ။ ဆွမ်းစားခြင်းငှာ အချိန်အခါတည်း။

ဝေလာ။ ။ ဝေလာ ဘုဥ္ဇိတုံ။
မြန်မာ။ ။ ဆွမ်းစားခြင်းငှာ အချိန်အခါတည်း။

http://www.dhammadownload.com

ပတ္ထဝစန။ ။ အလမေဝ ဒါနာနိ ဒါတုံ။
မြန်မာ။ ။ အလျှူတို့ကို ပေးလှူခြင်းငှာ စွမ်းနိုင်သည်သာ။

အမှာ။ ။ တာယေ၊ တုယေ ပစ္စည်းတို့ကို ပါဠိစာပေ၌ အသုံးနည်းလှ၏။ ပါဠိဝါကျရေးနည်းကို လေ့လာစ စာသင်သားများအတွက် လုံလောက်ပြီဟု ယူဆ၍ တာယေ၊ တုယေ နှင့်သက်ဆိုင်သော ပုံစံများကို ထုတ်မပြတော့။

ပထမနေ့

၁။ ကုမာရီ မံသံ ပစိတုံ ကျွစ္ဆတိ။
၂။ ကိုရင်သည် သင်္ကန်းကိုချုပ်ရန် လိုလား၏။
၃။ မိန်းမသည် အရဟတ္တဖိုလ်သို့ ရောက်ရန် စွမ်းနိုင်၏။

ဒုတိယနေ့

၁။ အာစရိယော သိဿံ ဩဝဒိတုံ အနုစ္ဆဝိကော။
၂။ ခိုးသူသည် ရဟန်းတို့၏ သင်္ကန်းတို့ကို ခိုးယူရန် ကျောင်းသို့ သွား၏။
၃။ လယ်သမားတို့သည် ထွန်ယက်ခြင်းငှာ လယ်သို့သွား၏။

တတိယနေ့

၁။ နု ဘိက္ခူနံ ဘူမိ ခနိတုံ ဝဋ္ဋတိ။
၂။ ဝိနည်းမိုရ်သည် အငြင်းပွားမှုကို ဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်၏။
၃။ ကုန်သည်တို့သည် အဝတ်တို့ကို ဝယ်ဖို့ရန် ရန်ကုန်မြို့သို့ သွားကြလိမ့်မည်။

http://www.dhammadownload.com

အခန်း (၂)

သဗ္ဗနာမ်နှင့် နာမဝိသေသနပုဒ်ရေးနည်း

သဗ္ဗနာမ်ပုဒ်

ကျွတ္ထိလိင်၊ ပုလ္လိင်၊ နပုလ္လိင် ဟူသော လိင်အားလုံး၊ ယောကျ်ား၊ မိန်းမ၊ စိတ်၊ သစ်ပင်၊ တော၊ တောင် စသော အနက်အားလုံးနှင့် သက်ဆိုင်သော သဒ္ဒါများကို "သဗ္ဗနာမ်" ဟု ခေါ်၏။ ယင်းသဗ္ဗနာမ်ပုဒ်သည် -

သဗ္ဗ၊ ကတရ၊ ကတမ၊ ကျွတရ၊ အည၊ အညတရ၊ အညတမ၊ ပုဗ္ဗ၊ ပရ၊ အပရ၊ ဒက္ခိဏ၊ ဥတ္တရ၊ အဓရ၊ ယ၊ တ၊ ဧတ၊ ကျွမ၊ အမု၊ ကိံ၊ ဧက၊ ဥဘ၊ ဥဘယ၊ ဒွိ၊ တိ၊ စတု၊ တုမ္ဟ၊ အမှ ဟူ၍ သဗ္ဗနာမ်ပေါင်း (၂၇) ပုဒ် ရှိ၏။

အုပ်စု (၆) မျိုး

သဗ္ဗနာမ်ပုဒ်တို့ကို အုပ်စုခွဲလျှင်

(၁) ယ-တ-ဧတ-ကျွမ-အမု ဟူသော တွဲဖက်သဒ္ဒါနှင့်အတူ အနက်ဟော "ပယောဂဝန္တ" သဗ္ဗနာမ်။

(၂) တုမ္ဟ-အမှ-(တ) ဟူသော တွဲဖက်သဒ္ဒါမပါဝဲ အနက်ဟော "ဝစန" သဗ္ဗနာမ်။

(၃) ကတရ-ကတမ-ကိံ ဟူသော မေးခွန်းအနက်ဟော "ပုစ္ဆာ" သဗ္ဗနာမ်။

(၄) ပုဗ္ဗ-ပရ-ဒက္ခိဏ-ဥတ္တရ-အဓရ ဟူသော အရပ်မျက်နှာအနက်ဟော "ဒိသာ" သဗ္ဗနာမ်။

http://www.dhammadownload.com

(၅) ဥဘ-ဥဘယ-ဒွိ-တိ-စတု-ပဉ္စ ဟူသော အရေအတွက်သခ်ၤာအ နက်ဟော "သခ်ၤာ" သဗ္ဗနာမ်။

(၆) သဗ္ဗ-ကတရ-အည-အညတမ-အပရ ဟူသော အလုံးစုံအနက် ဟော "သဗ္ဗ" သဗ္ဗနာမ်တို့ ဖြစ်ကုန်၏။

နာမ်စား

ယင်းသဗ္ဗနာမ်ပုဒ်တို့ကိုပင် နာမနာမ်တို့ကို တိုက်ရိုက်မသုံးလို၍ဖြစ် စေ၊ မေ့လျော့ရာ၌ဖြစ်စေ၊ နာမနာမ်များအစား အသုံးပြုသောကြောင့် "နာမ်စား" ဟု မြန်မာဝေါဟာရဖြင့် ခေါ်ဆိုကြသည်။

ထိုနာမ်စားသည် အမျိုးအမည်အားဖြင့်

၁။ ပုဂ္ဂလနာမ်စား — တုမှ-အမှ (တ)
၂။ နိဒဿနနာမ်စား — တ-ဧတ-ဣမ (အမု)
၃။ ပုစ္ဆာနာမ်စား — ကိ
၄။ အန္ဝယီနာမ်စား — ယ-တ ဟု လေးမျိုးရှိ၏။

အမှတ် (၁)၊ သင်ခန်းစာ

ပုဂ္ဂလနာမ်စားပုဒ်ရေးနည်း

၁။ လူ အရာဝတ္ထု ဟူသော နာမ်အစားသုံးစွဲသည့် တုမှ-အမှ (တ)-သဒ္ဒါ တို့ကို ပုဂ္ဂလနာမ်စား ဟု ခေါ်၏။ ထိုတွင် -

၂။ တုမှ-အမှ သဒ္ဒါတို့သည် လိင်သုံးပါးကြောင့် ရုပ်သွင်ပြောင်းလွဲမှု မရှိသ ဖြင့် လိင်သုံးပါးလုံးတို့၌ (တွံ-တုမ္ဟေ-အဟံ-မယံ) စသည်ဖြင့် ရုပ်တစ် မျိုးတည်းသာ ရှိကြ၏။

http://www.dhammadownload.com

၃။ တုမ္ဟ-အမ္ဟ သဒ္ဒါတို့ကို ပါဠိစီကုံးရာ၌ အနက်အားလျော်စွာနာမ်ဝိဘတ် (၇) မျိုးဖြင့် သင့်လျော်သလို စီကုံးနိုင်၏။

၄။ တုမ္ဟ သဒ္ဒါကို (သင်၊ နင်၊ မင်း၊ ရှင်၊ ခင်ဗျား၊ အရှင်ဘုရား) စသည်ဖြင့် မြန်မာပြန်ရ၏။

၅။ အမ္ဟ သဒ္ဒါကို. (ငါ၊ ကျွန်တော်၊ ကျွန်ုပ်၊ ကျွန်မ၊ ကျမ၊ တပည့်တော်) စသည်ဖြင့် မြန်မာပြန်ရ၏။

တုမ္ဟ သဒ္ဒါ ပထမာဝိဘတ်ပုံစံ

ပုံစံ။ ။ (က) တွံ ဩဒနံ ပစသိ
မြန်မာ။ ။ သင်သည် ထမင်းကို ချက်၏။

ပုံစံ။ ။ (ခ) တုမ္ဟေ ဗုဒ္ဓံ ဝန္ဒထ
မြန်မာ။ ။ သင်တို့သည် ဘုရားကို ရှိခိုးကြ၏။

ဒုတိယာဝိဘတ်ပုံစံ

ပုံစံ။ ။ (က) အာစရိယော တံ ပုစ္ဆတိ
မြန်မာ။ ။ ဆရာသည် သင့်ကို မေးနေ၏။

ပုံစံ။ ။ (ခ) ဒါရကော တုမ္ဟေ ဝန္ဒတိ
မြန်မာ။ ။ ကလေးသည် သင်တို့ကို ရှိခိုးနေ၏။

တတိယာဝိဘတ်ပုံစံ

ပုံစံ။ ။ (က) သမဏော တယာ သဒ္ဓိံ ဝိဟာရံ ဂစ္ဆတိ
မြန်မာ။ ။ ရဟန်းသည် သင်နှင့်အတူ ကျောင်းသို့ သွား၏။

http://www.dhammadownload.com

ပုံစံ။ ။ (ခ) ကဿကော တုမ္မေဟိ သဒ္ဒိံ ခေတ္တံ် ကသတိ
မြန်မာ။ ။ လယ်သမားသည် သင်တို့နှင့်အတူ လယ်ကိုထွန်၏။

စတုတ္ထိဝိဘတ်ပုံစံ

ပုံစံ။ ။ (က) မာတာ တုယ်ှ ဝတ္ထံ ဒေတိ
မြန်မာ။ ။ အမေသည် သင်အား အဝတ်ကို ပေး၏။
ပုံစံ။ ။ (ခ) ပုရိသော တုမှာကံ ပုပ္ဖာနိ ဒေတိ
မြန်မာ။ ။ ယောကျ်ားသည် သင်တို့အား ပန်းတို့ကို ပေး၏။

ပဉ္စမီဝိဘတ်ပုံစံ

ပုံစံ။ ။ (က) ဒါရိကာ တယာ အန္တရ ဓါယတိ
မြန်မာ။ ။ ကလေးမသည် သင်မှ ပုန်းကွယ်၏။
ပုံစံ။ ။ (ခ) သိသော တုမ္မေဟိ အန္တရ ဓါယတိ၊
မြန်မာ။ ။ တပည့်သည် သင်တို့မှ ပုန်းကွယ်၏။

ဆဋ္ဌိဝိဘတ်ပုံစံ

ပုံစံ။ ။ (က) စောရော တုယ်ှ စီဝရာနိ စောရေတိ
မြန်မာ။ ။ သူခိုးသည် အရှင်ဘုရား၏ သင်္ကန်းတို့ကို ခိုး၏။
ပုံစံ။ ။ (ခ) သူကရော တုမှာကံ ဥယျာနံ ဂစ္ဆတိ
မြန်မာ။ ။ ဝက်သည် သင်တို့၏ ဥယျာဉ်သို့ သွား၏။

http://www.dhammadownload.com

သတ္တမိဝိဘတ်ပုံစံ

ပုံစံ။ ။ (က) မနုဿော တယိ ပသီဒတိ
မြန်မာ။ ။ လူသည် အရှင်ဘုရား၌ ကြည်ညိုး၏။

ပုံစံ။ ။ (ခ) တုမှေသု တေလံ အတ္ထိ
မြန်မာ။ ။ သင်တို့၌ ဆီရှိ၏။

အမ္ဘသဒ္ဒါ ပထမာဝိဘတ်ပုံစံ

ပုံစံ။ ။ (က) အဟံ ဗုဒ္ဓံ ဝန္ဒာမိ
မြန်မာ။ ။ ငါသည် ဘုရားကို ရှိခိုး၏။

ပုံစံ။ ။ (ခ) မယံ ကမ္မံ ကရောမ
မြန်မာ။ ။ ငါတို့သည် အလုပ်ကို ပြုလုပ်ကြ၏။

ဒုတိယာဝိဘတ်ပုံစံ

ပုံစံ။ ။ (က) ယုဝတီ မံ ပဿတိ
မြန်မာ။ ။ အပျိုသည် ငါ့ကို ကြည့်၏။

ပုံစံ။ ။ (ခ) အာစရိယော အမှေ ပသံသတိ
မြန်မာ။ ။ ဆရာသည် ငါတို့ကို ချီးမွမ်း၏။

တတိယာဝိဘတ်ပုံစံ

ပုံစံ။ ။ (က) မာတာ မယာ သဒ္ဓိံ ဗုဒ္ဓံ ဝန္ဒတိ
မြန်မာ။ ။ အမေသည် ငါနှင့်အတူ ဘုရားကို ရှိခိုး၏။

http://www.dhammadownload.com

ပုံစံ။ ။ (ခ) တစ္ဆကော အမ္ဟေဟိ သဒ္ဒိဳ ရုက္ခံ ဆိန္ဒတိ
မြန်မာ။ ။ သစ်ရွေးသမားသည် ငါတို့နှင့်အတူ သစ်ပင်ကို ဖြတ်၏။

စတုတ္ထီဝိဘတ်ပုံစံ

ပုံစံ။ ။ (က) ယေဓော မယ္ဟံ အာဝုဓံ ဒေတိ
မြန်မာ။ ။ စစ်သားသည် ငါ့အား လက်နက်ကို ပေး၏။

ပုံစံ။ ။ (ခ) ကဿကော အမ္ဟာကံ တဏ္ဍုလံ ဒေတိ။
မြန်မာ။ ။ လယ်သမားသည် ငါတို့အား ဆန်ကို ပေး၏။

ပဉ္စမီဝိဘတ်ပုံစံ

ပုံစံ။ ။ (က) မာဏဝေါ မယာ သိပ္ပံ ဥဂ္ဂဏှာတိ
မြန်မာ။ ။ လူလင်သည် ငါမှ အတတ်ပညာကို သင်ယူ၏။

ပုံစံ။ ။ (ခ) သာမဏေရော အမ္ဟေဟိ အပေတိ
မြန်မာ။ ။ ကိုရင်သည် ငါတို့မှ ဖဲသွား၏။

ဆဋ္ဌီဝိဘတ်ပုံစံ

ပုံစံ။ ။ (က) မနုဿော မယ္ဟံ ဥပါဟနံ အက္ကမတိ
မြန်မာ။ ။ လူသည် ငါ၏ ဖိနပ်ကို နင်း၏။

ပုံစံ။ ။ (ခ) သပ္ပေါ အမ္ဟာကံ မစ္ဆံ ဂိလတိ
မြန်မာ။ ။ မြွေသည် ငါတို့၏ ငါးကို မျိုချ၏။

http://www.dhammadownload.com

သတ္တမိဝိဘတ်ပုံစံ

ပုံစံ။ ။ (က) မယိ ဓနံ အတ္ထိ
မြန်မာ။ ။ ငါ့မှာ ဥစ္စာ ရှိ၏။

ပုံစံ။ ။ (ခ) အမ္ဖေသု ဂေဟံ အတ္ထိ
မြန်မာ။ ။ ငါတို့မှာ အိမ် ရှိ၏။

၆။ တ သဒ္ဒါသည် (သော၊ သာ၊ တံ) စသည်ဖြင့် လိင်သုံးပါးတို့၌ ရုပ်သွင်ပြောင်းလွဲမှု ရှိ၏။

၇။ တ သဒ္ဒါကို လိင်အားလျော်စွာလည်းကောင်း၊ အနက်အားလျော်စွာလည်းကောင်း၊ နာမ်ဝိဘတ် (၇) မျိုးဖြင့် ပါဠိစီကုံးနိုင်၏။

၈။ တ သဒ္ဒါကို သူ၊ သူမ၊ ထိုစိတ် ဟု မြန်မာပြန်ရ၏။

တ သဒ္ဒါပထမာဝိဘတ်ပုံစံ

ပုံစံ။ ။ (က) သော ဘတ္တံ ဘုဉ္ဇတိ
မြန်မာ။ ။ သူသည် ထမင်းကို စား၏။

ပုံစံ။ ။ (ခ) တေ ဗုဒ္ဓံ ဝန္ဒန္တိ
မြန်မာ။ ။ သူတို့သည် ဘုရားကို ရှိခိုးကြ၏။

ပုံစံ။ ။ (ဂ) သာ ဩဒနံ ပစတိ
မြန်မာ။ ။ သူမသည် ထမင်းကို ချက်၏။

ပုံစံ။ ။ (ဃ) တာ ဝိဟာရံ ဂစ္ဆန္တိ
မြန်မာ။ ။ သူမတို့သည် ကျောင်းသို့ သွားကြ၏။

http://www.dhammadownload.com

ပုံစံ။ ။ (ဂ) တံ ကမ္မံ ကရောတိ
မြန်မာ။ ။ ထိုအမျိုးသည် အလုပ်ကို ပြုလုပ်၏။

ပုံစံ။ ။ (စ) တာနိ ကုသလံ ကရောန္တိ
မြန်မာ။ ။ ထိုအမျိုးတို့သည် ကုသိုလ်ကို ပြုလုပ်ကြ၏။

ဒုတိယာဝိဘတ်ပုံစံ

ပုံစံ။ ။ (က) အာစရိယော တံ ပုစ္ဆတိ
မြန်မာ။ ။ ဆရာသည် သူ့ကို မေး၏။

ပုံစံ။ ။ (ခ) ဒါရကော တေ ဝန္ဒတိ
မြန်မာ။ ။ ကလေးသည် သူတို့ကို ရှိခိုး၏။

ပုံစံ။ ။ (ဂ) ပုရိသော တံ ပဿတိ
မြန်မာ။ ။ ယောကျ်ားသည် သူမကို ကြည့်၏။

ပုံစံ။ ။ (ဃ) သမဏော တာ ပုစ္ဆတိ
မြန်မာ။ ။ ရဟန်းသည် သူမတို့ကို မေး၏။

ပုံစံ။ ။ (ဇ) သာမဏေရော ဘံ ဂစ္ဆတိ
မြန်မာ။ ။ ကိုရင်သည် ထိုအမျိုးသို့ သွား၏။

ပုံစံ။ ။ (စ) ရာဇာ တာနိ ဝဓေတိ
မြန်မာ။ ။ မင်းသည် ထိုအမျိုးတို့ကို သတ်၏။

တတိယာဝိဘတ်ပုံစံ

ပုံစံ။ ။ (က) သသုရော တေန သဒ္ဓိံ ဥယျာနံ ဂစ္ဆတိ
မြန်မာ။ ။ ယောကျမသည် သူနှင့်အတူ ဥယျာဉ်သို့ သွား၏။

http://www.dhammadownload.com

ပုံစံ။ ။ (ခ) ကနိဋ္ဌော တေဟိ သဒ္ဒိံ ဂိတံ ဂါယတိ
မြန်မာ။ ။ ညီငယ်သည် သူတို့နှင့်အတူ သီချင်းကို သီဆို၏။

ပုံစံ။ ။ (ဂ) သာလော တာယ သဒ္ဒိံ ဂါမာ နဂရံ သင်္ကမတိ
မြန်မာ။ ။ ယောက်ဖသည် သူမနှင့်အတူ ရွာမှ မြို့သို့ပြောင်း ရွှေ့၏။

ပုံစံ။ ။ (ဃ) ဝါဏိဇော တာဟိ သဒ္ဒိံ ဝါဏိဇံ့ ကရောတိ
မြန်မာ။ ။ ကုန်သည်သည် သူမတို့နှင့်အတူ ကုန်သွယ်မှုကို ပြု၏။

ပုံစံ။ ။ (ဌ) ဂေါပါလော တေန သဒ္ဒိံ ဝသတိ
မြန်မာ။ ။ နွားကျောင်းသားသည် ထိုအမျိုးနှင့်အတူ နေ၏။

ပုံစံ။ ။ (စ) ဒါသော တေဟိ သဒ္ဒိံ နှာယတိ
မြန်မာ။ ။ ကျွန်သည် ထိုအမျိုးတို့နှင့်အတူ ရေချိုး၏။

စတုတ္ထီဝိဘတ်ပုံစံ

ပုံစံ။ ။ (က) ဝေဇ္ဇော တဿ ဘေသဇ့ံ ဒေတိ
မြန်မာ။ ။ ဆေးဆရာသည် သူ့အား ဆေးကို ပေး၏။

ပုံစံ။ ။ (ခ) ဣတ္ထီ တေသံ ကုဒါလံ ဒေတိ
မြန်မာ။ ။ မိန်းမသည် သူတို့အား ပေါက်တူးကို ပေး၏။

ပုံစံ။ ။ (ဂ) သာမိကော တဿာ ဖလာနိ ဒေတိ
မြန်မာ။ ။ လင်သည် သူမအား သစ်သီးတို့ကို ပေး၏။

ပုံစံ။ ။ (ဃ) သမဏော တာသံ ဓမ္မံ ဒေသေတိ
မြန်မာ။ ။ ရဟန်းသည် သူမတို့အား တရားကို ဟော၏။

http://www.dhammadownload.com

ပုံစံ။ ။ (ဂ) ကမ္မကာရော တဿ ဆတ္တံ့ ဒေတိ
မြန်မာ။ ။ အလုပ်သမားသည် ထိုအမျိုးအား ထီးကို ပေး၏။

ပုံစံ။ ။ (စ) သာမဏေရော တေသံ ဓမ္မံ ဒေသေတိ
မြန်မာ။ ။ ကိုရင်သည် ထိုအမျိုးတို့အား တရားကို ဟော၏။

ပဉ္စမီဝိဘတ်ပုံစံ

ပုံစံ။ ။ (က) ဘရိယာ တမှာ နိက္ခမတိ
မြန်မာ။ ။ မယားသည် သူမှ ထွက်သွား၏။

ပုံစံ။ ။ (ခ) ပုရိသော တေဟိ အန္တရဓာယတိ
မြန်မာ။ ။ ယောကျ်ားသည် သူတို့မှ ပုန်းကွယ်၏။

ပုံစံ။ ။ (ဂ) ဒါရကော တာယ အန္တရဓာယတိ
မြန်မာ။ ။ ကလေးသည် သူမမှ ပုန်းကွယ်၏။

ပုံစံ။ ။ (ဃ) ယောဓော တာဟိ နိက္ခမတိ
မြန်မာ။ ။ စစ်သားသည် သူမတို့မှ ထွက်သွား၏။

ပုံစံ။ ။ (ဇ) သမဏော တမှာ အပေတိ
မြန်မာ။ ။ ရဟန်းသည် ထိုအမျိုးမှ ဖဲသွား၏။

ပုံစံ။ ။ (စ) ကမ္မကာရော တေဟိ နိက္ခမတိ
မြန်မာ။ ။ အလုပ်သမားတို့သည် ထိုအမျိုးတို့မှ ထွက်သွား၏။

ဆဋ္ဌီဝိဘတ်ပုံစံ

ပုံစံ။ ။ (က) ကေဝဋ္ဋော တဿ ပုတ္တံ ဂရဟတိ
မြန်မာ။ ။ ရေလုပ်သားသည် သူ၏သားကို ကဲ့ရဲ့၏။

http://www.dhammadownload.com

ပုံစံ။ ။ (ခ) အဇပါလာ တေသံအဇံ ပါလေန္တိ
မြန်မာ။ ။ ဆိတ်ကျောင်းသားများသည် သူတို့၏ဆိတ်ကို စောင့်ရှောက်၏။

ပုံစံ။ ။ (ဂ) ကုမာရိကာ တဿာ ရူပံ မာနေတိ
မြန်မာ။ ။ သူငယ်မသည် သူ၏အဆင်းကို မြတ်နိုး၏။

ပုံစံ။ ။ (ဃ) ဣတ္ထိယော တာသံ ဝတ္ထာနိ မောဝေန္တိ
မြန်မာ။ ။ မိန်းမတို့သည် သူမတို့၏ အဝတ်တို့ကို ဖွပ်လျှော်ကြ၏။

ပုံစံ။ ။ (ဌ) ကုလပုတ္တော တဿ ဂုဏံ ရက္ခတိ
မြန်မာ။ ။ အမျိုးကောင်းသားသည် ထိုအမျိုး၏ဂုဏ်ကို စောင့်ရှောက်၏။

ပုံစံ။ ။ (စ) ဝေါပါလော တေသံ ဂါဝေါ ပါလေတိ
မြန်မာ။ ။ နွားကျောင်းသားသည် ထိုအမျိုးတို့၏ နွားတို့ကို စောင့်ရှောက်၏။

သတ္တမီဝိဘတ်ပုံစံ

ပုံစံ။ ။ (က) တသ္မိံ ဗိဠာရော အတ္ထိ
မြန်မာ။ ။ သူမှာ ကြောင်ရှိ၏။

ပုံစံ။ ။ (ခ) တေသု ဥယျာနံ အတ္ထိ
မြန်မာ။ ။ သူတို့မှာ ဥယျာဉ်ရှိ၏။

ပုံစံ။ ။ (ဂ) တဿံ မာလာ အတ္ထိ
မြန်မာ။ ။ သူမမှာ ပန်းရှိ၏။

http://www.dhammadownload.com

ပုံစံ။ ။ (ဃ) တာသု ဓည် အတ္ထိ
မြန်မာ။ ။ သူမတို့မှာ စပါးရှိ၏။
ပုံစံ။ ။ (င) တသ္မိ သီလံ အတ္ထိ
မြန်မာ။ ။ ထိုအမျိုး၌ သီလရှိ၏။
ပုံစံ။ ။ (စ) တေသု ရထော အတ္ထိ
မြန်မာ။ ။ ထိုအမျိုးတို့၌ ရထားရှိ၏။

ပထမနေ့

၁။ တုမ္ဟေ မံ ပဿထ။
၂။ ငါ၏ခွေးသည် သူမကို ကိုက်၏။
၃။ ငါတို့သည် ကျောင်း၌ သင်တို့အား တရားကို ဟောကြ၏။
၄။ သင်၏ တပည့်တို့သည် ငါ၏ကြက်ကို ခိုးကြ၏။

ဒုတိယနေ့

၁။ သာ တုယ္ဟံ ဂေဟံ ရထေန ဂစ္ဆတိ။
၂။ သူမ၏သားသည် ငါ၏နွားကို စောင့်ရှောက်၏။
၃။ အလုပ်သမားတို့သည် ငါတို့၏ ရေကန်ကို တူးကြလိမ့်မည်။
၄။ သူမတို့၏ ဦးခေါင်း၌ ပန်းများရှိကြ၏။

တတိယနေ့

၁။ အဟံ တဿာ ဥဿု ခါဒါမိ။
၂။ ကြက်သည် သင်၏ဆန်ကို စားခဲ့ပြီ။
၃။ သင်တို့သည် သူမတို့အား ပန်းကို ပေးကြလော့။
၄။ ငါတို့သည် သင်တို့၏ ရန်သူတို့ကို ဖမ်းယူကြမည်။

http://www.dhammadownload.com

အမှတ် (၂) သင်ခန်းစာ

နိဒဿန နာမ်စားပုဒ်ဓရုနည်း

၁။ ထိုလူ၊ ထိုစိတ် စသည်ဖြင့် မိမိနှင့်တွဲစပ်သော နာမ်ပုဒ်ကို ညွှန်ပြသော ကြောင့် ယ၊ ထ၊ ဧတ၊ က္ကမ၊ အမှ၊ သဒ္ဒါ တို့ကို နိဒဿန နာမ်စား ဟု ခေါ်၏။

၂။ မိမိနှင့်တွဲစပ်နေသော နာမ်ပုဒ်ကို အထူးပြုသောကြောင့် ယင်းတို့ကိုပင် နာမဝိသေန ဟုလည်း ခေါ်ကြ၏။

၃။ မိမိနှင့်တွဲစပ်နေသော ဝိသေသျပုဒ်နှင့် လိင်၊ ဝိဘတ်၊ ဝုစ် တူသော ကြောင့် ယင်းတို့ကို တုလျာဓိကရဏ ဝိသေသန ဟု ခေါ်၏။

၄။ ထို ယ၊ တ၊ ဧတ၊ က္ကမ၊ သဒ္ဒါ တို့ကို အခြားနာမ်ပုဒ်များနှင့် မတွဲစပ်ဘဲ သုံးလျှင် ပုဂ္ဂလနာမ်စား ဟု မှတ်၍ အခြားနာမ်၊ နာမ်စားများနှင့် တွဲစပ်လျှင် နိဒဿန နာမ်စား (နာမဝိသေသန) ဟု မှတ်ရမည်။

၅။ နိဒဿန နာမ်စား (နာမဝိသေသန) ပုဒ်တို့ကို ပါဠိစီကုံးသောအခါ တွဲစပ်ရမည့် ဝိသေသျပုဒ်နှင့် လိင်၊ ဝိဘတ်၊ ဝုစ် တူစေရမည်။

၆။ (က) ယ သဒ္ဒါသည် မသတ်မှတ်ရသေးသော အနက်ကို ဟော၏။ ယင်း "ယ" သဒ္ဒါကို "အကြင်" ဟု မြန်မာပြန်ရ၏။

(ခ) တ သဒ္ဒါသည် မျက်ကွယ်အနက်ကို ဟော၏။ ယင်း "တ" သဒ္ဒါကို (ထို၊ အဲဒီ) ဟု မြန်မာပြန်ရ၏။

(ဂ) ဧတ သဒ္ဒါသည် အနီးအနက်ကို ဟော၏။ ယင်း "ဧတ" သဒ္ဒါကို (ဤ၊ အဲဒီ၊ အဲဟို) ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

မှတ်ချက်။ ။ ပါဠိသဒ္ဒါအသုံးအနှုန်းစာအုပ်၌ "ထို" ဟု မြန်မာပြန်ထား၏။

(ဃ) ကျမ သဒ္ဒါသည် အလွန် အနီးအနက်ကို ဟော၏။ ယင်း "ကျမ" သဒ္ဒါကို (ဤ၊ ဒီ၊ ဟောဒီ) ဟု မြန်မာပြန်ရ၏။

(င) အမု သဒ္ဒါသည် အဝေးအနက်ကို ဟော၏။ ယင်းအမု သဒ္ဒါကို (ထို၊ ဟို၊ ဟောဟို) ဟု မြန်မာပြန်ရ၏။

ပုံစံများ

၁။ **ယ သဒ္ဒါ**။ ။ (က) ယော နရော ကုသလံ ကရောတိ (ပုလ္လိင်)
မြန်မာ။ ။ အကြင်လူသည် ကုသိုလ်ကို ပြုလုပ်၏။

(ခ) ယာ ကညာ ပုပ္ဖံ ဩစိနာတိ (ကျတ္ထိလိင်)
မြန်မာ။ ။ အကြင်မိန်းကလေးသည် ပန်းကို ဆွတ်ခူး၏။

(ဂ) ယံ စိတ္တံ ကိလေသေဟိ ဝိမုစ္စတိ (နပုလ္လိင်)
မြန်မာ။ ။ အကြင်စိတ်သည် ကိလေသာတို့မှ လွတ်မြောက်၏။

၂။ **တ သဒ္ဒါ**။ ။ (က) သောနရော ကမ္မံ ကရောတိ
မြန်မာ။ ။ ထိုလူသည် အလုပ်ကို လုပ်၏။

(ခ) သာ ကညာ ဗုဒ္ဓံ ဝန္ဒတိ
မြန်မာ။ ။ ထိုမိန်းကလေးသည် ဘုရားကို ရှိခိုး၏။

(ဂ) တံ စိတ္တံ ပါပသ္မိံ ရမတိ
မြန်မာ။ ။ ထိုစိတ်သည် မကောင်းမှု၌ မွေ့လျော်၏။

http://www.dhammadownload.com

၃။ **ဧတ သဒ္ဒါ**။ ။ (က) ဧသော နရော နဂရံ ဂစ္ဆတိ
မြန်မာ။ ။ ဤလူသည် မြို့သို့ သွား၏။

(ခ) ဧသော ကညာ ဘတ္တံ ပစတိ
မြန်မာ။ ။ ဤမိန်းကလေးသည် ထမင်းကို ချက်၏။

(ဂ) ဧတံ စိတ္တံ အာရမ္မဏံ ဝိဇာ နာတိ
မြန်မာ။ ။ ဤစိတ်သည် အာရုံကို သိ၏။

၄။ **ကမ သဒ္ဒါ**။ ။ (က) အယံ ဝေဇ္ဇော ဂိလာနံ တိကိစ္ဆတိ
မြန်မာ။ ။ ဤဆေးဆရာသည် လူနာကို ဆေးကု၏။

(ခ) အယံ ကတ္ထိ ဂေဟံ ပဝိသတိ
မြန်မာ။ ။ ဤမိန်းမသည် အိမ်သို့ ဝင်၏။

(ဂ) ကဒံ စိတ္တံ အာရမ္မဏေ ရမတိ
မြန်မာ။ ။ ဤစိတ်သည် အာရုံ၌ မွေ့လျော်၏။

၅။ **အမု သဒ္ဒါ**။ ။ (က) အသု ပုရိသော ပိတရံ ဝန္ဒတိ
မြန်မာ။ ။ ထိုယောကျ်ားသည် အဖေကို ရှိခိုး၏။

(ခ) အသု ကတ္ထိ ဝိဟာရံ ဂစ္ဆတိ
မြန်မာ။ ။ ထိုမိန်းမသည် ကျောင်းသို့ သွား၏။

(ဂ) အဒုံ ကုလံ ဓမ္မံ ရက္ခတိ
မြန်မာ။ ။ ထိုအမျိုးသည် တရားကို စောင့်ရှောက်၏။

ပထမနေ့

၁။ သာမာတာ ပုတ္တံ မာနေတိ
၂။ အကြင်ဆရာသည် တပည့်ကို ဆုံးမ၏။

http://www.dhammadownload.com

၃။ ထိုကျားသည် ဤမိန်းမကို ကိုက်၏။
၄။ ဤမျောက်မသည် သစ်ပင်သို့ တက်၏။

ဒုတိယနေ့

၁။ ဧသော သုနခေါ ကုက္ကုဠံ ခုံသတိ။
၂။ ဤမိန်းမတို့သည် ဤဥယျာဉ်၌ နေကြ၏။
၃။ ထိုလယ်သမားတို့သည် နွားကို ဝယ်ကြ၏။
၄။ အကြင်မိန်းမတို့သည် လင်ယောကျ်ားကို မြတ်နိုးကြ၏။

တတိယနေ့

၁။ တာ ကညာယော ဝတ္ထာနိ သိဗ္ဗန္တိ။
၂။ လူအိုသည် ဤတရားပွဲ၌ တရားကို နာ၏။
၃။ ယောက်ဖသည် ထိုသူတောင်းစားတို့အား ထမင်းကို ပေး၏။
၄။ ငါ၏ အစ်ကိုကြီးသည် ဤအရပ်မှ ထွက်သွား၏။

အမှတ် (၃) သင်ခန်းစာ

ပဋ္ဌာနာမ်စားပုဒ်ရေးနည်း

၁။ အမေးဝါကျများ၌ အသုံးပြုပြီးလျှင် အဘယ်သူ၊ အဘယ်အရာ စသည်ဖြင့် ပုဂ္ဂိုလ်၊ အရာဝတ္ထုတို့ကို ကိုယ်စားပြုသောကြောင့် လိင်အားလျော်စွာ ကော၊ ကာ၊ ကိ ဟူသော ပုဒ်တို့ကို ပဋ္ဌာနာမ်စား ဟုခေါ်၏။

၂။ ပဋ္ဌာနာမ်စား (နာမ်ကိ) ပုဒ်ပါရှိသော ဝါကျကို မြန်မာပြန်သောအခါ "ဘယ်သူသွားသနည်း၊ ဘာကိုစားသလဲ" စသည်ဖြင့် (နည်း၊ လဲ) ဟုထည့်သွင်း၍ မြန်မာပြန်ရ၏။

http://www.dhammadownload.com

၃။ စာသုံးၦ် (နည်း) ဟု မြန်မာပြန်၍ စကားသုံးၦ် (လဲ) ဟု မြန်မာပြန်ရ၏။

၄။ မြန်မာပြန်သောအခါ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကာလသုံးပါးနှင့် လျော်အောင် မြန်မာပြန်ရ၏။

၅။ ပုဒ္ဓာနာမ်စား (နာမ်ကိ) ပုဒ်ကို မေးလိုသောနေရာ၌ထား၍ လိင်သုံးပါး၊ ဝိဘတ်ခုနစ်မျိုး၊ ဝုစ်နှစ်ပါးဖြင့် ရေးနိုင်၏။

၆။ ပုဒ္ဓာနာမ်စား (နာမ်ကိ) ပုဒ်ကို အခြားနာမ်၊ နာမ်စားပုဒ်တို့နှင့် တွဲစပ်၍ သော်လည်းကောင်း၊ မတွဲစပ်ပဲသော်လည်းကောင်း ရေးနိုင်၏။

၇။ အခြားနာမ်၊ နာမ်စားပုဒ်များနှင့် တွဲစပ်အသုံးပြုသောအခါ တွဲဖက်ပုဒ်နှင့် လိင်၊ ဝိဘတ်၊ ဝုစ် တူစေရမည်။

ပုံစံ။ ။ (က) ကော ဩဒနံ ဘုဉ္ဇတိ။ (ကတ္တားကိုမေး)

မြန်မာ။ ။ အဘယ်သူသည် ထမင်းကို စားသနည်း။

(ခ) သုနခေါ ကံ ဆုံသတိ။ (ကံကိုမေး)

မြန်မာ။ ။ ခွေး ဘယ်သူ့ကို ကိုက်သလဲ။

(ဂ) ပုရိသော ကေန ဂစ္ဆတိ။

မြန်မာ။ ။ ယောကျ်ား ဘာနဲ့ သွားသလဲ။

မှတ်ချက်။ ။ (က) ပုဒ္ဓာနာမ်စားကို သဒ္ဒါနည်းအရ နာမ်ကိုဟုလည်း ခေါ်ကြ၏။

(ခ) ကတရ၊ ကတမ၊ ကီဒိသ၊ ကိတ္တက သဒ္ဒါများလည်း ပုဒ္ဓာနာမ်စား (နာမ်ကိ) ပုဒ်ရေးနည်းနှင့် တူကြ၏။

http://www.dhammadownload.com

ပထမနေ့

၁။ ကော နဂရံ ဂစ္ဆတိ။
၂။ အဘယ်သူမတို့သည် ပန်းကို ခူးကြသနည်း။
၃။ သမီးသည် ဘယ်သူ၏ အထံသို့ စာကိုရေးသနည်း။
၄။ သင်တို့သည် ဘယ်အရပ်၌ နေကြသနည်း။

ဒုတိယနေ့

၁။ အမ္ဟာကံ ဂါဝေါ ကေသံ သဿာနိ ခါဒန္တိ။
၂။ ဆရာသည် ဘယ်သူတို့ကို မေးနေသလဲ။
၃။ သစ်ရွေသမားသည် ဘယ်သူမအား သစ်သားတို့ကို ပေးသနည်း။
၄။ အလုပ်သမားတို့သည် ဘယ်သူတို့၏ တံတိုင်းကို ပြုလုပ်ကြသနည်း။

တတိယနေ့

၁။ တဿာ ပုတ္တော ကံ အက္ကောသတိ။
၂။ ခိုးသူတို့သည် ဘယ်အိမ်တို့ကို လုယက်ကြသနည်း။
၃။ သင် ဘယ်အရပ်မှ လာသနည်း။
၄။ ဥါကို ဘယ်သူ စိတ်ဆိုးသလဲ။

အမှတ် (၄) သင်ခန်းစာ

အနွယီနာမ်စားဝါကျရေးနည်း

၁။ မိမိနှင့် တွဲစပ်မည့်ပုဒ်၏အနက်သို့ အစဉ်လိုက်သောကြောင့် ယ၊ တ သဒ္ဒါတို့ကို အနွယီနာမ်စား ဟုခေါ်၏။

http://www.dhammadownload.com

၂။ ယ သဒ္ဒါသည် မည်သူဟု အတိအကျမသတ်မှတ်နိုင်သော အနိယမ အနက်ကို ဟော၏။

၃။ ယင်း ယ သဒ္ဒါကို အကြင် ဟု မြန်မာပြန်ရ၏

၄။ ယ သဒ္ဒါကို အများအားဖြင့် ဝါကျ၏အစ၌ ထားရ၏။

၅။ ယ သဒ္ဒါရှိလျှင် တ၊ ဧတ၊ ဣမ သဒ္ဒါတစ်ခုခု ပါရှိရ၏။

၆။ ယင်း တ၊ ဧတ၊ ဣမ တို့သည် ဤသူတည်း ဟု အတိအကျသတ်မှတ် ပြနိုင်ခြင်း နိယမအနက်ကို ဟောကြ၏။

၇။ ယင်း တ၊ ဧတ၊ ဣမ သဒ္ဒါတို့ကို ဝါကျ၏အစ၌ ထားရ၏။

၈။ တ သဒ္ဒါကို "ထို" ဟု လည်းကောင်း၊ ဧတ သဒ္ဒါကို "ဤ (ဟို)" ဟု လည်းကောင်း၊ ဣမ သဒ္ဒါကို "ဤ" ဟု လည်းကောင်း မြန်မာပြန်ရ၏။

၉။ ယ၊ တ သဒ္ဒါတို့သည် ရှေ့ဝါကျ၊ နောက်ဝါကျတို့၌ သင့်လျော်သလို နေကြ၏။ ပုံသေသတ်မှတ်ချက်မရှိ။

၁၀။ ယ၊ တ သဒ္ဒါတို့ကို လိင်သုံးပါး၊ နာမ်ဝိဘတ် (၇) မျိုး၊ ဝုစ်နှစ်မျိုးဖြင့် လိုအပ်သလို ပါဠိစီကုံးနိုင်၏။

၁၁။ ယ၊ တ သဒ္ဒါတို့တွင် ယ သဒ္ဒါ၌ဖြစ်စေ၊ တ သဒ္ဒါ၌ဖြစ်စေ တစ်ခုခု၌ သာ တွဲစပ်ရမည့်ပုဒ် ပါရှိစေရမည်။ (ယေဘုယျ)

၁၂။ တွဲစပ်ရမည့်ပုဒ်ပါရှိသောဝါကျ၌ ယ၊ တ သဒ္ဒါတို့ကို တွဲစပ်ရမည့်ပုဒ်နှင့် လိင်၊ ဝိဘတ် ဝုစ် တူစေရမည်။

၁၃။ အနိယမဝါကျ၊ နိယမဝါကျ ဟု နှစ်ဝါကျရှိရာတွင် နိယမဝါကျ၌ တ သဒ္ဒါကို နောက်ပုဒ်၏ လိင်၊ ဝိဘတ်၊ ဝုစ်အတိုင်း ရေးရမည်။

http://www.dhammadownload.com

၁၄။ မြန်မာဝါကျ၌ ယ၊ တ အသံမပါဝင်စေဘဲ ယ သဒ္ဒါယှဉ်စပ်ရာ ကြိယာ ပုဒ်ကို ဝိသေသနပြင်၍ မြန်မာပြန်ရ၏။

၁၅။ ယာဒိသော၊ တာဒိသော၊ ဧတာဒိသော၊ ဣဒိသော၊ ယတ္တကော၊ တတ္တကော၊ ဧတ္တကော သဒ္ဒါတို့သည် ယ၊ တ သဒ္ဒါတို့နှင့် ရေးထုံးတူကြ၏။

၁၆။ ယာဒိသောကို (အကြင်ကဲ့သို့သောသူသည်၊ အကြင်သူမျိုးသည်) ဟု မြန်မာပြန်ရ၏။

တာဒိသောကို (ထိုကဲ့သို့သောသူသည်၊ ထိုသူမျိုးသည်) ဟု မြန်မာပြန်ရ၏။

ဧတာဒိသော၊ ဣဒိသော ပုဒ်တို့ကို (ဤကဲ့သို့သောသူသည်၊ ဤသူမျိုးသည်) ဟု မြန်မာပြန်ရ၏။

ယတ္တကောကို (အကြင်မျှ အတိုင်းအရှည်ရှိသောသူသည်၊ အကြင်မျှလောက်သောသူသည်) ဟု မြန်မာပြန်ရ၏။

တတ္တကောကို (ထိုမျှလောက် အတိုင်းအရှည်ရှိသောသူသည်၊ ထိုမျှလောက်သောသူသည်) ဟု မြန်မာပြန်ရ၏။

ဧတ္တကောကို (ဤမျှအတိုင်းအရှည်ရှိသောသူသည်၊ ဤမျှလောက်သောသူသည်) ဟု မြန်မာပြန်ရ၏။

မှတ်ချက်။ ။ အနွယိနာမ်စားဝါကျကို ပါဋိသဒ္ဒါ၌ နိယမာ နိယမ ဝါကျ ဟု ခေါ်၏။

ယ ဒ္ဒ်တွဲစရာ မပါသောပုံစံ

ယော ဘိက္ခဝေ ရူပံ အဘိနန္ဒတိ၊ ဒုက္ခံသော အဘိနန္ဒတိ။[၁]

၁။ သံ-၂၊ ၂၆

http://www.dhammadownload.com

မြန်မာ။ ။ ရဟန်းတို့ ရုပ်ကို နှစ်သက်သောသူသည် ဆင်းရဲကို နှစ်သက်သည်၊ မည်၏။

တွဲစပ်ခရာပုဒ်ပါရှိသော ဝါကျပုံစံ

(က) ကွမေဘော ဂေါတမ ယံဒိဝါ ပါပကမ္မံ ကတံဟောတိ၊ တံသာယံ နှာနေန ပဝါဟေမိ။[၁]

မြန်မာ။ ။ အရှင်ဂေါတမ အကျွန်ုပ်သည် နေ့အချိန်၌ ပြုလုပ်သော မကောင်းမှုကို ညအချိန်၌ ရေချိုးခြင်းဖြင့် မျှောချပါ၏။

(ခ) ယော သော အာဝုသော ယမက ဘိက္ခု အရဟံ ခီဏာသဝေါ၊ သောကာယဿ ဘေဒါ ပရံ မရဏာ ကိံ ဟောတိ။[၂]

မြန်မာ။ ။ ငါ့ရှင် ယမက, ပူဇော်အထူးကို ခံတော်မူထိုက်သော ရဟန္တာ ရဟန်းသည် ခန္ဓာကိုယ်ပျက်စီးခြင်းကြောင့် သေလွန်ပြီးနောက်၌ အဘယ်သို့ ဖြစ်သနည်း။

(ဂ) ယော ပုရိသော ကမ္မံ ကရောတိ၊ တဿ ရာဇာဓနံ ဒေတိ။

မြန်မာ။ ။ အလုပ်လုပ်သော ယောကျ်ားအား မင်းသည် ဥစ္စာကို ပေး၏။

နောက်ပုဒ် လိင်၊ ဝိဘတ်၊ ဝုစ်အတိုင်းထားသောပုံစံ

(က) ယာ ခေါ ပန သာ ဘိက္ခဝေ ဥစ္ဆေဒဒိဋ္ဌိ၊ သခီရောသော။[၃]

၁။ သံ-၁၊ ၁၈၅ ၂။ သံ-၂၊ ၈၁

၃။ သံ-၂၊ ၈၁

http://www.dhammadownload.com

မြန်မာ။ ။ ရဟန်းတို့ အကြင်ဥစ္ဆေဒဒိဋ္ဌိသည် ရှိ၏။ ထိုဥစ္ဆေဒဒိဋ္ဌိသည် သခ်ၤါရ မည်၏။

(ခ) ယော လောဘော ဟောတိ၊ တံ အကုသလမူလံ။

မြန်မာ။ ။ အကြင်လောဘသည် ရှိ၏။ ထိုလောဘသည် အကုသလမူလတည်း။

မှတ်ချက်။ ။ နောက်နိယမဝါကျ၌ တသ္မါကို သခ်ၤါရော ဟူသော နောက်ပုဒ်၏ လိင်၊ ဝိဘတ်၊ ဝုစ်အတိုင်းထားသည်ကို သတိပြုပါ။

ပထမနေ့

၁။ ယော ပုရိသော အကုသလံ ကရောတိ၊ သော နိရယံ ဥပပဇ္ဇတိ။
၂။ အမေသည် ယောက်ျားကိုကြည့်သော သမီးကို ဆဲ၏။
၃။ ရဟန်းတို့အား ဆွမ်းကိုလှူသော လူတို့၏အိမ်သို့ ကိုရင်များ သွားကြ၏။

ဒုတိယနေ့

၁။ ယာ ဣတ္ထီ သာမိကံ ဝန္ဒတိ၊ သာသဂ္ဂံ ဥပပဇ္ဇိဿတိ။
၂။ အမေကို ရိုသေသောသားကို လူများက ချီးမွမ်းကြ၏။
၃။ အာရုံ၌မွေ့လျော်သောစိတ်ကို သူတော်ကောင်းတို့သည် ဆုံးမကြ၏။

တတိယနေ့

၁။ ယေ ကဿကာ ခေတ္တံ ကသန္တိ၊ တေသံ ရာဇာ ဗီဇာနိ ဒေတိ။

http://www.dhammadownload.com

၂။ ငိုနေသော ကလေးကို အမေသည် ရိုက်၏။
၃။ အလုပ်ကို လုပ်ကြသော မိန်းမတို့ကို လင်ယောကျ်ားတို့သည် မြတ်နိုးကြ၏။

အမှတ် (၅) သင်ခန်းစာ
နာမဝိသေသနပုဒ် ရေးနည်း

နာမ်နှင့် နာမ်စားပုဒ်တို့ကို အလားတူ ဖြပ်ဟောပုဒ်တို့ထက် ထူးခြားအောင် ပြုသောပုဒ်တို့ကို နာမဝိသေသန ဟုခေါ်၏။

ဥပမာ။ ။ "ပညာရှိသောဆရာ" ဟူသော စကားရပ်၌ "ပညာရှိသော" ဟူသော စကားရပ်သည် "ဆရာ" ဟူသော နာမ်ပုဒ်ကို အထူးပြု၏။ ထို့ကြောင့် "ပညာရှိသော" ဟူသောပုဒ်ကို နာမဝိသေသန ဟုခေါ်၏။

နာမဝိသေသနပုဒ်အပြား

ထိုနာမဝိသေသနပုဒ်သည်
(က) တုလျာဓိကရဏ ဝိသေသန
(ခ) ဘိန္နာနိကရဏ ဝိသေသန
(ဂ) အဘိန္န
(ဃ) သရူပ ဒဿန
(င) အင်္ဂဝိကာရ
(စ) ကုတ္ထမ္ဘူတ
(ဆ) ကာရက နာမဝိသေသန ဟူ၍ (၇) မျိုးပြား၏။

http://www.dhammadownload.com

တုလျာဓိကရဏ ဝိသေသန

၁။ အထူးပြုခံရသော ဝိသေသျပုဒ်နှင့် အရတူသော ဝိသေသနမူဒ်ကို တုလျာဓိကရဏဝိသေသန ဟုခေါ်၏။

၂။ ထိုတုလျာဓိကရဏဝိသေသနပုဒ်ကို -
သော၊ ထသော၊ သည်၊ တဲ့၊ သား၊ မည်၊ မဲ့ ဟု သင့်လျော်သလို မြန်မာပြန်ရ၏။ မြန်မာဘာသာ၌ ဝိသေသနပုဒ်သည် ဝိသေသျပုဒ်၏ ရှေ့နောက်နှစ်နေရာလုံးမှာ နေနိုင်၏။ ပါဠိဘာသာ၌ အများအားဖြင့် ဝိသေသျပုဒ်၏ ရှေ့မှာနေ၏။ ရံခါနောက်မှာလည်း နေ၏။

မြန်မာပြန်ပုံ

	ရှေ့ကနေပုံ	နောက်ကနေပုံ
(က)	ဖြူသောအဝတ် - ဖြူတဲ့အဝတ်	အဝတ်ဖြူ
(ခ)	ဝသောလူ - ဝတဲ့လူ	လူဝ
(ဂ)	လ့သောမိန်းမ - လ့တဲ့မိန်းမ	မိန်းမလ့

၃။ တုလျာဓိကရဏဝိသေသနပုဒ်ကို ဝိသေသျပုဒ်နှင့် လိင်၊ ဝိဘတ်၊ ဝုစ် တူစေရမည်။ ကာရန်တာအားဖြင့် တူ၊ မတူ ပဓာနမဟုတ်။

ပုံစံ။ ။ (က) ပဏ္ဍိတော ပုရိသော ကုသလံ ကရောတိ။ (ပုလ္လိင်)

မြန်မာ။ ။ ပညာရှိသော ယောကျ်ားသည် ကုသိုလ်ကို ပြုလုပ်၏။

http://www.dhammadownload.com

(ခ) ပဏ္ဍိဘာ ဣတ္ထီ ဓမ္မံ သုဏာတိ။ (ဣတ္ထိလိင်)

မြန်မာ။ ။ ပညာရှိသောမိန်းမသည် တရားကိုနာ၏။

(ဂ) ပဏ္ဍိတံ ကုလံ ဓမ္မံ စရတိ။ (နပုလ္လိင်)

မြန်မာ။ ။ ပညာရှိသော အမျိုးသည် တရားကို ကျင့်၏။

အကာရန္တ နာမဝိသေသနပုဒ်များ

၁။ အာမက = စိမ်းသော၊ ပက္က = မှည့် (ရင့်) သော၊
၂။ သီတ + သီတလ = အေးမြသော၊ ဥဏ္ဟ = ပူသော၊
၃။ ဒီဃ = ရှည်လျားသော၊ ရဿ = တိုသော၊
၄။ မဟလ္လက = အိုသော + ကြီးသော၊ ယုဝ = နုပျိုသော + ငယ်သော
၅။ နဝ = သစ်သော၊ ပုရာဏ = ဟောင်းသော၊
၆။ မဓုက = ချိုသော၊ အမ္ဗိလ = ချဉ်သော၊
၇။ ဇာလ = မိုက်သော၊ ပဏ္ဍိတ = ပညာရှိသော၊
၈။ ကုသလ = ကောင်းသော + ပါပ = ယုတ်မာသော + မကောင်းသော၊
လိမ္မာသော + ကျွမ်းကျင်သော၊
၉။ သုခ = ချမ်းသာသော၊ ဒုက္ခ = ဆင်းရဲသော၊
၁၀။ ဥစ္စ = မြင့်သော၊ ဟီန = ယုတ်ညံ့သော၊
၁၁။ သုက္က + သြဒါတ = ဖြူသော၊ နီလ + ကာဠ = ညိုသော + မည်းနက်သော၊
၁၂။ လောဟိတ + ရတ္တ = နီသော၊ ပီတ = ဝါသော၊
၁၃။ ဟရိတ + ပလာသ = စိမ်းသော၊ ကမ္မာသ = ပြောက်ကျားသော

http://www.dhammadownload.com

ဤကာရန္တဝိသေသနပုဒ်များ

နာမ်ပုဒ်	နာမဝိသေသန	အဓိပ္ပါယ်
ပါပ	ပါပီ	ယုတ်မာခြင်းရှိသော။
ဓမ္မ	ဓမ္မီ	တရားရှိသော။
သောက	သောကီ	စိုးရိမ်ခြင်းရှိသော။
မာန	မာနီ	ထောင်လွှားခြင်းရှိသော (မာန်ရှိသော)
ရောဂ	ရောဂီ	အနာရောဂါရှိသော၊ အနာရောဂါထူပြောသော။
ဧကစာရ	ဧကစာရီ	တစ်ဦးတည်းကျင့်လေ့ရှိသော။
ဧကဂ္ဃ	ဧကဂ္ဃီ	မျက်စိတစ်ဖက်သာရှိသော။
ဒဏ္ဍ	ဒဏ္ဍီ	တုတ်ရှိသော။

ဥ၊ ဦကာရန္တဝိသေသနပုဒ်များ

ဂရု	လေးလံသော။
လဟု	ပေါ့ပါးသော၊ လျင်မြန်သော။
ဗဟု	များပြားသော။
ဝိညူ	ပညာရှိသော။
ကတညူ	ကျေးဇူးသိသော။

သခ်္ဂါဝိသေသနပုဒ်များ

တစ်၊ နှစ်၊ သုံး စသည်ဖြင့် အရေအတွက်ကို ဖော်ပြသော ဧက၊ ဒွိ၊ တိ စသော နာမ်ပုဒ်တို့ကို "သခ်္ဂါနာမ်" ဟုခေါ်၏။ ထိုသခ်္ဂါနာမ်တို့

http://www.dhammadownload.com

သည် အခြားနာမ်တို့ကို အထူးပြု "သောကြောင့်" နာမဝိသေသန သဘော ရှိကုန်၏။

ဧက	- တစ်	ဒွါဒသ	- တစ်ဆယ့်နှစ်
ဒွိ	- နှစ်	တေရသ	- တစ်ဆယ့်သုံး
တိ	- သုံး	စတုဒ္ဒသ၊ စုဒ္ဒသ	- တစ်ဆယ့်လေး
စတု	- လေး	ပန္နရသ	- တစ်ဆယ့်ငါး
ပဉ္စ	- ငါး	သောဠသ	- တစ်ဆယ့်ခြောက်
ဆ	- ခြောက်	သတ္တရသ	- တစ်ဆယ့်ခုနစ်
သတ္တ	- ခုနစ်	အဋ္ဌာရသ	- တစ်ဆယ့်ရှစ်
အဋ္ဌ	- ရှစ်	ဧကူနဝီသတိ	- တစ်ဆယ့်ကိုး
နဝ	- ကိုး	ဝီသတိ	- နှစ်ဆယ်
ဒသ	- တစ်ဆယ်	သတ	- တစ်ရာ
ဧကာ ဒသ	- တစ်ဆယ့်တစ်	သဟဿ	- တစ်ထောင်

သဗ္ဗနာမ်ဝိသေသနပုဒ်များ

သဗ္ဗ	- အလုံးစုံ	ကတရ	- တစ်ပါးသော၊ သည့်ပြင်၊ ဒိပြင်။
ယ	- အကြင်	အညတရ	- တစ်ပါးပါးသော၊ သည့်ပြင်၊ ဒိပြင်။
တ	- ထို	အည	- တစ်ပါးသော၊ အခြားသော၊ သည့်ပြင်၊ ဒိပြင်။
ဧတ	- ဤ၊ အဲဟို၊ အဲဒီ။	တုမ္ဟ	- သင်။
ကိမ	- ဤ၊ သည်၊ ဒီ၊ ဟောဒီ။	အမ္ဟ	- ငါ။

http://www.dhammadownload.com

ဘိန္နာဓိကရဏဝိသေသန

၁။ ဝိသေသျပုဒ်နှင့် အရမတူသော ဝိသေသနပုဒ်ကို ဘိန္နာဓိကရဏ ဝိသေသနဟု ခေါ်၏။

၂။ ဘိန္နာဓိကရဏဝိသေသနပုဒ်ကို (အားဖြင့်) ဟု မြန်မာပြန်ရ၏။

၃။ ဘိန္နာဓိကရဏဝိသေသနပုဒ်ကို တတိယာဝိဘတ်ဖြင့် ရေးရ၏။ ဝိသေသျပုဒ်နှင့် ဝိဘတ်မတူစေရ။

ပုံစံ။ ။ (က) ဂေါတ္တေန ဂေါတမော နာထော။

မြန်မာ။ ။ ဘုရားရှင်သည် အနွယ်အားဖြင့် ဂေါတမ မည်တော်မူ၏။

အဘိန္နဝိသေသန

၁။ ဝိသေသျပုဒ်နှင့် အရမပြားသော ဝိသေသနပုဒ်ကို အဘိန္နဝိသေသန ဟုခေါ်၏။

၂။ အဘိန္နဝိသေသနပုဒ်ကို (အားဖြင့်) ဟု မြန်မာပြန်ရ၏။

၃။ အဘိန္နဝိသေသနပုဒ်ကို တတိယာဝိဘတ်၊ တောပစ္စည်းတို့ဖြင့် ရေးရ၏။

ပုံစံ။ ။ (က) အဘိမမ္မတ္ထာ ပရမတ္ထတော စတုဓာ။

မြန်မာ။ ။ အဘိမမ္မတ္ထတို့သည် ပရမတ္ထအားဖြင့် လေးပါးပြားကုန်၏။

သရူပဒဿနဝိသေသန

၁။ ဝိသေသျပုဒ်၏ သရုပ်ကို ထုတ်ပြသော ဝိသေသနပုဒ်ကို သရူပဒဿနဝိသေသန ဟုခေါ်၏။

http://www.dhammadownload.com

၂။ သရူပဒဿနဝိသေသနပုဒ်ကို (အားဖြင့်) ဟု မြန်မာပြန်ရ၏။
၃။ သရူပဒဿနဝိသေသနပုဒ်ကို တတိယာဝိဘတ်, တောပစ္စည်းတို့ဖြင့် ရေးရ၏။

ပုံစံ။ ။ (က) သောမနဿ သန္တိရဏံ သန္တိရဏာ တဒါရမ္မဏာ ဝသေန ဒုကိစ္စံ။

မြန်မာ။ ။ သောမနဿ သန္တိရဏာစိတ်သည် သန္တိရဏာကိစ္စ-တဒါရုံကိစ္စတို့၏ အပြားအားဖြင့် နှစ်ကိစ္စတပ်၏။

အင်္ဂဝိကာရဝိသေသန

၁။ ဖောက်ပြန်ချို့ယွင်းနေသော အင်္ဂါအစိတ်အပိုင်းဖြင့် အထူးပြုသော ဝိသေသနပုဒ်ကို အင်္ဂဝိကာရဝိသေသန ဟုခေါ်၏။
၂။ အင်္ဂဝိကာရဝိသေသနပုဒ်ကို (ဖြင့်၊ နဲ့) ဟု မြန်မာပြန်ရ၏။
၃။ အင်္ဂဝိကာရဝိသေသနပုဒ်ကို တတိယာဝိဘတ်ဖြင့် ရေးရ၏။

ပုံစံ။ ။ အက္ခိနာ ကာဏော နရော ကမ္မံ ကရောတိ။

မြန်မာ။ ။ မျက်စိဖြင့် ကန်းသော (မျက်စိအကန်းနဲ့) လူသည် အလုပ်ကို ပြုလုပ်၏။

ကတ္တုမ္မဿုတလက္ခဏဝိသေသန

၁။ ထူးခြားသော အရာဝတ္ထုဖြင့် မှတ်သား၍ အထူးပြုသော ဝိသေသနပုဒ်ကို "ကတ္တုမ္မဿုတလက္ခဏဝိသေသန" ဟုခေါ်၏။
၂။ ကတ္တုမ္မဿုတလက္ခဏဝိသေသနပုဒ်ကို (ဖြင့်၊ နဲ့) ဟု မြန်မာပြန်ရ၏။
၃။ ကတ္တုမ္မဿုတလက္ခဏဝိသေသနပုဒ်ကို တတိယာဝိဘတ်ဖြင့်ရေးရ၏။

http://www.dhammadownload.com

ပုံစံ။ ။ အလ္လေန-ဝတ္ထေန နရော ဩဒနံ ဘုဥ္ဇတိ။
မြန်မာ။ ။ စိုသောအဝတ်ဖြင့် (အဝတ်စိုကြီးနဲ့) လူသည် ထမင်းကို စား၏။

ကာရကဝိသေသန

၁။ ကာရကဖြစ်လျက် အယူးပြုသော ဝိသေသနပုဒ်ကို ကာရကဝိသေသန ဟုခေါ်၏။

၂။ ယင်းကာရကသည် သမ္ပဒါန၊ အပါဒါန၊ ဩကာသ ဟု သုံးမျိုးပြား၏။ သက်ဆိုင်ရာ ကာရကအနက်အတိုင်း ပါဠိစီကုံး၍ မြန်မာပြန်ပါလေ။

သမ္ပဒါနကာရကပုံစံ။ ။ မမ အတ္ထာယ စီဝရံ သုန္ဒရံ။
မြန်မာ။ ။ ငါ့အတွက် သင်္ကန်းသည် ကောင်း၏။ (ငါ၏အကျိုးငှာ ယက်ထားသော သင်္ကန်းသည် ကောင်း၏။)

အပါဒါနကာရကပုံစံ။ ။ ပုသိမ် နဂရတော သာမဏေရော ဓမ္မံ ဒေသေတိ။
မြန်မာ။ ။ ပုသိမ်မြို့မှ ကိုရင်သည် (ပုသိမ်မြို့မှ လာသော ကိုရင်သည်) တရားကို ဟော၏။

ဩကာသကာရကပုံစံ။ ။ ဂါမေ ဒါရကော မာတရံ ဝန္ဒတိ။
မြန်မာ။ ။ ရွာက ကလေးသည် (ရွာ၌နေသော ကလေးသည်) အမေကို ရှိခိုး၏။

http://www.dhammadownload.com

ပထမနေ့

၁။ သပ္ပုရိသာ ဩဒါတာနိ ဝတ္ထာနိ မာနေန္တိ။
၂။ ရဟန်းတို့သည် ဝါသောသက်နှံးကို နှစ်သက်ကြ၏။
၃။ ငါသည် အရွယ်အားဖြင့် ကြီး၏။
၄။ စိတ်၏အသက်သည် ဥပါဒ်ခဏ၊ ဌိခဏ၊ ဘင်ခဏ တို့၏ အပြားအားဖြင့် ခဏငယ်သုံးချက် ဖြစ်၏။

ဒုတိယနေ့

၁။ ဘိက္ခူ ကောယ သောကိနိယာ ဣတ္ထိယာ ဧကသ္မိံ ဂေဟေ ဥတ္တမံ ဓမ္မံ ဒေသေန္တိ။
၂။ ငါတို့၏ကျောင်း၌ ကိုရင်တို့သည် အရေအတွက်အားဖြင့် လေးပါး ရှိကြ၏။
၃။ သင်သည် အမျိုးဇာတ်အားဖြင့် ပြဟ္မဏတည်း။
၄။ မန္တလေးမြို့မှ မိန်းကလေးသည် အလွန်လှ၏။

တတိယနေ့

၁။ ဝီရာ စတ္တာရော ယောဓာ သင်္ဂါမေ သတ္ထုံ အရိုဟန္တိ။
၂။ သင်တို့သည် ဤနေရာမှ သည့်ပြင်နေရာသို့ သွားကြပါ။
၃။ ကျွန်တော်သည် အခြားအိမ်သို့ သွား၏။
၄။ ရန်ကုန်မြို့က ကိုရင်သုံးပါးတို့သည် ကမ္မဋ္ဌာန်းကို အားထုတ်ကြ၏။

http://www.dhammadownload.com

စတုတ္ထနေ့

၁။ ပိဋ္ဌိယာ ခုဇ္ဇော နရော မဂ္ဂေ ဓာဝတိ။
၂။ သင်္ကန်းအညိုနဲ့ ရဟန်းသည် ငါတို့၏ရွာသို့ လာ၏။
၃။ ခိုးသူတစ်ယောက်သည် မိန်းမသုံးယောက်တို့၏ အဝတ်အားလုံးကို ခိုး၏။
၄။ မိခင်အားလုံးသည် မိမိ၏ သားသမီးအားလုံးကို မွေးမြူ၏။

အခန်း (၃)

ပုစ္ဆာဝါကျရေးနည်း

နည်း၊ လဲ၊ လော၊ လား ဟူသော မေးခွန်းအနက်ပါရှိသောဝါကျကို ပုစ္ဆာဝါကျ ဟုခေါ်၏။ ယင်းပုစ္ဆာဝါကျသည် -

(၁) ပုစ္ဆာနာမ်စား (နာမ်ကိ) ဝါကျ
(၂) နိပါတ်ကိဝါကျ
(၃) ကစ္စိဝါကျ
(၄) ကထံဝါကျ
(၅) ဝိဘတ္တိပစ္စယန္တဝါကျ
(၆) ကိန္တိဝါကျ
(၇) ဝါကျ၏အစ၌ ပဓာနကြိယာပါသောဝါကျ
(၈) ပုစ္ဆနကြိယာပါသော အာကာရဝန္တဝါကျ
(၉) နု၊ နုခေါဝါကျ
(၁၀) နနု၊ နနုစဝါကျ

http://www.dhammadownload.com

(၁၁) အပိဝါကျ
(၁၂) ကြိယာပုဒ်နောက်က ပနပါသောဝါကျ
(၁၃) ကသ္မာဝါကျ
(၁၄) သစ္စံကိရဝါကျ
ဤသို့ စသည်ဖြင့် များပြားလှ၏။

အမှာ။ ။ ပုစ္ဆာနာမ်စား (နာမ်ကို) ဝါကျရေးနည်းကို အခန်း (၂) ၌ ရှုပါ။ ဖော်ပြပါ ဝါကျ (၁၄) မျိုးတွင် အမှတ် (၁)၊ (၇)၊ (၈)၊ (၁၂) ဝါကျများမှ တစ်ပါးကျန်ဝါကျများသည် ပုစ္ဆာဇောတက နိပါတ်ပုဒ်ဝါကျများချည်း ဖြစ်ကြ၏။

အမှတ် (၁) သင်ခန်းစာ

နိပါတ်ကိုဝါကျရေးနည်း

၁။ နိပါတ်ကိုဝါကျသည် ကြိယာပုဒ်ကို မေးသောဝါကျနှင့် အကြောင်း (ကာရဏ) ကိုမေးသော ဝါကျဟု နှစ်မျိုးရှိ၏။

၂။ ယင်းဝါကျနှစ်မျိုးလုံး၌ ကော၊ ကံ စသည်ဖြင့် ရုပ်အနေအထား မပြောင်းဘဲ ကိုဟုပင် အမြဲထားရ၏။

၃။ နိပါတ်ကိုကို ဝါကျ၏အစ၌ အမြဲထားရ၏။

၄။ ကြိယာပုဒ်ကို မေးရာ၌ နိပါတ်ကိုကို ဖျော်တိကို "သွားသလော၊ သွားသလား" စသည်ဖြင့် ကြိယာပုဒ်နှင့် တွဲစပ်၍ (လော၊ လား) ဟု ထည့်သွင်းကာ မြန်မာပြန်ရ၏။

၅။ စာသုံး၌ (လော) ဟု မြန်မာပြန်၍ စကားသုံး၌ (လား) ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ ကိံ ဘော ပဗ္ဗဇိတ အမှာကံ ဂေဟံ အဂမိတ္ထ။[၁]

မြန်မာ။ ။ ရဟန်း၊ ငါတို့၏ အိမ်သို့ ရောက်ခဲ့ပါသလား။

၆။ အကြောင်းကို မေးရာ၌ နိပါတ်ကိံကို (အဘယ်ကြောင့် သွား သနည်း၊ ဘာကြောင့်၊ ဘာပြုလို့ သွားသလဲ) စသည်ဖြင့် (နည်း၊ လဲ) ဟု ထည့်သွင်း မြန်မာပြန်ရ၏။

ပုံစံ။ ။ ကိံ ဘန္တေ အမ္ဟေ လဇ္ဇာပေထ။[၂]

မြန်မာ။ ။ သားတော်ဘုရား ခမည်တော်တို့ကို ဘာကြောင့် အရှက် ခွဲကြပါသလဲ။

၇။ ကိံမပါဘဲ ပဓာနကြိယာပုဒ်ကို ဝါကျ၏အစ၌ထားသော်လည်း ကောင်း၊ ကြိယာ၏နောက်နားက "ပန" သဒ္ဒါကို ထားသော် လည်းကောင်း၊ နိပါတ်ကိံဝါကျကဲ့သို့ ဖြစ်လာ၏။ ထို့ကြောင့် ဝါကျ ၏အစ၌ ပဓာနကြိယာပါသောဝါကျနှင့်ကြိယာပုဒ် နောင်-ပနပါ သော ဝါကျတို့သည် ကြိယာကို မေးသော နိပါတ်ကိံဝါကျနှင့် ရေးနည်းတူကြ၏။

ဝါကျအစ၌ကြိယာပါပုံစံ။ ။ ဇာနာသိ တံ့ မဟာရာဇယဝလာဝကေ။[၃]

မြန်မာ။ ။ မင်းမြတ် သင်သည် မုယောစပါးရိတ်သ မားတို့ကို သိပါ၏လော။

ကြိယာနောင် "ပန" ပါပုံစံ။ ။ အတ္ထိပနာ ယသ္မာတော ကောစိဝေယျာ ဝစ္စကရော။[၄]

၁။ မိလိန္ဒ-၈ ၂။ ဝိ၊ ဒု-၃၊ ၂၈၉

၃။ မိလိန္ဒ-၃၁ ၄။ ဝိ - ဋ၊ ၃၂၃

http://www.dhammadownload.com

မြန်မာ။ ။ အရှင်ဘုရားမှာ တစ်စုံတစ်ယောက်သော ဝေယျာဝစ္စ ပြုလုပ်သူ ရှိပါသလား။

၈။ ကစ္စိဝါကျ၊ ပုစ္ဆာနကြိယာပါသောဝါကျ၊ အပိဝါကျများလည်း နိပါတ်ကိဝါကျနှင့် ရေးနည်းတူကြ၏။

၉။ ကစ္စိပုဒ်ကို ကြိယာနှင့်တွဲစပ်၍ မြန်မာမပြန်ရ။ ကစ္စိပုဒ်ကို မြန်မာပြန်သောအခါ "အသို့နည်း၊ ဘယ်လိုလဲ၊ ဘယ့်နှယ်လဲ" စသည်ဖြင့် သီးခြားပြန်ရ၏။

၁၀။ ပုစ္ဆာနကြိယာပါသောဝါကျတွင် အာကာရဝါကျ၊ အာကာရဝန္တဝါကျ ဟု နှစ်မျိုးပါရှိရ၏။ အာကာရဝါကျသာ ပဓာနဖြစ်၏။ အာကာရဝါကျ၏ ပဓာနကြိယာကို ပုစ္ဆာဝါကျအဖြစ် မြန်မာပြန်ရ၏။

အမှာ။ ။ အာကာရ၊ အာကာရဝန္တ ဝါကျရေးနည်းကို အခန်း (၄) ၌ ရှုပါ။

ကစ္စိပုံစံ။ ။ ကစ္စိတေ သပတ္တိ အန္တရာယံ ကရောတိ။[၁]

မြန်မာ။ ။ ဘယ့်နှယ်လဲ၊ ရန်သူသည် သင့်အား အန္တရာယ်ပြုသလား။

ပုစ္ဆနကြိယာပါပုံစံ။ ။ သော အနတ္တမနော ဂေဟံ ဂန္ဒှာ ပုစ္ဆိ "တဿ ပုတ္တဇိတဿ ကိဉ္စိ အဒတ္ထာ" တိ။[၂]

မြန်မာ။ ။ ထိုပုဏ္ဏားသည် နှလုံးမသာယာဘဲ အိမ်သို့ သွား၍ "ထို ရဟန်းအား တစ်စုံတစ်ခုကို ပေးမိသလော" ဟု မေး၏။

အပိပုံစံ။ ။ အပိ ဘန္တေ ဘဂဝါ ယသံ ကုလပုတ္တံ ပဿေယျ။[၃]

၁။ ခမ္မပဒ၊ ဋ္ဌ-၁၊ ၃၁ ၂။ မိလိန္ဒ-၈

၃။ ဝိ-၃၊ ၂၂

http://www.dhammadownload.com

မြန်မာ။ ။ မြတ်စွာဘုရား မြတ်စွာဘုရားသည် ယသအမျိုးသားကို တွေ့မြင်ပါသလော။

ပထမနေ့

၁။ ကိံ ဘန္တေ အာစရိယော မံ အာမန္တေတိ။
၂။ မိန်းမသည် လင်ကို ဆဲနေသလား။
၃။ ဘယ့်နယ်လဲ ကိုရင် တရားကို အားထုတ်သလား။

ဒုတိယနေ့

၁။ ကစ္စိ ဂိလာနော ဘတ္တံ ဘုဥ္ဇတိ။
၂။ ကိုရင်တို့သည် အပျိုကို ကြည့်နေကြသလား။
၃။ အသို့နည်း ဆင်းရဲဝေဒနာတို့သည် ဆုတ်ယုတ်ကြပါ၏လော။

တတိယနေ့

၁။ ဂစ္ဆသိ တွံ သကဋ္ဌေန ခေတ္တံ။
၂။ လိခထ ပန တုမ္ဟေ ပဏ္ဏံ မာတာပိတူနံ သန္တိကံ။
၃။ သင်တို့သည် လယ်ကို ထွန်ယက်ကြသလား။
၄။ ဘယ်လိုလဲ လင်သည် မယားအား အဝတ်တို့ကို ပေးသလား။

စတုတ္ထနေ့

၁။ အပိ အာဝုသော သာမဏေရော မူသိကံ ဟနတိ။
၂။ ငါ့ရှင် ကိုရင်သည် ကျောင်း၌ အိပ်နေသလား။
၃။ အမေသည် ကျောင်းသို့ လာသလား။

http://www.dhammadownload.com

အမှတ် (၂)၊ သင်ခန်းစာ
ကထံ ဝါကျရေးနည်း

၁။ အဘယ်သို့ ကျင့်သနည်း။ ဘယ်လိုကျင့်သလဲ စသည်ဖြင့် ကြိယာပုဒ်နှင့် တွဲစပ်၍ ပြုလုပ်ပုံအခြေအနေကို မေးသောဝါကျများကို ကထံပုဒ်ဖြင့် ရေးရ၏။

၂။ ရုပ်အနေအထား မပြောင်းပဲ ကထံ ဟု အမြဲထားရ၏။

၃။ ကထံပုဒ်ကို ဝါကျ၏အစ၌ ထားရ၏။

၄။ ကထံပုဒ်ကို မြန်မာပြန်သောအခါ "အဘယ်သို့ကျင့်သနည်း၊ အဘယ်သို့လျှင် ကျင့်သနည်း၊ ဘယ်လိုကျင့်သလဲ၊ ဘယ်ပုံဘယ်နည်း ကျင့်သလဲ" စသည်ဖြင့် ကြိယာပုဒ်နှင့်တွဲစပ်၍ (နည်း၊ လဲ) ဟု ထည့်သွင်းကာ မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ကထံ မယံ ဘန္တေ မာတုဂါမေ ပဋိပဇ္ဇာမ။[၁]

မြန်မာ။ ။ မြတ်စွာဘုရား တပည့်တော်များသည် မိန်းမအပေါ်၌ အဘယ်သို့ ကျင့်သုံးကြရပါမည်နည်း။

ပုံစံ။ ။ (ခ) ကထဉ္စ မဟာရာဇ ဘိက္ခုသီလသမ္မန္နော ဟောတိ။[၂]

မြန်မာ။ ။ မင်းမြတ် ရဟန်းသည် အဘယ်သို့ သီလနှင့် ပြည့်စုံသနည်း။

၁။ ဒီ-၂၊ ၁၁၆ ၂။ ဒီ-၁၊ ၅၉

http://www.dhammadownload.com

၅။ ကိန္တိဝါကျသည် ကထံဝါကျနှင့် ရေးနည်းတူ၏။
ကိန္တိပုဒ်သည် တတိယာဝိဘတ္တိနာမ်ပုဒ်ဖြစ်၍ မြန်မာပြန်သောအခါ
ကထံပုဒ်၌ မြန်မာပြန်နည်းများအပြင် "အဘယ်နည်းဖြင့်" ဟု
တတိယာဝိဘတ်အနက် ပေါ်လွင်အောင် မြန်မာပြန်ရုံသာ ထူး၏။

ပုံစံ။ ။ (က) ကိန္တိ တေ သုတံ ပြာဟ္မဏာနံ ဝုဒ္ဓါနံ မတလ္လကာနံ
အာစရိယ ပါစရိယာနံ။[၁]

မြန်မာ။ ။ အရွယ်အားဖြင့်ကြီး၊ အမျိုးဇာတ်အားဖြင့် မြတ်
ကုန်သော ဆရာအဆက်ဆက် ပုဏ္ဏားတို့ထံမှ
သင်အဘယ်သို့ ကြားအပ်သနည်း။

ပုံစံ။ ။ (ခ) ကိန္တိ မဟာရာဇ ကွဒံ ဒုက္ခံ နိရုဇ္ဈေယျ။[၂]

မြန်မာ။ ။ မင်းမြတ် ဤသံသရာဆင်းရဲသည် အဘယ်နည်း
ဖြင့် ချုပ်ငြိမ်းရာအံ့နည်း။

ပထမနေ့

၁။ ကထံ ဂါဝေါ နဒီံ တရန္တိ။
၂။ သင်သည် သီလကို အဘယ်သို့ စောင့်သနည်း။
၃။ မုဆိုးသည် ကျားကို အဘယ်နည်းဖြင့် ဖမ်းသနည်း။

ဒုတိယနေ့

၁။ ကိန္တိ အာဝုသော တုံ စိဝရံ လဘသိ။
၂။ ကလေးသည် ကြံကို ဘယ်လို စားသလဲ။
၃။ ငါသည် ကျမ်းစာကို အဘယ်နည်းဖြင့် ပြန်ဆိုနိုင်ရာအံ့နည်း။

၁။ ဒီ-၁၊ ၈၉ ၂။ မိလိန္ဒ-၃၀

http://www.dhammadownload.com

ဇာတိယနေ့

၁။ ကထံ မယံ ဓမ္မံ စရာမ။

၂။ ဆရာသည် ငါတို့ကို ဘယ်လို ဆုံးမသလဲ။

၃။ မိန်းမတို့သည် ရဟန်းတို့အား ဆွမ်းကို ဘယ်ပုံဘယ်နည်း လှူကြသလဲ။

အမှတ် (၃)၊ သင်ခန်းစာ

ဝိဘတ္တိပစ္စယန္တပဒဏာ ဝါကျရေးနည်း

၁။ ကိံသဒ္ဒါနောင် (တော၊ တြ၊ ထ၊ ဝ၊ ဟိ၊ ဟံ၊ ဟိဠ္ဟနံ၊ ဒါစနံ၊ ဒါ၊ ရ ဟိ) ပစ္စည်းများသက်၍ ကုတော၊ ကုတြ၊ ကုတ္ထ၊ ကတ္ထ၊ ကွ၊ ကု ဟိ၊ ကုဟံ၊ ကဟံ၊ ကုဟိဠ္ဟနံ၊ ကုဒါစနံ၊ ကဒါ၊ ကရဟိ ဟူသော ပုံစံများ ဖြစ်လာ၏။

၂။ တော စသော ပစ္စည်းများသည် သွာ၊ ဟိ၊ သ္မိံ၊ သု စသော ဝိဘတ်တို့၏ (မှ၊ တို့မှ၊ ၌၊ တို့၌) စသော အနက်ကို ဟောကြ၏။ ထိုသို့ ဝိဘတ်အနက်များကို ဟောခြင်းကြောင့်လည်းကောင်း၊ တွာ ဒယောဝိဘတ္တိသညာယောသုတ်ဖြင့် ဝိဘတ်အမည်မှည့်ထားခြင်းကြောင့်လည်းကောင်း၊ ယင်းတို့ကို ဝိဘတ္တိပစ္စယ ဟု ခေါ်၏။ တော စသော ပစ္စည်းဆုံးသော ကုတော စသော ပုံစံများကို ဝိဘတ္တိပစ္စယန္တ ဟု ခေါ်၏။

၃။ ကဒါ၊ ကုဒါစနံ တို့ကို အခါနိကာလအနက်ကို ဟောချာ၌ သုံးစွဲ၍ ကုတော စသော ပုံစံများကို အရာဝတ္ထု၊ အရပ်ဒေသ၊ အခါနိကာလအနက်တို့တွင် သင့်လျော်သလို သုံးစွဲရ၏။

http://www.dhammadownload.com

၄။ ကုတော စသော ဝိဘတ္တိပစ္စယန္တပုဒ်များကို အများအားဖြင့် ဝါကျ၏အစ၌ ထားရ၏။

၅။ ကွစိတော ပဉ္စမျတ္ထေသုတ်၏သတ်မှတ်ချက်အရ ကုတောပုဒ်ကို မြန်မာပြန်သောအခါ (မှ၊ တို့မှ၊ က၊ တို့က) ဟု ပဉ္စမီဝိဘတ် အနက်ပြန်ရ၏။ ကုတြ စသော ကျန်ပုံစံများကို (၌၊ တို့၌၊ မှာ၊ တို့မှာ) ဟု သတ္တမီဝိဘတ် အနက်ပြန်ရ၏။

အမှာ။ ။ တော စသော ပစ္စည်းများသည် ပဉ္စမီ၊ သတ္တမီဝိဘတ် အနက်များအပြင် အခြားအနက်များကိုလည်း ဟောကြ၏။ ကုဒါစနံကို တစ်ရံတစ်ခါ၌ ဟုလည်း မြန်မာပြန်ကြ၏။

၆။ ဝိဘတ္တိပစ္စယန္တပုဒ် ပါဝင်သောဝါကျကို မြန်မာပြန်ရာ၌ လာသနည်း လာသလဲ စသည်ဖြင့် ကြိယာပုဒ်ကို (နည်း၊ လဲ) ဟု ပြန်ရ၏။

ပုံစံများ။ ။ (က) ကုတော သာမဏေရာ အာဂစ္ဆန္တိ။
မြန်မာ။ ။ ကိုရင်တို့ ဘယ်က လာကြသလဲ။

(ခ) ကတ္ထ သာမဏေရာ ဝသန္တိ။
မြန်မာ။ ။ ကိုရင်တို့ ဘယ်မှာ နေကြသလဲ။

(ဂ) ကုဟိ ဒါရကာ ကီဠန္တိ။
မြန်မာ။ ။ ကလေးများ ဘယ်မှာ ကစားနေကြသလဲ။

(ဃ) ကဒါ တုမ္ဟေ ပဇ္ဇဇိဿထ။
မြန်မာ။ ။ မင်းတို့ ဘယ်အချိန်မှာ ရဟန်းပြုကြသလဲ။

http://www.dhammadownload.com

ပထမနေ့

၁။ ကတ္ထ ကမ္မကာရာ ပထဝီ ခဏ္ဍိ။
၂။ ကိုရင်များ ဘယ်အချိန်မှာ စာရေးကြသလဲ။
၃။ ငါ့ရှင် သင် ဘယ်အရပ်၌ တရားကို အားထုတ်သနည်း။

ဒုတိယနေ့

၁။ ကဟံ ဘန္တေ အာစရိယော သိဿေ ဩဝဒိဿတိ။
၂။ ကြွက်သည် ဘယ်နေရာက ထွက်သလဲ။
၃။ သင်တို့ ဘယ်အချိန်၌ ထမင်းကို စားကြသလဲ။

တတိယနေ့

၁။ ကုဒါစနံ ယုဝတီ ပုပ္ဖံ ဩစိနန္တိ။
၂။ ရသ့ေတို့သည် အဘယ်အရပ်မှ လာကြသနည်း။
၃။ စစ်သားတို့သည် ဤနေရာသို့ အဘယ်အချိန်မှာ လာကြသနည်း။

အမှတ် (၄)၊ သင်ခန်းစာ

နှုံ၊ နှုံခေါ ဝါကျရေးနည်း

၁။ နှုံ၊ နှုံခေါတို့သည် နာမ်ပုဒ်နှင့် ကြိယာပုဒ်ကို မေးခြင်း ပုစ္ဆာအနက်ကို ဟောကြ၏။

၂။ နှုံ၊ နှုံခေါတို့ကို ဝါကျ၏အစ တစ်ပုဒ်နောင် အမြဲထားရ၏။

၃။ နှုံ၊ နှုံခေါ ဝါကျသည် -
(က) ပုစ္ဆာနာမ်စား (နာမ်ကို) ပုဒ်နောက်၌ နေသောဝါကျ
(ခ) နိပါတ်ကိုပုဒ်နောက်၌ နေသောဝါကျ

http://www.dhammadownload.com

(ဂ) ကြွင်းနာမ်ပုဒ်နောက်၌ နေသောဝါကျ
(ဃ) ကြိယာပုဒ်နောက်၌ နေသောဝါကျ ဟု လေးမျိုးရှိ၏။

၄။ ပုစ္ဆာနာမ်စား (နာမ်ကို) ပုဒ်နောက်၌နေသော နု၊ နုခေါ ဝါကျကို မြန်မာပြန်သောအခါ "သွားသနည်း၊ သွားသလဲ" စသည်ဖြင့် (နည်း၊ လဲ) ဟု ထည့်သွင်းပြန်ရ၏။
ကျန် (၃) ဝါကျနောက်၌နေသော နု၊ နုခေါ ဝါကျကို "သွားသလော၊ သွားသလား" စသည်ဖြင့် (လော၊ လား) ဟု ထည့်သွင်းပြန်ရ၏။

၅။ နု၊ နုခေါ ပုဒ်တို့ကို ကြိယာပုဒ်နောက်၌ထားလိုလျှင် ကြိယာပုဒ်ကို ဝါကျ၏အစ၌ အမြဲထားရ၏။

၆။ ပဓာနအားဖြင့် မေးလိုသောပုဒ်၏ နောက်၌ နု၊ နုခေါ ပုဒ်တို့ကို ထားရ၏။ မေးလိုသောပုဒ်ကို ဝါကျ၏အစ၌ ထားရ၏။

ပုစ္ဆာနာမ်စားနောက်နေပုံစံ။ ။ (က) ကောနုခေါ မမဌာနေ ဌတွာ ဘိက္ခု သံယံ ပရိဝိသိဿတိ။[၁]

မြန်မာ။ ။ အဘယ်သူသည် ငါ၏အရာ၌ တည်၍ ရဟန်းအပေါင်းကို လုပ်ကျွေးမည်နည်း။

(ခ) ကဿနုခေါ အဟံ ပဌမံ ဓမ္မံ ဒေသေယျံ။[၂]

မြန်မာ။ ။ ငါဘုရားသည် ရှေ့ဦးစွာ အဘယ်သူအား တရားကို ဟောရာအံ့နည်း။

၁။ ဓမ္မပဒ၊ ၌-၁၊ ၉၇ ၂။ ဝိ-၃၊ ၁၀

http://www.dhammadownload.com

နိပါတ်ကိီနောက်နေပုံစံ။ ။ ကိုံနုခေါ် ဘန္တေ ကေသာ နာဂသေနော။

မြန်မာ။ ။ အရှင်ဘုရားဆံပင်တို့သည် နာဂသေနလော။

ကိန္တိနိပါတ်နောင်ပုံစံ။ ။ ကိန္တိနုခေါ် သံယော ဥပဇ္ဈာယသ ပရိဝါသံ ဒဒေယျ။[၁]

မြန်မာ။ ။ သံယာသည် ဥပဇ္ဈာယ်ဆရာအား အဘယ်သို့လျှင် ပရိဝါသ်ကို ပေးရာအံ့နည်း။

ဝိဘတ္တိပစ္စယန္တနောင်ပုံစံ။ ။ ကတ္ထနုတွံဘိက္ခုနိ ဥပဇ္ဈိတု ကာမာ။[၂]

မြန်မာ။ ။ ဘိက္ခုနိ သင်သည် အဘယ်ဘုံ၌ ဖြစ်လိုပါသနည်း။

အပိနိပါတ်နောင်ပုံစံ။ ။ အပိနုသော လဘေထ၊ ဗြဟ္မဏောသု အာသနံဝါ ဥဒကံဝါ။[၃]

မြန်မာ။ ။ သူသည် ပုဏ္ဏားတို့၌ နေရာကို လည်းကောင်း၊ သောက်ရေကိုသော် လည်းကောင်း ရရာအံ့လော။

ကြွင်းနာမ်ပုဒ်နောင်ပုံစံ။ ။ (က) နာဂသေန သဒ္ဒါယေဝ နုခေါ် ဘန္တေ နာဂသေနာ။[၄]

၁။ ဝိ-၃၊ ၆၁ ၂။ သံ-၁၊ ၁၃၄

၃။ ဒီ-၁၊ ၉၁ ၄။ မိလိန္ဒ-၂၅

http://www.dhammadownload.com

မြန်မာ။ ။ အရှင်ဘုရား၊ နာဂသေန ဟုပြော ဆိုသော အသံသည်ပင် နာဂ သေန မည်ပါသလော။

(ခ) အယျာ နုခေါ အာဂတာ။[၁]

မြန်မာ။ ။ အရှင်မြတ်တို့သည် ကြွလာတော်မူကြပြီလော။

ကြိယာနောက်နေပုံစံ။ ။ (က) ဝဋ္ဋတိ နုခေါ တုမှာကံ မုသာဝါဒေါ။[၂]

မြန်မာ။ ။ သင်ရဟန်းတို့အား မဟုတ်မမှန် ပြောဆိုခြင်းသည် အပ်စပ်ပါသလော။

(ခ) အတ္ထိ နုခေါ တာတ တုမှာကံ သန္တိကေအညော ဘိက္ခု။[၃]

မြန်မာ။ ။ အရှင်ဘုရား အရှင်ဘုရားတို့၏ အထံ၌ အခြားရဟန်းသည် ရှိပါသေးသလော။

ပထမနေ့

၁။ ကောနု ခေတ္တံ ကသတိ။
၂။ လယ်သမားသည် လယ်သို့ ဘာနဲ့သွားသလဲ။
၃။ ကိုရင်သည် ဘုရားကို ရှိခိုးနေသလော။

၁။ ဝိ၊ ၌-၁၊ ၅၇ ၂။ မိလိန္ဒ-၈
၃။ မိလိန္ဒ-၁၄

http://www.dhammadownload.com

ဒုတိယနေ့

၁။ ကိုနု အာစရိယော မံ အာမန္တေတိ။
၂။ အမေသည် အဘယ်သူအား ထီးကို ပေးသနည်း။
၃။ သင်တို့သည် အိပ်ရာ၌ အိပ်နေကြသလား။

တတိယနေ့

၁။ ဘုဥ္ဇတိ နု အာဝုသော သာမဏေရော ဥစ္ဆုံဝိကာလေ။
၂။ မုဆိုးသည် တောသို့ သွားသလား။
၃။ လူနာသည် အဘယ်အချိန်၌ ဆေးကို သောက်ပါသနည်း။

အမှတ် (၅)၊ သင်ခန်းစာ

နု၊ နုနုစ ဝါကျရေးနည်း

၁။ နု၊ နုနုစ သဒ္ဒါတို့သည် "သွားသည်မဟုတ်လော၊ သွားတယ်မဟုတ်လား" စသည်ဖြင့် ကြိယာကို မေးခြင်းပုစ္ဆာအနက်ကို ဟောကြ၏။

၂။ နု၊ နုနုစပုဒ်တို့ကို ဝါကျ၌အစဉ် ထားရ၏။

၃။ နု၊ နုနုစ ဝါကျကို မြန်မာပြန်ရာ၌ "သွားသည်မဟုတ်လော၊ သွားတယ်မဟုတ်လား" စသည်ဖြင့် (မဟုတ်လော၊ မဟုတ်လား) ဟု ထည့်သွင်းပြန်ရ၏။

၄။ ဒုတိယဝါကျ (နောက်ဝါကျ) ၌ အများအားဖြင့် အထကသွာ၊ အထကိဉ္စရဟိ၊ အထကိမတ္ထံ၊ အထကေနပုဒ်တို့ကို ထည့်သွင်းရေးရ၏။

http://www.dhammadownload.com

အမှာ။ ။ အထကသ္မာ စသောပုဒ်များ မပါသော ဝါကျမျိုးလည်း ရှိ၏။

၅။ အထပုဒ်ကို "ထိုသို့ဖြစ်ပါလျက်၊ သို့ပါလျက်" ဟု မြန်မာပြန်၍၊ ကသ္မာ၊ ကိစ္စရဟိ တို့ကို "အဘယ်ကြောင့်" ဟု မြန်မာပြန်ရ၏။

(က) နနု့စဝိတက္က ဝိစာရာနံ ဝုပသမာတိ ကွမိနာပိ အယမေတ္ထ သိဒ္ဓေါ၊ အထကသ္မာ ပုန ဝုတ္တံ အဝိတက္က အဝိစာရံ။[၁]

မြန်မာ။ ။ ဝိတက္က ဝိစာရာနံ ဝုပသမာ ဟူသော ဤပါဠိဖြင့်ပင် ဘာဝနာဖြင့် ပယ်အပ်ပြီးသည့်အတွက် ဝိတက်ဝိစာရ မရှိခြင်း ဟူသော ဤအနက်သည် ပြီးစီးသည် မဟုတ်လော။ သို့ပါလျက် အဘယ်ကြောင့် တစ်ဖန် အဝိတက္ကံ အဝိစာရံ ဟူ၍ မိန့်ဆိုအပ်သနည်း။

(ခ) နနု တံ့ အာဝုသော ဘဂဝတာ အနာဂါမိ ဗျာကတော၊ အထကိစ္စရဟိ ဣမဓါဂတော။[၂]

မြန်မာ။ ။ အချင်းငြဟ္မာ သင့်ကို မြတ်စွာဘုရားသည် အနာဂါမ် ဟူ၍ မိန့်ကြားတော်မူသည် မဟုတ်လော။ သို့ပါလျက် အဘယ်ကြောင့် ဤအရပ်သို့ လာသနည်း။

(ဂ) နနု ဘန္တေ ဘဂဝါ အနေကပရိယာယေန ကုလာနံ အနုဒ္ဒယံ ဝဏ္ဏေတိ။[၃]

၁။ ဝိ၊ ဋ္ဌ-၁၊ ၁၁၉ ၂။ သံ-၁၊ ၁၅၁

၃။ သံ-၂၊ ၅၀၈

http://www.dhammadownload.com

မြန်မာ။ ။ မြတ်စွာဘုရား မြတ်စွာဘုရားသည် တစ်ပါးမက များစွာသော အကြောင်းဖြင့် အမျိုးလေးပါးတို့အပေါ်၌ သနားကြင်နာမှုကို ခီးမွမ်းတော်မူသည် မဟုတ်လော။

မှတ်ချက်။ ။ မေးခွန်းဝါကျကို ပါဠိစီကုံးရာ၌ ဝါကျအရေးအသားမမှားအောင် အောက်ပါအချက်များကို ကွဲကွဲပြားပြားလေ့လာထားသင့်၏။

နောက်ဆုံးကြိယာပုဒ်၌ -

(က) နည်း၊ လဲ စကားလုံးများ ပါရှိသောဝါကျကို ပုစ္ဆာနာမ်စား ကိ(နာမ်ကိ)၊ ပုစ္ဆာနာမ်စားကိန္ (နာမ်ကိန္) တို့ဖြင့် ရေးပါ။

(ခ) လော၊ လား စကားလုံးများ ပါရှိသောဝါကျကို နိပါတ်ကိ၊ ကိန္၊ ကြွင်းနာမ်နှ၊ ကြိယာနောင်နှ တို့ဖြင့် ရေးပါ။

(ဂ) မဟုတ်လော၊ မဟုတ်လား စကားလုံးများ ပါရှိသောဝါကျကို နန္၊ နနုစ တို့ဖြင့် ရေးပါ။

ပထမနေ့

၁။ နန္ ပုရိသော ဂိလာနော ဟောတိ၊ အထကသ္မာ ကမ္မံ ကရောတိ။

၂။ အမေသည် ဘုရားကို ရှိခိုးနေသည် မဟုတ်လော၊ သို့ပါလျက် သင်တို့သည် အဘယ်ကြောင့် သီချင်းဆိုနေကြပါသနည်း။

၃။ ရဟန်းသည် လူတို့အား တရားကို ဟောနေတယ် မဟုတ်သား။ သို့ပါလျက် သင်တို့သည် အဘယ်ကြောင့် အလုပ်ကို လုပ်နေကြသလဲ။

http://www.dhammadownload.com

ဒုတိယနေ့

၁။ နနု သုနခေါ ကုက္ကုဋ္ဌံ ခုံသတိ၊ အထ ကိဉ္စရဟိ တွံ နိသီဒသိ။
၂။ ရေလုပ်သားသည် မြစ်သို့ သွားသည် မဟုတ်လော။
၃။ နွားတို့သည် လယ်၌ စပါးကို စားနေကြသည် မဟုတ်လော။

တတိယနေ့

၁။ နနု ယောဓော စောရံ ဂဏှာတိ။
၂။ ရဟန်းတို့သည် အလုံးစုံသော သခီါရတရားတို့ကို ဒုက္ခအားဖြင့် ဝိပဿနာ ရှုကြသည် မဟုတ်လော။ သို့ပါလျက် အဘယ်ကြောင့် အပျိုကို ကြည့်ကြသနည်း။
၃။ ကိုရင်တို့သည် ဆွမ်းအလို့ငှာ ရွာထဲသို့ သွားကြသည် မဟုတ်လော။

အမှတ် (၆)၊ သင်ခန်းစာ

ကသ္ဟာဝါကျရေးနည်း

၁။ ကသ္ဟာနိပါတ်ပုဒ်သည် အကြောင်းကို မေးခြင်း ပုစ္ဆာအနက်ကို ဟော၏။
၂။ ကသ္ဟာပုဒ်ကို ဝါကျ၏အစ၌ ထားရ၏။
၃။ ကသ္ဟာပုဒ်ကို (အဘယ်ကြောင်းကြောင့်၊ ဘာကြောင့်) ဟု မြန်မာပြန်ရ၏။ ကသ္ဟာဝါကျ၏ ပဓာနကြိယာပုဒ်ကို (နည်း၊ လဲ) ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ ကသ္မာ ပနေတံ ဘန္တေ ဘဂဝတာ အဗျာကတံ။
မြန်မာ။ ။ မြတ်စွာဘုရား မြတ်စွာဘုရားသည် အဘယ်ကြောင့် ဤအကြောင်းအရာကို ဖြေဆိုတော် မမူပါသနည်း။

ပထမနေ့

၁။ ကသ္မာ ပုရိသော ပရေသံ ဓနံ အာဒိယတိ။
၂။ လူနာသည် အဘယ်ကြောင့် ထမင်းကို စားသနည်း။
၃။ အမေသည် သမီးကို အဘယ်ကြောင့် ဆဲသနည်း။

ဒုတိယနေ့

၁။ ကသ္မာ ဒါရကော ရောဒတိ။
၂။ အပျိုသည် ငှါကို အဘယ်ကြောင့် ကြည့်နေသနည်း။
၃။ သင်သည် ငါ၏သစ်ပင်ကို အဘယ်ကြောင့် ဖြတ်သနည်း။

အမှတ် (၇)၊ သင်ခန်းစာ
သစ္ဆံ ကိရ ဝါကျရေးနည်း

၁။ တစ်ဆင့်ကြားရ၍ "မှန်သလား၊ ဟုတ်သလား" ဟု မေးမြန်းဖွယ် ဆေးသောဝါကျကို သစ္စံကိရပုဒ်ဖြင့် ရေးရ၏။
၂။ သစ္စံကိရပုဒ်ကို ဝါကျ၏အစ၌ ထားရ၏။
၃။ သစ္စံကိရပုဒ်ကို (မှန်သလော၊ မှန်သလား) စသည်ဖြင့် မြန်မာပြန်ရ၏။ သစ္စံကိရဝါကျ၏ ပဓာနကြိယာပုဒ်ကို (ပြုလုပ်၏ ဟူသည်၊ ပြုလုပ်တယ်ဆိုတာ၊ ပြုလုပ်သည်မှာ) စသည်ဖြင့် မြန်မာပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ (က) သစ္စံ ကိရ တွံ သုဒိန္န ပုရာဏာ ဒုတိယိကာယ မေထုနံ ဓမ္မံ ပဋိသေဝိ။[၁]

မြန်မာ။ ။ သုဒိန် သင်သည် မယားဟောင်း၌ မေထုန်အကျင့်ကို မှီဝဲ၏ ဟူသည် မှန်သလော။

(ခ) သစ္စံ ကိရ တွံ ဧဝံ ဝဒေသိ။[၂]

မြန်မာ။ ။ သင်သည် ဤသို့ပြောသည်မှာ မှန်သလား။

ပထမနေ့

၁။ သစ္စံ ကိရ ဘန္တေ တုမ္ဟေ ဝိကာလေ ဂါမံ ပဝိသထ။

၂။ ငါရှင်တို့ ကိုရင်တို့သည် နေလွဲချိန်၌ ထမင်းကို စားကြသည်မှာ မှန်သလော။

၃။ အရှင်ဘုရား အရှင်ဘုရားသည် မိန်းမအား ပန်းကို ပေး၏ ဟူသည် မှန်သလော။

ဒုတိယနေ့

၁။ သစ္စံ ကိရ အာဝုသော တွံ ဝိဟာရေ ပုပ္ဖံ ဩစိနာသိ။

၂။ ယောကျ်ားသည် သစ်ပင်မှ ကျသည်ဆိုသည်မှာ မှန်သလော။

၃။ လူတို့သည် ရဟန်းတို့အား ရွှေကို လှူကြတယ်ဆိုတာ မှန်သလား။

ပါဠိဝါကျပုံစံများ

၁။ ကဒါ တုမ္ဟေ အာဂစ္ဆထ

၂။ ကတ္ထ တွံ ဝသသိ

၁။ ဝိ-ဋ၊ ၂၃ ၂။ ဓမ္မပဒ၊ ဋ္ဌ-ဋ၊ ၁၂၅

http://www.dhammadownload.com

၃။ ကုတိ အဟံ ဂစ္ဆာမိ
၄။ ကုတော တွံ လစ္ဆသိ ဓနံ
၅။ ကထံ တွံ နဂရံ ဂစ္ဆသိ
၆။ ကိတ္တကံ တေ အာယုပ္ပမာဏံ
၇။ ဂဏ္ဟာသိနံ ဣဒံ သိပ္ပံ
၈။ ပါပုဏိဿသိ နုခေါ တွံ သာယန္ဟသမယေ
၉။ နနု တေ ဗဟုဓနံ အတ္ထိ
၁၀။ အပိနုခေါ ဘန္တေ ဘိက္ခံ လဘသိ
၁၁။ ဂစ္ဆသိ တွံ တေန သဒ္ဓိံ နဂရံ
၁၂။ ဂစ္ဆိဿန္တိတေ ဝိဟာရံ
၁၃။ ဘာသသိ တွံ ကထံ တဿပုရေ

မြန်မာပြန်ပုံ

၁။ သင်တို့ ဘယ်အချိန်က လာကြသလဲ။
၂။ သင် ဘယ်မှာ နေသလဲ။
၃။ ငါ အဘယ်အရပ်သို့ သွားရပါ့မလဲ။
၄။ သင် ဥစ္စာကို ဘယ်က ရသလဲ။
၅။ သင် မြို့သို့ ဘယ်လို သွားသလဲ။
၆။ သင်၏ အသက် ဘယ်လောက် ရှိပြီလဲ။
၇။ ဤအတတ်ပညာကို သင်ယူမှာလား။
၈။ သင် ညနေချမ်းအချိန်၌ ရောက်လာမှာလား။
၉။ သင့်မှာ များသော ဥစ္စာ ရှိသလား။
၁၀။ အရှင်ဘုရား ဆွမ်းကို ရပါသလား။

http://www.dhammadownload.com

၁၁။ သင်သည် သူနှင့်အတူ မြို့သို့ သွားကြသလား။
၁၂။ သူတို့သည် ကျောင်းသို့ သွားကြမှာလား။
၁၃။ သင်သည် သူ၏ရွေ့က စကားပြောသလား။

ပါဠိုစီရန် မြန်မာဝါကျများ

၁။ သင်တို့ ဘယ်အချိန်က ရောက်နေကြသလဲ။
၂။ သင် ယခု ဘယ်သွားမလဲ။
၃။ သင် ယခု ဘယ်မှာနေသလဲ။
၄။ သင့်မှာ မိတ်ဆွေ ဘယ်လောက် ရှိသလဲ။
၅။ ကျွန်ုပ်ကို သင်သိသလား။
၆။ သင် ယနေ့ပဲ သွားမလား။
၇။ သူတို့အိမ်မှာ နွား ရှိသလား။
၈။ ဉာဏ်ပညာရှိသူသည် အလွယ်တကူပင် ချမ်းသာသူ ဖြစ်နိုင်သည် မဟုတ်လော။
၉။ ပစ္စည်းဥစ္စာရှိသူသည် အချိန်မရွေးကြီးပွားနိုင်သည် မဟုတ်လား။

ပါဠိုစီကုံးပုံ

၁။ ကဒါ တုမ္ဟေ ပါပုဏာထ
၂။ ကုဟိ တုံ္ဍ ဂ္ဂဒါနိ ဂစ္ဆသိ
၃။ ကတ္ထ တုံ္ဍ ဧကရဟိ ဝသသိ
၄။ ကိတ္တကော တေ မိတ္တော ဟောတိ
၅။ ဇာနာသိ နုခေါ မံ တုံ္ဍ

http://www.dhammadownload.com

၆ ဂစ္ဆသိ အဇ္ဇေဝ တွံ
၇။ နနုတေသံ ဂေဟေ ဂေါဏော အတ္ထိ
၈။ အပိနုခေါ ပဏ္ဍိတော သုကရမေဝ သုခိတော ဟောတိ
၉။ နနု ဓနဝေါ သဒါ ဝမှတိ

အခန်း (၄)

ဥပသာရပုဒ်၊ နိပါတ်ပုဒ်များ

အမှတ် (၁)၊ သင်ခန်းစာ

ဥပသာရပုဒ် အဓိပ္ပါယ်

နာမ်ပုဒ်၊ အာချာတ်ပုဒ်တို့နှင့် တွဲဖက်၍ ယင်းပုဒ်တို့၏ အနက်ကို မွမ်းမံပြင်ဆင်သော၊ ပုဒ်ကို ခြယ်မှုန်းပေးသော ပ၊ ပရာ စသော နှစ်ဆယ်သောပုဒ်တို့သည် ဥပသာရပုဒ်တို့ မည်၏။ (ပါဠိသဒ္ဒါအသုံးအနှုံး)

နာမ်ပုဒ်၊ အာချာတ်ပုဒ်တို့ကိုကပ်၍ အနက်ကို ပြင်ဆင်တတ်သော ကြောင့် ပ၊ ပရာ စသော နှစ်ဆယ်သောပုဒ်တို့သည် ဥပသာရပုဒ်တို့ မည်၏။ (ရူပသိဒ္ဓိ)

ဥပသာရပုဒ်အပြား

ပ၊ ပရာ၊ နိ၊ နီ၊ ဥ၊ ဒု၊ သံ၊ ဝိ၊ အဝ၊ အနု၊ ပရိ၊ အဓိ၊ အဘိ၊ ပတိ (ပဋိ)၊ သု၊ အာ၊ အပိ၊ အပ၊ ဥပ ဟူ၍ ဥပသာရပုဒ် နှစ်ဆယ်ရှိ၏။

http://www.dhammadownload.com

ဥပသာရပုဒ်အမျိုးအစား

၁။ အာချာတ်ပုဒ် (နာမ်ပုဒ်) ၏ အနက်ကို မှမ်းမံအထူးပြုသော ဓာတ္တတ္ထဝိသေသကဥပသာရပုဒ်။

၂။ အာချာတ်ပုဒ် (နာမ်ပုဒ်) တို့၏ အနက်ကို ပြင်ဆင် (တားမြစ်) တတ်သော ဓာတ္တတ္ထဗာ ဓကဥပသာရပုဒ်။

၃။ အာချာတ်ပုဒ် (နာမ်ပုဒ်) တို့၏အနက်ကို ခြယ်မှုန်းပေးသော (အာချာတ်ပုဒ်၊ နာမ်ပုဒ်အနက်သို့ အစဉ်လိုက်တတ်သော) ဓာတ္တတ္ထာနုဝတ္တက ဥပသာရပုဒ် ဟူ၍၊ ဥပသာရပုဒ်အမျိုးအစားသုံးမျိုးရှိ၏။

အာချာတ်ပုဒ်၏အနက်ကို မှမ်းမံ (အထူးပြု) ပုံ

၁။ အဘိဝန္ဒာမိ - အလွန်ရိုသေစွာ ရှိခိုးပါ၏။
၂။ ဥဂ္ဂစ္ဆတိ - တက်၏။
၃။ ဥလ္လောကေယျာထ - မော့ကြည့်ကြလော့။
၄။ ဩလောကေဟိ - ငုံ့ကြည့်လော့။

"အဘိဝန္ဒာမိ" ၌ ဝန္ဒ-ဓာတ်သည် ရှိခိုးခြင်းအနက် ဟော၏။ အဘိဥပသာရသည် သာမန်ရှိခိုးခြင်း မဟုတ်။ ရှိခိုးခံသော ပုဂ္ဂိုလ်၏ ဂုဏ် (အရည်အချင်း) ကို သိရှိသဖြင့် ရိုရိုသေသေ ရှိခိုး၏ ဟု ဝန္ဒ-ဓာတ်၏အနက်ကို ထူးခြားအောင် မှမ်းမံပေးသည်။

ဥဂ္ဂစ္ဆတိ ၌ ဂမုဓာတ်သည် သွားခြင်းသာမန်အနက်ကို ဟော၏။ ဥ ဥပသာရသည် ရိုးရိုးသာမန်သွားခြင်း မဟုတ်။ အထက်သို့ရောက်အောင် တက်ခြင်းပေတည်း ဟု ဂမုဓာတ်၏ အနက်ကို ထူးခြားအောင် မှမ်းမံပေး၏။

http://www.dhammadownload.com

"ဥလ္လောကေယျာထ" ၌ "လောကဓာတ်၏ ကြည့်ရှုခြင်း သာမန် အနက်ကို "မော့၍ကြည့်လော့" ဟု ထူးခြားမှုဖြစ်အောင် မွမ်းမံခြယ်မှုန်း ပေး၏။

"ဩလောကေဟိ" ၌လည်း သာမန်ကြည့်ရှုခြင်း မဟုတ်။ ငုံ့၍ ကြည့်ရှုခြင်း ဟု လောကဓာတ်၏ အနက်ကို ထူးခြားအောင် မွမ်းမံပေးသည်။

မှတ်ချက်။ ။ ဤဥပသာရပုဒ်မျိုးကို ဓာတွတ္ထဝိသေသက ဥပသာရ ဟု ခေါ်၏။

နာမ်ပုဒ်၏အနက်ကို မွမ်းမံပုံ

၁။ ဥပဂဂ်ီ = မြစ်၏အနီးအနား
၂။ ပတိသောတံ = ရေဆန်
၃။ အဘိဓမ္မော = လွန်ကဲထူးမြတ်သော တရား

ဥပဂဂ်ီ၌ ဂဂီါသဒ္ဒါသည် မြစ် ဟူသော အနက်ကို ဟော၏။ ဥပ ဟူသော ဥပသာရပုဒ်သည် မြစ်၏အနီးအနား ဟု ဂဂီါ ဟူသော နာမ်ပုဒ်၏ အနက်ကို ထူးခြားအောင် မွမ်းမံ၏။

ပတိသောတံ၌ သောတသဒ္ဒါသည် ရေအလျဉ် ဟူသော အနက် သာမန်ကို ဟော၏။ ပတိ ဟူသော ဥပသာရပုဒ်က ရေဆန် ဟု သောတ ဟူသော နာမ်ပုဒ်၏အနက်ကို ထူးခြားအောင် မွမ်းမံ၏။

အဘိဓမ္မော၌ ဓမ္မ ဟူသော နာမ်ပုဒ်သည် တရား ဟူသော အနက် သာမန်ကို ဟော၏။ အဘိ ဟူသော ဥပသာရပုဒ်က လွန်ကဲသော တရား၊ ထူးခြားသော တရား ဟု ဓမ္မ ဟူသော နာမ်ပုဒ်၏အနက်ကို မွမ်း မံ၏။

http://www.dhammadownload.com

အာချာတ်ပုဒ်၏အနက်ကို (တားမြစ်) ပြင်ဆင်ပုံ

၁။ ပရာဇေတိ = ရှုံး၏။
၂။ အာဂစ္ဆတိ = လာ၏။
၃။ ပက္ကောသတိ = ခေါ်၏။

ပရာဇေတိ၌ ဇိဓာတ်သည် ဒေါင်္ဂနိုင်ခြင်း ဟူသော ဟောနေကျ မိမိအနက်ကို မဟောပဲ ပရာ ဟူသော ဥပသာရပုဒ်ကြောင့် ရှုံးခြင်းအနက်ကို ဟောရသဖြင့် ပရာ ဟူသော ဥပသာရပုဒ်သည် ဇိဓာတ်၏ အောင်ခြင်းအနက်ကို တားမြစ်၍ ရှုံးခြင်းအနက်ဖြစ်အောင် ပြင်ဆင်၏။

အာဂစ္ဆတိ၌ ဂမုဓာတ်သည် သွားခြင်း ဟူသော မိမိအနက်ကို စွန့်၍ လာခြင်းအနက်ကို ဟောရသဖြင့် အာ၊ ဥပသာရပုဒ်သည် ဂမုဓာတ်၏ သွားခြင်းအနက်ကို တားမြစ်၍ လာခြင်းအနက်ဖြစ်အောင် ပြင်ဆင်၏။

ပက္ကောသတိ၌ ကုသဓာတ်သည် ဆဲရေးခြင်း ဟူသော မိမိအနက်ကို စွန့်၍ ခေါ်ခြင်းအနက်ကို ဟောရသဖြင့် ပ ဟူသော ဥပသာရပုဒ်သည် ကုသဓာတ်၏ ဆဲရေးခြင်းအနက်ကို တားမြစ်၍ ခေါ်ခြင်း အနက်ဖြစ်အောင် ပြင်ဆင်၏။

မှတ်ချက်။ ။ ဤဥပသာရပုဒ်မျိုးကို ဓာတ္ထတ္ထဇာကေ ဥပသာရ ဟု ခေါ်၏။

နာမ်ပုဒ်၏အနက်ကို ပြင်ဆင်ပုံ

၁။ ဥဒ္ဓမ္မော = ဓမ္မအစစ် မဟုတ် (ဓမ္မအတု)
၂။ ဥဝိနယော = ဝိနည်းအစစ် မဟုတ် (ဝိနည်းအတု)

http://www.dhammadownload.com

ဥဒ္ဓမ္မော၊ ဥပ္ပိနယောဒ္ဓ် ဓမ္မ၊ ဝိနယ ဟူသော နာမ်ပုဒ်တို့သည် ဓမ္မအစစ်၊ ဝိနည်းအစစ် ဟူသော မိမိအနက်ကို စွန့်၍ ဓမ္မအတု၊ ဝိနည်းအတု ဟူသော အနက်ကို ဟောရသဖြင့် ဥ ဟူသော ဥပသာရပုဒ်သည် ဓမ္မ၊ ဝိနယ ဟူသော နာမ်ပုဒ်တို့၏အနက်ကို ပြင်ဆင်၏။

အာချာတ်ပုဒ်ကို ခြယ်မှုန်းပေးပုံ

၁။ လဘတိ = ရ၏။ ပဋိလဘတိ = ရ၏။
၂။ ဝေဒေတိ = ခံစား၏။ သံဝေဒေတိ = ခံစား၏။

ဤ၌ ပဋိ၊ သံဥသာပုဒ်တို့သည် လဘဓာတ်၊ ဝိဒဓာတ်တို့၏ ဟောနေကျ အနက်ကိုပင် ဟောစေသဖြင့် ပဋိလဘတိ၊ သံဝေဒေတိ ဟု အာချာတ်ပုဒ် ကိုသာ ခြယ်မှုန်း၏။

မှတ်ချက်။ ။ ဤဥပသာရပုဒ်မျိုးကို ဓာတွတ္ထာ နုဝတ္တက ဥပသာရ ဟု ခေါ်၏။

နာမ်ပုဒ်ကိုခြယ်မှုန်းပေးပုံ

ဖဿော = တွေ့ထိခြင်း သမ္ဖဿော = တွေ့ထိခြင်း။

ဤ၌ သံ ဟူသော ဥပသာရသည် ဖဿ ဟူသော နာမ်ပုဒ်၏အနက်ကို ဟောနေကျအတိုင်း တွေ့ထိခြင်းအနက်ကိုပင် ဟောစေပြီး သမ္ဖဿော ဟု ပုဒ်ကို ခြယ်မှုန်းပေး၏။

မှတ်ချက်။ ။ ဥပသာရပုဒ်အတွက် သီးခြားပါဠိရေးထုံး မရှိပါ။ ရူပသိဒ္ဓိလာ ဥပသာရဟောနက်များနှင့် ပုံစံတို့ကို ကျက်မှတ်ထားလျှင် လုံလောက်၏။

http://www.dhammadownload.com

ဥပသာရပုဒ်၏ ဟောနက်နှင့် ပုံစံများ

အနက်	ပုံစံ	မြန်မာ
အပြား	ပညာ	အပြားအားဖြင့် သိသော တရား
အစအလုပ်	ဝိပွကတံ	စ၍ပြုအပ်အပြီး မသတ်သေး သောအလုပ်
ပြဓါန်းခြင်း	ပဏီတံ	ပြဓါန်းသည်၏ အဖြစ်သို့ ဆောင်အပ်၏
ပြဓါန်းခြင်း	ပဏီတံ	မွန်မြတ်၏
ပြဓါန်းခြင်း	ပဓာနံ	ပြဓါန်း၏
အစိုးရခြင်း	ပဘူ	အစိုးရသူ
အတွင်း၌ဖြစ်ခြင်း	ပက္ခိတ္တံ	ထည့်သွင်းအပ်၏
ကွေကွင်းခြင်း	ပဝါသီ	ကင်း၍နေခြင်းရှိသူ
ထိုမှတခြား	ပါစရိယော	ဆရာ၏ဆရာကြီး
အလွန်	ပဝုဒ္ဓကာယော	အလွန်ကြီးသောကိုယ်ရှိသူ
စ၍ဖြစ်ခြင်း	ပဘဝတိ	စ၍ဖြစ်၏
တင်းတိမ်ခြင်း	ပဟူတံ	ပေါများ၏
မနောက်ကျခြင်း	ပသန္နံ	ကြည်လင်၏
တောင်းတခြင်း	ပဏိဟိတံ	ဆုတောင်းအပ်၏

ပရာဟောနက်နှင့် ပုံစံများ

ဆုတ်ယုတ်ခြင်း	ပရာဘဝေါ	ပျက်စီးခြင်း
ရှုံးခြင်း	ပရာဇိတော	ရှုံးစေအပ်၏
လဲလျောင်းမှီခို	ပရာယနံ	လဲလျောင်းမှီခိုရာ

http://www.dhammadownload.com

အားထုတ်ခြင်း	ပရက္ကမတိ	အားထုတ်၏
သုံးသပ်ခြင်း	ပရာမသနံ	သုံးသပ်ခြင်း

နိ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
အကြွင်းအကျန်မရှိ	နိရဝသေသံ	အကြွင်းအကျန် မရှိအောင်
ထွက်သွားခြင်း	နိယျာတိ	ထွက်မြောက်၏
ထုတ်ဆောင်ခြင်း	နိဒ္ဓါရဏံ	ထုတ်ဆောင်ခြင်း
အတွင်းသွင်းခြင်း	နိခါတော	စိုက်အပ်၏
မရှိခြင်း	နိမ္မက္ခိကံ	ပျားကောင်မရှိ
တားမြစ်ခြင်း	နိဝါရေတိ	တားမြစ်၏
လွတ်မြောက်ခြင်း	နိဗ္ဗာနံ	ဝါနမ့လွတ်မြောက်သော နိဗ္ဗာန်
ထင်ရှားဖြစ်ခြင်း	နိမ္မိတံ	ဖန်ဆင်းအပ်၏
ဆုံးဖြတ်ခြင်း	နိစ္ဆယော	အဆုံးအဖြတ်
ဝေဖန်ခြင်း	နိဒ္ဒေသော	အကျယ်ညွှတ်ပြခြင်း
နှိုင်းယှဉ်ခြင်း	နိဒဿနံ	ညွှန်ပြအပ်သော ဥဒါဟရဏ်
စူးစမ်းဆင်ခြင်ခြင်း	နိသာမနံ	စူးစမ်းဆင်ခြင်ခြင်း
ပြီးဆုံးခြင်း	နိဋ္ဌိတံ	ပြီးဆုံးပြီ
လိမ္မာသူ	နိပုဏော	သိမ်မွေ့သူ

နီ၏ဟောနက်နှင့် ပုံစံများ

ပယ်ထုတ်ခြင်း	နီဟရတိ	ထုတ်ပယ်၏
တားမြစ်ခြင်း	နီဝရဏံ	တားမြစ်တတ်သောတရား

http://www.dhammadownload.com

ဥ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
တိုးတက်ခြင်း	ဥဂ္ဂစ္ဆတိ	အထက်သို့တက်၏၊ တိုးတက်၏
အထက်အမှူ	ဥဋ္ဌိတော	ထ၏
အထက်အမှူ	ဥက္ကေပေါ	မြှောက်ခြင်း
ပြဓါန်းခြင်း	ဥတ္တမော	မြတ်သူ
ပြဓါန်းခြင်း	လောကုတ္တရော	လောကထက် မြင့်မြတ်သောတရား
ကွေကွင်းခြင်း	ဥဗ္ဘာသိတော	ကင်း၍နေစေအပ်သူ
ကောင်းစွာဖြစ်ခြင်း	ဥဘ္ဘူတော	ဖြစ်ပေါ်လာပြီ
သရုပ်ကို ရခြင်း	ဥပ္ပန္နံ	ဖြစ်ပြီ
စွမ်းနိုင်ခြင်း	ဥဿဟတိ	စွမ်းနိုင်၏
သရုပ်အားဖြင့်ဆိုခြင်း	ဥဒ္ဒိသတိ	သရုပ်အားဖြင့် ရွတ်ဆို၏

ဒု၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
မတင့်တယ်ခြင်း	ဒုဂ္ဂန္ဓော	မတင့်တယ်သောအနံ့
မရှိခြင်း	ဒုဿီလော	သီလမရှိသူ
မရှိခြင်း	ဒုဿ်ကံ့	တမင်းမရှိခြင်း၊ ငတ်မွတ် ခေါင်းပါး အစာရှားခြင်း
စက်ဆုပ်အပ်သောအမှူ	ဒုက္ကဋံ	စက်ဆုပ်အပ်စွာ ပြုအပ်သောအမှူ

http://www.dhammadownload.com

မပြည့်စုံခြင်း	ဒုဿသံ	ကောက်စပါးမပြည့်စုံခြင်း
ဆင်းရဲငြိုငြင်ခြင်း	ဒုက္ကရံ	ခဲယဉ်းစွာ ပြုအပ်၏
ဖောက်ပြန်သောအဆင်း	ဒုဗ္ဗဏ္ဏော	အဆင်းမလှသူ
ရှိသူ	ဒုမ္မုခေါ	မျက်နှာမလှသူ

သံ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
ပေါင်းစပ်ခြင်း	သန္ဓိ	ပေါင်းစပ်ခြင်း
ကောင်းစွာ	သမာဓိ	ကောင်းစွာအာရုံ၌ ထားတတ်သော တရား
အညီအမျှ	သမ္မယုတ္တော	အညီအမျှ အပြားတို့ဖြင့် ယှဉ်၏
ထက်ဝန်းကျင်	သံကိဏ္ဏော	ထက်ဝန်းကျင် ရောပြွမ်းကုန်၏
တက်ဝန်းကျင်	သမုလ္လပနာ	ထက်ဝန်းကျင်မြောက်ပင့်ပြောဆိုခြင်း
ပေါင်းဆုံ	သင်္မော	ပေါင်းဆုံခြင်း
အကျဉ်းချုံး	သမာသော	ပုဒ်တို့ကို ချုံးခြင်း
အလွန်အကဲ	သာရတ္တော	ပြင်းစွာ တပ်မက်၏
အတူတကွ	သံဝါသော	အတူနေခြင်း/ပေါင်းသင်းခြင်း
အနည်းငယ်	သမတ္ထေါ	နည်းသောအဖိုး ရှိ၏၊ အဖိုးချို၏
စ၍ဖြစ်ရာ	သမ္ဘဝေါ	စ၍ဖြစ်ရာအရပ်
ရှေးရှု၏အဖြစ်	သမ္မုခံ	မျက်နှာ၏ရှေ့ရှု/မျက်မှောက်
ပေါင်းယူခြင်း	သင်္ဂဟတိ	သိမ်းယူ၏
စီစဉ်ခြင်း	သံယုတ္တံ	ပေါင်းစပ်အပ်၏
ပိတ်ခြင်း	သံဝုတံ	ပိတ်ဆို့အပ်၏

http://www.dhammadownload.com

အဖန်ဖန်ပြုခြင်း	သန္ဓာဝတိ	အဖန်ဖန်ပြေးသွားရ၏
ပြည့်စုံခြင်း	သမ္ပန္နော	ပြည့်စုံ၏

ဝိ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
အထူး	ဝိမုတ္တိ	အထူးသဖြင့် လွတ်မြောက်ခြင်း
အထူး	ဝိသိဋ္ဌော	ထူး၏
အပြား	ဝိမတိ	အမျိုးမျိုးမှတ်ထင်ခြင်း/ တွေးတောခြင်း
အပြား	ဝိစိတြံ	အထူးထူးဆန်းကြယ်၏
ဆန့်ကျင်ဘက်	ဝိဝါဒေါ	ဆန့်ကျင်ဘက်ပြောဆိုခြင်း
ကင်းခြင်း	ဝိမလံ	ကင်းသော အညစ်အကြေး ရှိ၏
မယှဉ်ခြင်း ဖောက်ပြန်သော	ဝိပဉ္စတ္တော	မယှဉ်သော တရား
အဆင်း	ဝိရူပေါ	ဖောက်ပြန်သောအဆင်း ရှိ၏

အဝ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
အောက်အဖို့	အဝက္ခိတ္တံ	အောက်သို့ ချအပ်သော
ကင်းခြင်း	ဩမုက္ကဥပါဟနော	ချွတ်အပ်သောဖိနပ်ရှိသူ၊ ဖိနပ်ချွတ်ထားသူ
စွန့်ပစ်ခြင်း	အဝကောလိယံဝနံ	ဥဩဇာကသည်စွန့်ပစ်အပ်သောတော

http://www.dhammadownload.com

လွှမ်းမိုးခြင်း	အဝဇာနန	အထင်သေးခြင်း
လွှမ်းမိုးခြင်း	အဝမညတိ	အထင်သေး၏
သိခြင်း	အဝဂစ္ဆတိ	သိ၏
စင်ကြယ်ခြင်း	ဝေါဒါနံ	ဖြူစင်ခြင်း
ဆုံးဖြတ်ခြင်း	အဝဓာရဏံ	ပိုင်းခြားသတ်မှတ်ခြင်း
အရပ်	အဝကာသော	အရပ်
ခိုးခြင်း	အဝဟာရော	ခိုးခြင်း

အနု၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
အစဉ်လိုက်ခြင်း	အန္ဓေတိ	အစဉ်လိုက်၏
မပြတ်စဲခြင်း	အနုသယော	အစဉ်မပြတ်ကိန်းဝပ်သော ကိလေသာ
နောက် ဟူသော အနက်	အနုရထံ	ရထား၏နောက်
အလွန် ဟူသော အနက်	အနုရတ္တော	အလွန်တပ်မက်၏
တူသည်၏အဖြစ်	အနုရူပံ	လျော်၏

ပရိ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
ထက်ဝန်းကျင်	ပရိဝုတော	ထက်ဝန်းကျင်စောင့်ရှောက်အပ်၏၊ ခြံရံအပ်၏
ပိုင်းခြားခြင်း	ပရိညေယျံ	ပိုင်းခြား၍ သိအပ်၏

http://www.dhammadownload.com

ရှောင်ကြဉ်ခြင်း	ပရိဟရတိ	ရှောင်လွှဲ၏
လည်ဖက်ခြင်း	ပရိသာဇတိ	လည်ဖက်၏
ဝတ်ရုံခြင်း	ဝတ္ထံပရိဝဿတိ	အဝတ်ကို ဝတ်ရုံလတ္တံ့
ပူဇော်ခြင်း	ပါရိစရိယာ	ပြုစုလုပ်ကျွေးခြင်း
ကျွေးခြင်း	ဘိက္ခုံပရိဝိသတိ	ရဟန်းကို ဆွမ်းလုပ်ကျွေး၏
အထင်သေးခြင်း	ပရိဘဝတိ	လွှမ်းမိုး၏
အပြစ်ပြောခြင်း	ပရိဘာသတိ	အပြစ်ပြော၏/ခြိမ်းခြောက်၏

အဓိ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
အလွန်အကဲ	အဓိသီလံ	လွန်ကဲ (သာလွန်) သောသီလ
အစိုးရသူ	အဓိပတိ	အကြီးအကဲ
အစိုးရသူ	အဓိပြဟ္မဒတ္တော ပဉ္စာလာ	ပဉ္စာလ တိုင်းသား တို့သည် ပြဟ္မဒတ်မင်း ဟူသော အစိုး ရသူရှိကုန်၏
အထက်၌ဖြစ်ခြင်း	အဓိရောဟတိ	တက်၏
အထက်၌ဖြစ်ခြင်း	ပထဝီ အဓိသေဿတိ	မြေ၏အပေါ်၌ အိပ်ရလတ္တံ့
လွှမ်းမိုးခြင်း	အဓိဘဝတိ	လွှမ်းမိုး၏
သရဏျာယ်ခြင်း	အဓိတေ	ရွှတ်အံ့သင်ယူ၏
အဓိဌာန်ခြင်း	အဓိဋ္ဌာတိ	အဓိဌာန်၏
ဆုံးဖြတ်ခြင်း	အဓိမောက္ခော	ဆုံးဖြတ်တတ်သော တရား
ရောက်ခြင်း	အဓိဂစ္ဆတိ	ရ၏

http://www.dhammadownload.com

အဘိ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
ရှေးရှုဖြစ်ခြင်း	အဘိတ္တမတိ	ရှေးရှုသွား၏
ရှေးရှုဖြစ်ခြင်း	အဘိမုခေါ	ရှေးရှု
အထူး	အဘိဓမ္မော	ထူးကဲသော တရား
အလွန်အကဲ	အဘိဝဿတိ	အလွန်ရွာ၏
အထက်အမှူ	အဘိရုဟတိ	တက်၏
အမျိုးကောင်း	အဘိဇာတော	မြတ်သော အမျိုး၌ဖြစ်သူ
လျောက်ပတ်သပ္ပါယ်	အဘိရူပေါ	လွန်ကဲသော အဆင်းရှိသူ
ရှိခိုးခြင်း	အဘိဝါဒေတိ	ရှိခိုး၏

ပတိ (ပဋိ) ၏ ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
မှီခြင်း	ပစ္စက္ခံ	စက္ခုစသော ဣန္ဒြေကို မှီသောဉာဏ်/မျက်မှောက်
ဆန့်ကျင်ဘက်	ပတိသောတံ	ရေ၏ဆန့်ကျင်ဘက် (ရေညာ/ရေဆန်)
အစားပေးခြင်း	ပတိဒဒါတိ	အစားပေး၏
တားမြစ်ခြင်း	ပဋိသေဓနံ	တားမြစ်ခြင်း
ပြန်နှစ်ခြင်း	ပတိဂ္ဂမတိ	နောက်ဆုတ်၏
တူမျှခြင်း	ပတိရူပကံ	အတူ (အတူ)
ကုစားခြင်း	ပတိကာရော	ကုစားခြင်း
ယူခြင်း	ပတိဂ္ဂဏှာတိ	ခံယူ၏

http://www.dhammadownload.com

ထိုးထွင်း၍သိခြင်း	ပဋိဝေဓော	ထိုးထွင်းသိခြင်း
စွဲမှီခြင်း	ပစ္စယော	စွဲ၍ဖြစ်သည်

သု၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
တင့်တယ်ခြင်း	သုဂန္ဓော	တင့်တယ်သောအနံ့
ကောင်းစွာ	သုဂတော	ကောင်းစွာ ကြွသွားတော်မူတတ်သော မြတ်စွာဘုရား
ပြည့်စုံခြင်း	သုဘိက္ခံ	ထမင်း၏ပြည့်စုံခြင်း/သာယာဝပြော အစာပေါခြင်း
လွယ်ကူခြင်း	သုကရော	လွယ်ကူစွာ ပြုအပ်၏

အာ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
ရှေးရှုဖြစ်ခြင်း	အာဂစ္ဆတိ	လာ၏
အတက်အမှု	အာရောဟတိ	တက်၏
အပိုင်းအခြား	အာပတ္ထတာ	တောင်တိုင်အောင်/တောင်အထိ
ပျံ့နှံ့ခြင်း	အာကုမာရံယသော ကစ္စာယနဿ	ကစ္စည်းထေရ်၏အကျော်အဇော သည် ကလေးတိုင်အောင်ဖြစ်၏
ရောက်ခြင်း	အာပန္နော	ရောက်၏
လိုလားခြင်း	အာကင်္ခီ	လိုလားခြင်း
လည်ဖက်ခြင်း	အာလိင်္ဂံ	လည်ဖက်ခြင်း

http://www.dhammadownload.com

အစအမှူ	အာရမ္ဘော	စတည်အားထုတ်ခြင်း
ယူခြင်း	အာဒိယတိ	ယူ၏
ယူခြင်း	အာလမ္ဗတိ	ဆွဲကိုင်၏
နေရာ	အာဝသထော	နေရာအိမ်
အနီး	အာသန္နံ	အနီး
ခေါ်ခြင်း	အာမန္တေတိ	ခေါ်၏

အတိ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
သာလွန် (ကျော်လွန်ခြင်း)	အတိရောစတိ	သာလွန်တင့်တယ်၏
လွန်သွားခြင်း	အတီတော	လွန်၍ဖြစ်၏
ကဲလွန်	အစ္စန္တံ	အပိုင်းအခြားကို လွန်၏
အလွန်	အတိကုသလော	အလွန်လိမ္မာ၏
အလွန်	အတိဝုဋ္ဌိ	အလွန်ကြီးခြင်း

အပိ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
ချီးမြှောက်ခြင်း	မေရုမ္ပိဝိနိ	မြင့်မိုရ်တောင်ကိုသော်လည်း
	ဝိဇ္ဈိတ္ဝာဂစ္ဆေယျ	ဖောက်ထွင်း၍သွားနိုင်ရာ၏
ငဲ့ခြင်း	အယမ္ပိဓမ္မော	ဤအာပတ်လည်း အနိယတ
	အနိယတော	တည်း
ဆည်းခြင်း	ဣတိပိအရဟံ	ဤအကြောင်းကြောင့်လည်း အရဟ မည်တော်မူ၏

http://www.dhammadownload.com

ကဲ့ရဲ့ခြင်း	အပိအမ္ဘာကံ	ငါတို့၏ ပညာရှိကြီး (စက်ဆုပ်
	ပဏ္ဍိတက	အပ်သော ပညာရှိ)
မေးခြင်း	အပိဘန္တေဘိက္ခံ	အရှင်ဘုရားဆွမ်းကို ရပါ
	လဘိတ္ထ	ကုန်၏လော့

အပ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
ကင်းခြင်း	အပမာနော	ကင်းသော မာနရှိ၏
ကင်းခြင်း	အပေတာ	ကင်း၏
ကဲ့ရဲ့ခြင်း	အပဂဗ္ဘော	နတ်ပြည် ပဋိသန္ဓေမှကင်းသူ/
		ယုတ်ညံ့သော ပဋိသန္ဓေနေခြင်းရှိသူ
ရှောင်ကြဉ်ခြင်း	အပသာလာယ	ကုန်သည်တို့သည် ကင်းတဲကို
	အာယန္တိဝါဏိဇာ	ရှောင်လွဲကြကုန်၍ လာကုန်၏
ပူဇော်ခြင်း	ဝုဒ္ဓါပဇာယိ	ကြီးရင့်သူကို ရိုသေလေ့ရှိသူ
ပြစ်မှားခြင်း	အပရဇ္ဈတိ	ပြစ်မှား၏

ဥပ၏ဟောနက်နှင့် ပုံစံများ

ဟောနက်	ပုံစံ	မြန်မာ
ချဉ်းကပ်ခြင်း	ဥပနိသီဒေယျ	ကပ်၍ထိုင်အံ့
အနီးကပ်	ဥပ နဂရံ	မြို့၏အနီး
ပဋိသန္ဓေနေခြင်း	သဂ္ဂံလောကံ	နတ်ပြည်၌ ပဋိသန္ဓေနေရ၏
	ဥပပဇ္ဇတိ	
ရောက်ခြင်း	။	နတ်ပြည်သို့ ရောက်၏

http://www.dhammadownload.com

အသင့်	ဥပပတ္တိတော	အသင့်အားဖြင့်
တူသည်၏အဖြစ်	ဥပမာနံ/ဥပမာ	နှိုင်းယှဉ်ကြောင်းဥပမာ
အလွန်	ဥပဓါရိယံဒေါဏော	တတို့ထက် ပိုသော တစ်စိတ်
အထက်၌ဖြစ်ခြင်း	ဥပသမ္ဗန္ဓော	မြင့်မြတ်သော ရဟန်း အဖြစ်သို့ ရောက်၏
အစာမစားခြင်း	ဥပဝါသော	ဥပုသ်စောင့်ခြင်း
အပြစ်ပြောခြင်း	ပရံဥပဝဒတိ	သူတစ်ပါးကို စွပ်စွဲ၏
အမည်	ဥပဓာ	ဥပဓာအမည်
အမည်	ဥပသဂ္ဂါ	ဥပသာရပုဒ်
ရှေးဦးစွာပြုခြင်း	ဥပက္ကမော	လှုံ့လပြုခြင်း
ရှေးဦးစွာပြုခြင်း	ဥပကာရော	ကျေးဇူးပြုခြင်း
ပူဇော်ခြင်း	ဗုဒ္ဓပဋ္ဌာကော	ဘုရားကို လုပ်ကျွေးသူ
ပူဇော်ခြင်း	မာတုပဋ္ဌာနံ	မိခင်ကို လုပ်ကျွေးသူ
ယူထိုက်သော	သောစေယျပစ္စု	စင်ကြယ်သူ၏အဖြစ်ဖြင့်
- အခြင်းအရာ	ပဋ္ဌာနံ	ထင်ရှားလာတတ်၏
အလွန်အကဲ	ဥပါဒါနံ	ပြင်းစွာယူခြင်း
အလွန်အကဲ	ဥပါယာသော	ပြင်းစွာပင်ပန်းခြင်း
အလွန်အကဲ	ဥပနိဿယော	အားကြိုးသောမှီရာ

ပထမဓနေ့

၁။ နိပုဏော မာဏဝေါ ပါစရိယဿသန္တိကေ ဒုက္ကရံကမ္မံ ကရောတိ။

၂။ မြတ်သောယောကျ်ားသည် ခဲယဉ်းစွာ ပြုလုပ်အပ်သော အလုပ်ကို ပြုလုပ်ခြင်းငှာ စွမ်းနိုင်၏။

http://www.dhammadownload.com

၃။ မိန်းမ၌ပြင်းစွာ တပ်မက်သော ယောကျ်ားသည် ထိုမိန်းမကို လက်ဖြင့် ဆွဲကိုင်၏။

ဒုတိယနေ့

၁။ ဗုဒ္ဓုပဋ္ဌာကော ပုရိသော အတ္တနော သမ္မုခေဗုဒ္ဓံ ပရိဝိသတိ။
၂။ လူတို့သည် သီလမရှိသော လူတို့ကို အထင်သေးကြ၏။
၃။ သင်တို့သည် ငတ်မွတ်ခေါင်းပါး အစာရှားသောအခါ၌ ရဟန်းတို့အား မွန်မြတ်ကုန်သော သစ်သီးတို့ကို လှူကြ၏။

တတိယနေ့

၁။ အမှာကံ ဥယျာနံ အာဝိဟာရာ တိဋ္ဌတိ။
၂။ ကိုရင်သည် ရဟန်းအား သင်္ကန်းကို သပိတ်အစားပေး၏။
၃။ လူတို့သည် မိဘတို့နှင့် ငြင်းခုံခြင်းမှ ရှောင်ကြဉ်ကြလော။

နိပါတ်ပုဒ်

ဝါကျ၏ အစအလယ်အဆုံး တစ်နေရာမှစ၍ မိမိဟောလိုသော အနက်အဓိပ္ပါယ်ကို နာမ်ပုဒ်၊ ကြိယာပုဒ်တို့နှင့် တွဲဖက်၍ ညွှန်ပြသော စ၊ ပ အစရှိသောပုဒ်တို့သည် "နိပါတ်ပုဒ်" တို့ မည်၏။

ယင်းနိပါတ်ပုဒ်နှင့် ဥပသာရပုဒ်များသည် လိင်သုံးပါး၊ ဝိဘတ် (၇) သွယ်တို့နှင့် ဆက်သွယ်သော်လည်း မူလရုပ်သွင်အနေအထား ပြောင်းလဲမှု မရှိသဖြင့် "အဗျယ" ပုဒ်များလည်း မည်၏။

http://www.dhammadownload.com

ပုံစံ

ပုံစံ။ ။ (က) မာ မံ ဘန္တေ နာသေထ။

မြန်မာ။ ။ အရှင်ဘုရား တပည့်တော်မ၏ (စည်းစိမ်) ကို မဖျက်ဆီးကြပါကုန်လင့်။

ရှင်းလင်းချက်။ ။ ဤ "မာ" ဟူသော နိပါတ်ပုဒ်သည် ဝါကျ၏အစ၌ တည်လျက် မိမိဟောလိုသော "တားမြစ်ခြင်း" အနက်ကို "နာသေထ" ဟူသော ကြိယာပုဒ်နှင့် တွဲဖက်၍ ညွှန်ပြသည်။

ပုံစံ။ ။ (ခ) ဒီဏာသဝေါပန ဇီဝိတေဝါ မရဏေဝါ ဥပေက္ခ ကောဝဟောတိ။

မြန်မာ။ ။ ရဟန္တာသည်ကား အသက်ရှင်ခြင်း၌ဖြစ်စေ၊ သေခြင်း၌ဖြစ်စေ (မုန်း၊ ချစ်မပြု) လျစ်လျူရှုသည်သာ ဖြစ်၏။

ရှင်းလင်းချက်။ ။ ဤ၌ "ပန၊ ဧဝ နိပါတ်ပုဒ်တို့သည် ဝါကျ၏အလယ်ကနေ၍ နာမ်ပုဒ်များနှင့်တွဲဘက်ပြီး၊ မိမိတို့ဟောလိုသော "ဆန့်ကျင်ဘက်အနက်" "ပိုင်းခြားကန့်သတ်ခြင်းအနက်" တို့ကို ဟောကုန်၏။

ပုံစံ။ ။ (ဂ) ပုညကရဏံ ဟိဏ္ဍမစေဝ သမ္မရာယေစ သုခမေဝ။

မြန်မာ။ ။ ကုသိုလ်ကောင်းမှုပြုခြင်းသည် ယခုဘဝ၌ပင်ဖြစ်စေ၊ နောက်ဘဝ၌ပင်ဖြစ်စေ ချမ်းသာ (သောအကျိုးကို ဖြစ်စေနိုင်) သည်သာ။

http://www.dhammadownload.com

ရှင်းလင်းချက်။ ။ ဤ ဓဇနိပါတ်ပုဒ်သည် ဝါကျ၏အဆုံးကနေ၍ မိမိဟောလိုသော "ပိုင်းခြားကန့်သတ်ခြင်း" အနက်ကို သုခ ဟူသောနာမ်ပုဒ် နှင့် တွဲဖက်၍ ညွှန်ပြလေသည်။

နိပါတ်ပုဒ်အမျိုးအစား

ယင်းနိပါတ်ပုဒ်သည် -

၁။ ပဋိသေဓနိပါတ်ပုဒ်

၂။ ပုစ္ဆာနိပါတ်ပုဒ်

၃။ သမ္ပန္နနိပါတ်ပုဒ် အစရှိသောအားဖြင့် များစွာရှိကုန်၏။

ပဋိသေဓနိပါတ်ပုဒ်

ဝါကျ၏ အစအလယ်အဆုံး တစ်နေရာရာကနေ၍ ကြိယာ၏မူလ အဓိပ္ပါယ်ကို တားမြစ်သော "န၊ နော၊ မာ" စသော နိပါတ်တို့သည် "ပဋိသေဓ" နိပါတ်ပုဒ်တို့မည်၏။ ထိုတွင် -

(၁) "န၊ နော" နိပါတ်ပုဒ်တို့သည် များသောအားဖြင့် "မ၊ မဟုတ်၊ မရှိ" ဟူသော အဓိပ္ပါယ်ကို ညွှန်ပြကုန်၏။ "န" ကို အသုံးများ၏။ "နော" ကို အသုံးနည်း၏။

(၂) "မာ'ပုဒ်သည် တားမြစ်ခြင်း အဓိပ္ပါယ်ကို ပြ၏။ ယင်းကို အဇ္ဇတနီ၊ အာဏာတ္တိ၊ (ပဉ္စမီ) ကြိယာတို့နှင့် တွဲဖက်သုံးရ၏။

http://www.dhammadownload.com

ကျက်ရန်

ဘိယျော	- အလွန်၊ လွန်စွာ။	သုဝေ-သွေ	- နက်ဖြန်၌။
သယံ၊ သာမံ	- ကိုယ်တိုင်။	ပရသုဝေ	- သဘက်ခါ၌။
အဇ္ဇ	- ယနေ့။	ဟိယျော	- မနေ့က (ယမန်နေ့၌)
အပရဇ္ဇ	- နက်ဖြန်၌။	ပရေ	- တမြန်နေ့၌။

အမှတ် (၂)၊ သင်ခန်းစာ

နံ ဝါကျနှင့် မာ ဝါကျ ရေးနည်း

၁။ နံ နိပါတ်ပုဒ်သည် ပယ်မြစ်ခြင်း၊ ပဋိက္ခေပအနက်ကို ဟော၏။

၂။ နံ သဒ္ဒါကို အများအားဖြင့် ဝါကျ၏အစ၌ ထားရ၏။

၃။ နံ သဒ္ဒါကို ကြိယာပုဒ်နှင့် တွဲစပ်၍ "မလုပ်၊ မသွား" စသည်ဖြင့် မြန်မာပြန်ရ၏။

၄။ မြန်မာပြန်သောအခါ ပစ္စုပ္ပန်အနက်၌ဖြစ်သော ဝိဘတ်၏အနက်များကို ချန်လှပ်၍ မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) နခေါ သုဒိန္နံ တထာဂတာ အနနုညာတံ မာတာပိတူဟိ ပုတ္တံ ပဗ္ဗာဇေန္တိ။[၁]

မြန်မာ။ ။ ချစ်သား သုဒိန် ဘုရားရှင်တို့သည် မိဘများ ခွင့်မပြုအပ်သောသားကို ရှင်ရဟန်းပြုမပေးကြ။

ပုံစံ။ ။ (ခ) နခေါ အာဝုသော ပိဏ္ဍော လဘ္ဘတိ။[၂]

မြန်မာ။ ။ ငါ့ရှင် ဒါယကာ ဆွမ်းကို မရအပ်။

၁။ ဝိ-၁၊ ၁၄ ၂။ ဝိ-၁၊ ၂၇၅

http://www.dhammadownload.com

ပုံစံ။ ။ (ဂ) နု ဘိက္ခဝေ ဒါသော ပဇွာဇေတဇွော။[၁]
မြန်မာ။ ။ ရဟန်းတို့ ကျွန်ကို ရှင်ရဟန်းမပြုအပ်။

မာ ဝါကျ

၁။ မာ နိပါတ်ပုဒ်သည် တားမြစ်ခြင်း၊ ပဋိသေဓအနက်ကို ဟော၏။

၂။ မာ သဒ္ဒါကို ကြိယာပုဒ်နှင့်တွဲစပ်၍ "မလုပ်နှင့်၊ မလုပ်နဲ့" စသည်ဖြင့် မြန်မာပြန်ရ၏။

၃။ မာ သဒ္ဒါကို အမျာ်းအားဖြင့် ဝါကျ၏အစ၌ ထားရ၏။

၄။ အာလုပ်ပုဒ်နှင့် နိပါတ်ပုဒ်ပါရှိလျှင် မာ သဒ္ဒါကို အမျာ်းအားဖြင့် ကြိယာပုဒ်၏ ရှေ့၌ ထားရ၏။

၅။ မာ သဒ္ဒါကို အာချာတ် ပဉ္စမီ၊ ဟိယျတ္တနီ၊ အဇ္ဇတနီဝိဘတ် သုံးမျိုး၌သာ အသုံးပြုရ၏။

ပုံစံ။ ။ (က) မာကဿစိ ကောပံ ကရိတ္ထ။[၂]
မြန်မာ။ ။ တစ်စုံတစ်ယောက်သောသူ၏အပေါ်၌ အမျက်ထွက်ခြင်းကို မပြုကြနှင့်။

ပုံစံ။ ။ (ခ) မာ ယသ္မာ ဧဝံ အဝစ။[၃]
မြန်မာ။ ။ အရှင်သည် ဤသို့ မပြောပါနဲ့။

ပုံစံ။ ။ (ဂ) မာဝုသော ယမက ဧဝံ အဝစ။[၄]
မြန်မာ။ ။ ငါ့ရှင် ယမက ဤသို့ မပြောပါနဲ့။

၁။ ဒိ-၃၊ ၁၀၇ ၂။ ဓမ္မပဒ၊ ဋ္ဌ-၁၊ ၁၃၉
၃။ ဒိ-၂၊ ၁၇၇ ၄။ သံ-၂၊ ၉၀

http://www.dhammadownload.com

အာလုပ်ပုဒ်ပါသောပုံစံ။ ။ (က) အမှ အဇ္ဇတော ပဋ္ဌာယ တွံ ကိလိဋ္ဌ ကမ္မံ မာကရိ။[၁]

မြန်မာ။ ။ အမေ သင်သည် ယနေ့မှစ၍ ညစ်နွမ်းသော အစေခံအလုပ်ကို မလုပ်ပါနဲ့။

ပုံစံ။ ။ (ခ) တုမ္ဟေ တာတာ ဧဝံ မာဝေထ။[၂]

မြန်မာ။ ။ ဖခင်တို့ သင်တို့သည် ဤသို့ မပြောကြပါနဲ့။

ပထမနေ့

၁။ နသာမဏေရာ အာစရိယဿ သန္တိကေ ဂန္ဆံ ဥဂ္ဂဏှန္တိ။
၂။ မိန်းမသည် လင်ကို မဆဲပါ။
၃။ ယနေ့ အရှင်ဘုရားတို့သည် မိန်းကလေးကို မကြည့်ကြနဲ့။

ဒုတိယနေ့

၁။ မာ ကဿကာ ဧညာနိ ဝိက္ကိဏန္တု။
၂။ လူနာသည် ထမင်းကို မစားပါ။
၃။ ကိုရင်တို့သည် ဆရာ၏ နေရာ၌ မထိုင်ကြနဲ့။

တတိယနေ့

၁။ တွံ အာဝုသော မမံ မာဒေသေဟိ။
၂။ သူတော်ကောင်းတို့သည် ရဟန်းကို မဆဲကြပါ။
၃။ နက်ဖြန် ရေလုပ်သားသည် လှေဖြင့် မြစ်ကို မသွားပါနဲ့။
၄။ သဘက်ခါ မိုးသည် ရွာလိမ့်မည် မဟုတ်။
၅။ ရဟန်းသည် ကိုယ်တိုင် သစ်ပင်ကို မဖြတ်ပါနဲ့။

၁။ ဓမ္မပဒ၊ ၄-၁၊ ၁၃၄ ၂။ ဓမ္မပဒ၊ ၄-၁၊ ၂၄၆

http://www.dhammadownload.com

အမှတ် (၃)၊ သင်ခန်းစာ

သာမိပုဒ်နှင့်တွဲစပ်သည့် နိပါတ်ပုဒ်များရေးနည်း

၁။ ဤနိပါတ်ပုဒ်များ၌ ရေးထုံးသီးခြား မရှိ။ နိပါတ်ပုဒ်များ၏အနက်ကို ကျက်မှတ်ထားရုံဖြင့် လုံလောက်၏။

၂။ ဤနိပါတ်ပုဒ်များကို မြန်မာပြန်သောအခါ သတ္တမီဝိဘတ်အနက် အတိုင်း ၌၊ မှာ၊ ဝယ်၊ တွင် ဟု မြန်မာပြန်ရ၏။

နိပါတ်ပုဒ်နှင့် အနက်များ

ဥပရိ	= အပေါ်၌	ပရိတော	= ထက်ဝန်းကျင်၌
ဟေဋ္ဌာ	= အောက်၌	သမန္တတော	= ထက်ဝန်းကျင်၌
ပုရော၊ ပုရတော	= ရှေ့၌	ဩရံ	= ဤဘက်၌
ပစ္ဆာ၊ ပစ္ဆတော	= နောက်၌	ပါရံ	= ထိုဘက်၌
သမီပေ၊ သန္တိကေ	= အနီး၌	ဥဒ္ဓံ	= အထက်၌
ဒူရေ	= အဝေး၌	အဓော	= အောက်၌
အဝိဒူရေ	= မနီးမဝေး၌	တိရိယံ	= ဖီလာ၌
အန္တော	= အတွင်း၌	သမ္မုခါ	= မျက်မှောက်၌
ဗဟိ	= အပြင်အပ၌	ပရမ္မုခါ	= မျက်ကွယ်၌
အန္တရာ	= အကြား၌	ရဟော	= ဆိတ်ကွယ်ရာ၌
သမန္တာ	= ပတ်ဝန်းကျင်၌	အဇ္ဈတ္တံ	= မိမိသန္တာန်၌
သာမန္တာ	= ထက်ဝန်းကျင်၊ အနီး၌	ဗဟိဒ္ဓါ၊ ဗဟိရာ၊ ဗဟိ	= အပြင်အပ၌

http://www.dhammadownload.com

ဥပရိသဒ္ဒါပုံစံ။ ။ (က) ရုက္ခဿ ဥပရိသကုဏ္ဍော ဟောတိ။
မြန်မာ။ ။ သစ်ပင်၏အပေါ်မှာ ငှက် ရှိသည်။

ပုံစံ။ ။ (ခ) ဒါရကော ဂေဟဿ ဥပရိသယတိ။
မြန်မာ။ ။ ကလေးသည် အိမ်၏အပေါ်၌ အိပ်နေ၏။

ဟေဌာသဒ္ဒါပုံစံ။ ။ (က) ရုက္ခဿ ဟေဌာ ဒါရကာ ကီဠန္တိ။
မြန်မာ။ ။ သစ်ပင်၏အောက်မှာ ကလေးများ ကစားနေကြသည်။

ပုံစံ။ ။ (ခ) ဂေဟဿ ဟေဌာ သုနခေါ သူကရံ ခုံသတိ။
မြန်မာ။ ။ အိမ်၏အောက်၌ ခွေးသည် ဝက်ကို ကိုက်နေသည်။

ပုရေ, ပုရတောသဒ္ဒါပုံစံ။ ။ (က) ဂေဟဿ ပုရေ ရုက္ခော ဟောတိ။
မြန်မာ။ ။ အိမ်၏ရှေ့မှာ သစ်ပင် ရှိသည်။

ပုံစံ။ ။ (ခ) မယ္ဟံ ပုရတော ဒါရကော နိသီဒတိ။
မြန်မာ။ ။ ငါ၏ရှေ့၌ ကလေး ထိုင်နေသည်။

ပစ္ဆာ၊ ပစ္ဆတောပုံစံ။ ။ (က) ဝိဟာရဿ ပစ္ဆာသမဏောရာ ဟောန္တိ။
မြန်မာ။ ။ ကျောင်း၏နောက်မှာ သာမဏေများ ရှိနေကြသည်။

ပုံစံ။ ။ (ခ) သော ကညာယ ပစ္ဆတော တိဋ္ဌတိ။
မြန်မာ။ ။ သူသည် မိန်းကလေး၏နောက်၌ ရပ်နေ၏။

http://www.dhammadownload.com

သမီပေ၊ သန္တိကေပုံစံ။ ။ (က) နဂရဿ သမီပေ မနုဿာ ဝသန္တိ။
မြန်မာ။ ။ မြို့၏အနီးမှာ လူများ နေကြ၏။

ပုံစံ။ ။ (ခ) သိဿော အာစရိယဿ သန္တိကေဂန္ဆံ သဇ္ဈာယတိ။
မြန်မာ။ ။ တပည့်သည် ဆရာ၏အနီး (အထံ) ၌ ကျမ်းစာကို သရဇ္ဈာယ်၏။

ဒူရေသဒ္ဒါပုံစံ။ ။ (က) နဂရဿ ဒူရေ ခေတ္တာနိဟောန္တိ။
မြန်မာ။ ။ မြို့၏အဝေးမှာ လယ်များ ရှိကြသည်။

ပုံစံ။ ။ (ခ) ကဿကော ဂါမဿ ဒူရေခေတ္တံကသတိ။
မြန်မာ။ ။ လယ်သမားသည် ရွာ၏အဝေး၌ လယ်ကို ထွန်ယက်၏။

အဝိဒူရေပုံစံ။ ။ (က) အမ္ဗာကံ ဂေဟဿ အဝိဒူရေဂေါဏာတိဏံ ခါဒန္တိ။
မြန်မာ။ ။ ငါတို့၏အိမ်၏ မနီးမဝေး၌ နွားများသည် မြက်ကိုစားနေကြသည်။

ပုံစံ။ ။ (ခ) ဂေါဃာတကော ဂါမဿ အဝိဒူရေ ဂေါဏံဃာတေတိ။
မြန်မာ။ ။ နွားသတ်သမားသည် ရွာ၏ မနီးမဝေးမှာ နွားကို သတ်၏။

အန္တောပုံစံ။ ။ (က) နဂရဿ အန္တော အရညော နဟောန္တိ။
မြန်မာ။ ။ မြို့၏အတွင်းမှာ ရန်သူများ မရှိကြပါ။

http://www.dhammadownload.com

ဗဟိပုံစံ။ ။ (က) နဂရဿ ဗဟိ အရယော နဟောန္တိ။
မြန်မာ။ ။ မြို့၏အပြင်အပဋ္ဌ ရန်သူများ မရှိကြပါ။

အန္တရာပုံစံ။ ။ (က) ဒီနံ ဂါမာနံ အန္တရာ ဧကာနဒီ အဟောသိ။
မြန်မာ။ ။ ရွာနှစ်ရွာတို့၏အကြားမှာ မြစ်တစ်မြစ် ရှိခဲ့၏။

သမန္တာပုံစံ။ ။ ဂါမဿ သမန္တာ ဥယျာနာနိ ဟောန္တိ။
မြန်မာ။ ။ ရွာ၏ပတ်ဝန်းကျင်၌ ဥယျာဉ်များ ရှိကြ၏။

သာမန္တာပုံစံ။ ။ ဂေဟဿ သာမန္တာ ဒါရကာ ဓာဝန္တိ။
မြန်မာ။ ။ အိမ်၏အနီးမှာ ကလေးများ ပြေးနေကြ၏။

ပရိတောပုံစံ။ ။ ဂါမဿ ပရိတော ပင္ဌတာ ဟောန္တိ။
မြန်မာ။ ။ ရွာ၏ထက်ဝန်းကျင်၌ တောင်များ ရှိကြ၏။

သမန္တတောပုံစံ။ ။ မနုဿာ နဒိယာ သမန္တတော ဂေဟံ ကရောန္တိ။
မြန်မာ။ ။ လူတို့သည် မြစ်၏ပတ်ဝန်းကျင်၌ အိမ်ကို ဆောက်လုပ်ကြ၏။

ဩရံပုံစံ။ ။ တုမ္ဟေ နဒိယာ ဩရံ ဝသထ။
မြန်မာ။ ။ သင်တို့သည် မြစ်၏ ဤမှာဘက်၌ နေကြ၏။

ပါရံပုံစံ။ ။ အမှံ နဒိယာ ပါရံ ဝသာမိ။
မြန်မာ။ ။ ငါသည် မြစ်၏ ထိုမှာဘက်၌ နေ၏။

ဥဒ္ဓံပုံစံ။ ။ သပ္ပေါ ဂေဟဿ ဥဒ္ဓံ ဂစ္ဆတိ။
မြန်မာ။ ။ မြွေသည် အိမ်၏အတက်၌ သွားနေ၏။

http://www.dhammadownload.com

အဓောပုံစံ။ ။ ဒါရိကာ ဂေဟဿ အဓောရောဒတိ။
မြန်မာ။ ။ ကလေးမသည် အိမ်၏အောက်၌ ငိုနေ၏။

တိရိယံပုံစံ။ ။ နာဝါ နဒိယာ တိရိယံ ဩသီဒတိ။
မြန်မာ။ ။ လှေသည် မြစ်၏ ဖီလာ၌ နစ်မြုပ်၏။

သမ္ဗုခါပုံစံ။ ။ သိဿော အာစရိယဿ သမ္ဗုခါ ဓမ္မံ ဒေသေတိ။
မြန်မာ။ ။ တပည့်သည် ဆရာ၏ မျက်မှောက်၌ တရားကို ဟော၏။

ပရမ္မုခါပုံစံ။ ။ သာမဏေရော ဘိက္ခူနံ ပရမ္မုခါဖလံ ခါဒတိ။
မြန်မာ။ ။ ကိုရင်သည် ရဟန်းတို့၏ မျက်ကွယ်၌ သစ်သီးကို ခဲစား၏။

ရဟောပုံစံ။ ။ ဘိက္ခု စက္ခုဿရဟော ဂ္လတ္ထိယာ သဒ္ဒိံ နိသီဒိ။
မြန်မာ။ ။ ရဟန်းသည် မျက်စိ၏ဆိတ်ကွယ်ရာ၌ မိန်းမနှင့် အတူ ထိုင်နေခဲ့ပြီ။

ပထမစနေ့

၁။ ဂေဟဿ ဟေဌာ ဒါရကာ ကီဠန္တိ။
၂။ အရှင်ဘုရားတို့သည် အာပတ်၏အနီး၌ စကားကို မပြောကြနဲ့။
၃။ တပည့်တော်သည် ရွာ၏ပတ်ဝန်းကျင်၌ မနေပါ။

ဒုတိယစနေ့

၁။ ဂါမဿ အဝိဒူရေ ဝနံ အဟောသိ။
၂။ ကြက်သည် သရက်ပင်၏ အပေါ်၌ အိပ်၏။
၃။ တပည့်သည် ဆရာ၏ရှေ့၌ မထိုင်နဲ့။

http://www.dhammadownload.com

တတိယနေ့

၁။ မယံ အာစရိယသာ သန္တိကေ သိပ္ပံ ဥဂ္ဂဏှာမ။
၂။ လူတို့သည် ရွာ၏အဝေးၦ အလုပ်ကို လုပ်ကြ၏။
၃။ ရဟန်းတော်များသည် ကျောင်း၏အပြင်ၦ ဖိနပ်ကို မစီးကြပါနှင့်။

အမှတ် (၄)၊ သင်ခန်းစာ

သမုစ္စယတ္ထ ၏ သဒ္ဒါ ဝါကျရေးနည်း

၁။ စ သဒ္ဒါသည် သမုစ္စယ၊ အန္ဝာစယ စသော အနက်များကို ဟော၏။ ထိုတွင် ဆည်းယူခြင်း၊ ပေါင်းစည်းခြင်း အနက်ကို သမုစ္စည်းအနက် ဟု ခေါ်၏။

၂။ ယင်းသမုစ္စည်းသည် -
(က) ကာရကသမုစ္စည်း
(ခ) ကြိယာသမုစ္စည်း
(ဂ) ဝါကျသမုစ္စည်း ဟု သုံးမျိုး ရှိ၏။

၃။ ပုဒ်အချင်းချင်း ပေါင်းစည်းခြင်းကို ကာရသမုစ္စည်း ဟု ခေါ်၏။

၄။ ကာရကသမုစ္စည်းကို (လည်းကောင်း၊ ၎င်း၊ ရယ်၊ ရော၊ ပါ) ဟု မြန်မာပြန်ရ၏။

အမှာ။ ။ လည်းကောင်း၊ ၎င်း စသော စကားရပ်များသည် မြန်မာစကားၦ "နှင့်" ဟူသော စကားနှင့် အဓိပ္ပါယ် တူကြ၏။

http://www.dhammadownload.com

၅။ ကြိယာပုဒ်အချင်းချင်း ပေါင်းစည်းခြင်းကို ကြိယာသမုစ္စည်း ဟု ခေါ်၏။

၆။ ကြိယာသမုစ္စည်းကို (လည်း၊ လဲ) ဟု မြန်မာပြန်ရ၏။

၇။ ဝါကျအချင်းချင်း ပေါင်းစည်းခြင်းကို ဝါကျသမုစ္စည်း ဟု ခေါ်၏။

၈။ ဝါကျသမုစ္စည်းကို (လည်း၊ လဲ) ဟု မြန်မာပြန်ရ၏။

၉။ စ သဒ္ဒါကို ပေါင်းစည်းလိုသော ပုဒ်နောင် ထားရ၏။

၁၀။ ကြိယာပုဒ်ကို ရေးရာ၌ အစိတ်ကို ငဲ့လျှင် ဧကဝုစ်ဝိဘတ်ဖြင့် ရေးရ၏။ အပေါင်းကိုငဲ့လျှင် ဗဟုဝုစ်ဝိဘတ်ဖြင့် ရေးရ၏။ သို့သော် ဗဟုဝုစ်ဖြင့် ပို၍ အသုံးများ၏။

ကာရကသမုစ္စည်းပုံစံ။ ။ (က) သမဏော စ သာမဏေရော စ ဗုဒ္ဓံ ဝန္ဒန္တိ။

မြန်မာ။ ။ ရဟန်းနှင့်ကိုရင် ဘုရားကို ရှိခိုးကြ၏။

(ခ) ပုရိသော စ ကွတ္ထိ စ ကမ္မံ ကရောတိ။

မြန်မာ။ ။ ယောကျ်ားရော မိန်းမပါ အလုပ်ကိုလုပ်၏။

(ဂ) ဒါရကော ဘတ္တာ၌ မံသဉ္စ ဘုဉ္ဇတိ။

မြန်မာ။ ။ ကလေးသည် ထမင်းကို လည်းကောင်း၊ အသားကိုလည်းကောင်း စား၏။

(ဃ) မနုဿာ ဘိက္ခုဿစ သာမဏေရဿစ စီဝရံဒဒန္တိ။

မြန်မာ။ ။ လူတို့သည် ရဟန်းအားလည်းကောင်း၊ ကိုရင်အားလည်းကောင်း သင်္ကန်းကို လှူကြ၏။

http://www.dhammadownload.com

(ဂ) တွံ့ စ အဟံ စ ကုသလံ ကရောမ။

မြန်မာ။ ။ မင်းရယ် ငါရယ် ကုသိုလ်ကို ပြုလုပ်ကြ၏။

အမှာ။ ။ ပုရိသ်ယ့ကပုံအကျယ်ကို ပါဠိဝါကျရေးနည်း ပထမတွဲ၌ ရှုပါ။

၁၁။ (က) ရှေ့ပုဒ်၌ စ သဒ္ဒါကို မထည့်ဘဲ နောက်ပုဒ်၌သာ ထည့်၍ လည်း ရေးနိုင်၏။

(ခ) စုဏ္ဏိယ ဝါကျတွင် ကာရကသမုစ္စည်းကြိယာသမုစ္စည်းတို့၌ ရှေ့ပုဒ်မှာ "စေဝ" သဒ္ဒါကို ထည့်ပြီး နောက်ပုဒ်မှာ "စ" သဒ္ဒါကို ထည့်၍ လည်း ရေးနိုင်၏။ ဂါထာ၌ကား ရှေ့နောက်ထားပုံ မမြဲချေ။

ပုံစံ။ ။ (က) အာစရိယော သိဿောစ ဓမ္မံ ဒေသေန္တိ။

မြန်မာ။ ။ ဆရာရော တပည့်ပါ တရားကို ဟောကြ၏။

(ခ) မာတာစေဝ ဓီတာစ ဘတ္တံ ပစန္တိ။

မြန်မာ။ ။ အမေနှင့်သမီး ထမင်းကို ချက်ကြ၏။

ကြိယာသမုစ္စည်းပုံစံ။ ။ (က) တွံ ဘုဥ္ဇာ ဟိ စ ဒဒါဟိစ။

မြန်မာ။ ။ သင် စားလည်းစားပါ လှူလည်းလှူပါ။

(ခ) ပုရိသော ကထေတိ ဘုဥ္ဇတိစ။

မြန်မာ။ ။ ယောကျ်ားသည် ပြောလည်း ပြော၏။ စားလည်းစား၏။

http://www.dhammadownload.com

(ဂ) ပုရိသော ကရောတိစေဝ ဘုဥ္ဇတိစ။

မြန်မာ။ ။ ယောကျ်ားသည် လုပ်လည်း လုပ်၏။ စားလည်း စား၏။

ဝါကျသမုစ္စည်းပုံစံ။ ။ (က) ပုရိသော စ ကမ္မံ ကရောတိ၊ ဣတ္ထိစ ဘတ္တံ ပစတိ။

မြန်မာ။ ။ ယောကျ်ားလည်း အလုပ်ကို လုပ်၏။ မိန်းမလည်း ထမင်းကို ချက်၏။

၁၂။ သမုစ္စယ ဝါကျ၌ ပိ၊ အပိ သဒ္ဒါတို့သည် စ သဒ္ဒါနှင့် ရေးနည်းတူကြ၏။

ကာရကသမုစ္စည်းပုံစံ။ ။ ဗိဠာရောပိ မူသိကောပိ မစ္ဆံ ခါဒန္တိ။

မြန်မာ။ ။ ကြောင်ရောကြွက်ပါ ငါးကို စားကြ၏။

ကြိယာသမုစ္စည်းပုံစံ။ ။ ဒါရကော နစ္စတိပိ ဂါယတိပိ။

မြန်မာ။ ။ ကလေးသည် က လည်း က၏။ သီချင်းလည်း ဆို၏။

ဝါကျသမုစ္စည်းပုံစံ။ ။ ဒါရကောပိ ခါဝတိ၊ ဒါရိကာပိ ကီဠတိ။

မြန်မာ။ ။ ကလေးသည်လည်း ပြေး၏၊ ကလေးမလည်း ကစား၏။

ပထမဓနဲ့

၁။ **ဒါရကောစ ဒါရိကာစ မဂ္ဂေခါဝန္တိ**။

၂။ **အမေနှင့် အဖေသည် စျေးသို့ သွားကြ၏**။

၃။ **လူတို့သည် ရေကို သောက်လည်းသောက်ကြ၏။ ချိုးလည်း ချိုးကြ၏**။

http://www.dhammadownload.com

ဒုတိယနေ့

၁။ ယုဝါစေဝ ယုဝတီစ ပုပ္ပံဩစိနန္တိ။
၂။ သားသမီးတို့သည် အဖေနှင့်အမေအား အဝတ်တို့ကို ပေးကြ၏။
၃။ လယ်သမားတို့သည်လည်း လယ်ကို ထွန်ကြ၏။ အလုပ်သမားတို့သည်လည်း အလုပ်ကို လုပ်ကြ၏။

တတိယနေ့

၁။ ဂါဝေါ မဟိံသာစ တိဏံ ခါဒန္တိ။
၂။ မျောက်သည် အသီးကိုလည်းကောင်း၊ အပွင့်ကိုလည်းကောင်း ခဲစား၏။
၃။ လူတို့သည် ရွာနှင့်တောမှာ နေကြ၏။

အမှတ် (၅)၊ သင်ခန်းစာ
ဝိကပ္ပနတ္ထဝါ သဒ္ဒါ ဝါကျရေးနည်း

၁။ တစ်ခုတည်းမဟုတ်ဘဲ တစ်ခုမဟုတ်တစ်ခု (တစ်ခုခု) သော အနက်ကို ရရှိခြင်းကို ဝိကပ္ပန ဟု ခေါ်၏။

အမှာ။ ။ နှစ်မျိုးသုံးမျိုး စသည်ကို ပြဆိုရာ၌ ပြဆိုသမျှအနက်အားလုံးကို ရရှိခြင်းကို သမုစ္စည်း ဟု ခေါ်၏။

နှစ်မျိုးသုံးမျိုး စသည်ကို ပြဆိုရာ၌ ပြဆိုသမျှ အနက်အားလုံးကို မရဘဲ တစ်မျိုးမျိုးသောအနက်ကိုသာ ရရှိခြင်းကို ဝိကပ္ပန ဟုခေါ်၏။ ဤသို့ သမုစ္စည်းနှင့် ဝိကပ္ပန ကွဲပြားအောင် မှတ်သားထားပါ။

http://www.dhammadownload.com

၂။ ဝိကပ္ပန သည်လည်း ကာရကဝိကပ္ပန၊ ကြိယာဝိကပ္ပန၊ ဝါကျဝိကပ္ပန ဟု နှစ်မျိုးရှိ၏။

၃။ ဝါ သဒ္ဒါကို ဝိကပ်ပြုလိုသော ပုဒ်နောင်ထားရ၏။

(က) ဝါ သဒ္ဒါကို ပုဒ်တိုင်းပုဒ်တိုင်း၌ ထားလိုက ထားနိုင်၏။

(ခ) စ သဒ္ဒါကို ကဲ့သို့ ဝါ သဒ္ဒါကိုလည်း ရှေ့ပုဒ်၌ မထားဘဲ နောက်ပုဒ်၌သာ ထားလိုက ထားနိုင်၏။

(ဂ) ဂါထာ၌ကား ရှေ့နောက်ထားပုံ မမြဲချေ။

၄။ ဝါ သဒ္ဒါနှင့်တွဲစပ်ရသောပုဒ်ကို သော်လည်း၊ သော်လဲ၊ သော်လည်းကောင်း၊ သော်ငင်း၊ ဖြစ်ဖြစ်၊ ဖြစ်စေ စသည်ဖြင့် မြန်မာပြန်ရ၏။

ကာရက ဝိကပ္ပနပုံစံ။ ။ (က) ဒေဝေါ ဝါ မနုဿောဝါ ကုသလံ ကရောန္တူ။

မြန်မာ။ ။ နတ်ဖြစ်စေ၊ လူဖြစ်စေ ကုသိုလ်ကို ပြုလုပ်ကြပါ။

(ခ) ပုတ္တော မာတရံ ပိတရံဝါ ဝန္ဒတု။

မြန်မာ။ ။ သားသည် အမေကိုသော်လည်းကောင်း၊ အဖေကိုသော်လည်းကောင်း ရှိခိုးပါ။

(ဂ) မနုဿာ ဥဋ္ဌမေနဝါ နာဝါယဝါ နဒီတရိဿန္တိ။

မြန်မာ။ ။ လူတို့သည် ဖေါင်ဖြင့်ဖြစ်ဖြစ်၊ လှေဖြင့်ဖြစ်ဖြစ် မြစ်ကို ကူးကြလိမ့်မည်။

http://www.dhammadownload.com

ကြီယာဝိကပ္ပနပုံစံ။ ။ (က) ဘိက္ခူနီ အနုပသမ္မန်ံ အက္ကောသတိဝါ ပရိဘာသတိဝါ။[၁]

မြန်မာ။ ။ ဘိက္ခူနီသည် လူသာမဏေကို ဆဲသော်လည်းဆဲ၏။ ကြိမ်းမောင်းသော်လည်း ကြိမ်းမောင်း၏။

(ခ) ဘိက္ခု နဝံ နိသီဒန သန္ထတံ ကရောတိဝါ ကာရာပေတိဝါ။[၂]

မြန်မာ။ ။ ရဟန်းသည် နိသီဒိုန် အခင်းသစ်ကို ကိုယ်တိုင်သော်လည်း ပြုလုပ်၏။ သူတစ်ပါးကို သော်လည်း ပြုလုပ်စေ၏။

ဝါက္ယဝိကပ္ပနပုံစံ။ ။ (က) တံ သတ္ထံဝါ အာဟရ၊ ဝိသံဝါခါဒ၊ ရဇ္ဇုယာဝါ ဥဗ္ဗန္ဓိတ္တာ ကာလင်္ကရောဟိ။[၃]

မြန်မာ။ ။ သင်သည် လက်နက်ကိုသော်လည်းဆောင်ယူပါ။ အဆိပ်ကိုသော်လည်း စားပါ။ ကြိုးဆွဲချ၍သော်လည်း သေပါ။

ပထမနေ့

၁။ အာစရိယောဝါ သိဿောဝါ မမ္မံ ဒေသေတု။
၂။ အမေသည် အသားကိုဖြစ်စေ၊ ငါးကိုဖြစ်စေ ချက်ပါ။
၃။ သင်သည် ရေကို ချိုးသော်လည်း ချိုးပါ။ သောက်သော်လည်း သောက်ပါ။

၁။ ဝိ-၂၊ ၄၀၆ ၂။ ဝိ-၁၊ ၃၃၉ ၃။ ဝိ-၁၊ ၉၂

http://www.dhammadownload.com

၄။ မြတ်စွာဘုရားသည်သော်လည်းကောင်း၊ ရှင်သာရိပုတ္တရာသည်သော်လည်းကောင်း ယနေ့ တရားဟောလိမ့်မည်။

ဒုတိယနေ့

၁။ ဒါရကော ရဟော သယတိဝါ ကီဠတိဝါ။

၂။ သင်သည် ဤဆေးကို သောက်သော်လည်း သောက်ပါ။ လိမ်းသော်လည်း လိမ်းပါ။

၃။ လူတို့သည် ဤသစ်သီးတို့ကို ရဟန်းအားဖြစ်စေ၊ ကိုရင်အားဖြစ်စေ လှူကြပါ။

တတိယနေ့

၁။ ကဿကော ဂါဝံဝါရက္ခတု၊ တိဏံ ဝါ လုနာတု။

၂။ ကိုရင်သည် ဤသင်္ကန်းတို့ကို ချုပ်သော်လည်း ချုပ်ပါ။ ဖွပ်လျှော်သော်လည်း ဖွပ်လျှော်ပါ။

၃။ အရှင်ဘုရားတို့သည် ကျောင်း၌ဖြစ်စေ၊ သစ်ပင်အောက်၌ဖြစ်စေ နေကြပါ။

၄။ မိန်းကလေးသည် ပန်းကိုဖြစ်စေ၊ အသီးကိုဖြစ်စေ လိုချင်၏။

အမှတ် (၆)၊ သင်ခန်းစာ

သရူပဝါကျဇယားနည်း

၁။ တစ်ခုချင်း သရုပ်ကိုဖော်ပြသော အစိတ်ဝါကျကို သရူပဝါကျ ဟု ခေါ်၏။

၂။ အပေါင်းသင်္ဂြိုဟ်ကို ဖော်ပြသော (အစိတ်ရှိရာ) ဝါကျကို သရူပဝန္တ ဝါကျ ဟု ခေါ်၏။

http://www.dhammadownload.com

၃။ သရူပဝါကျကို သရူပဝန္တဝါကျ၏ ရှေ့ကဖြစ်စေ၊ နောက်ကဖြစ်စေ ထားရ၏။

၄။ သရူပဝါကျ၌ စ သဒ္ဒါနှင့် ဣတိ သဒ္ဒါကို ထည့်၍ဖြစ်စေ၊ မထည့်ဘဲဖြစ်စေ ရေးနိုင်၏။ စ သဒ္ဒါကို သမုစ္စယဝါကျ၌ ပြခဲ့သောရေးနည်းအတိုင်း ရေးရ၏။

၅။ သရူပဝါကျနှင့် သရူပဝန္တဝါကျကို အများအားဖြင့် ဝိဘတ်တူအောင် ရေးရ၏။ မတူသောအရာလည်း ရှိ၏။ သို့သော် အသုံးနည်းလှ၏။

၆။ သရူပဝါကျ၌ လိင်နှစ်မျိုး သုံးမျိုး ရောနှောပါလာလျှင် ပုလ္လိင်ပုဒ်သို့ လိုက်၍ သရူပဝန္တဝါကျ၌ လိင်၊ ဝုစ် ထားရ၏။

၇။ သရူပဝါကျကို အနက်ပေးရာ၌ဖြစ်စေ၊ မြန်မာပြန်ရာ၌ဖြစ်စေ ဝိဘတ်အနက် မပါစေဘဲ ပြန်ရ၏။

သရူပဝါကျကို ရှေ့ကထားပုံစံ

(က) ဂန္ဆဓုရံ ဝိပဿနာဓုရန္တိ ဒွေယေဝဓုရာနိ။[၁]

မြန်မာ။ ။ ဂန္ဆဓုရ ဝိပဿနာဓုရ ဟူ၍ ဓုရ (တာဝန်) နှစ်မျိုးတို့သာတည်း။

(ခ) နိသဘောစ အနောမောစ ဒွေ အင်္ဂသာဝကာ။[၂]

မြန်မာ။ ။ နိသဘနှင့် အနောမ နှစ်ပါးတို့သည် အင်္ဂသာဝကတို့တည်း။

၁။ ဓမ္မပဒ၊ ၄-၁၊ ၅ ၂။ ဓမ္မပဒ၊ ၄-၁၊ ၆၇

http://www.dhammadownload.com

သရူပဝါကျကို နောက်ကထားပုံစံများ

(က) ဧတေ ဘိက္ခဝေ ဒွေ သဟာယကာ အာဂစ္ဆန္တိ ကောလိတောစ ဥပတိဿောစ။[၁]

မြန်မာ။ ။ ရဟန်းတို့ ကောလိတနှင့် ဥပတိဿ ဤသူငယ်ချင်းနှစ်ဦးတို့ လာနေကြ၏။

(ခ) တေန ခေါပန သမယေန ဥရုဝေလာယံတယော ဇဋိလာ ပဋိဝသန္တိ ဥရုဝေလကဿပေါ နဒီကဿပေါဂယာကဿပေါတိ။[၂]

မြန်မာ။ ။ ထိုအခါ ဥရုဝေလတော၌ ဥရုဝေလကဿပ နဒီကဿပ ဂယာကဿပဟူ၍ ရသေ့သုံးယောက်တို့ နေကြ၏။

(ဂ) ရညော ဒွေ ပုတ္တာ ပဇ္ဇဇိသု မဟိန္ဒောစ သံဃမိတ္တာစာတိ။

မြန်မာ။ ။ မဟိန္ဒနှင့်သံဃမိတ္တာဟူ၍ အသောကမင်း၏ သားသမီးနှစ်ယောက်တို့သည် ရဟန်းပြုခဲ့ကြ၏။

အမှာ။ ။ သရူပဝါကျ၌ မဟိန္ဒပုဒ်နှင့် သံဃမိတ္တာပုဒ်တို့သည် လိင်မတူခြင်းကြောင့် သရူပဝန္တဝါကျ၌ မဟိန္ဒပုဒ်သို့ လိုက်၍ ပုတ္တာ ဟု ပုလ္လိင်ဖြင့် ရေးရမည်လော။ သံဃမိတ္တာပုဒ်သို့ လိုက်၍ ဓီတရော ဟု ဣတ္ထိလိင်ဖြင့် ရေးရမည်လော ဟု အခက်ကြုံတတ်၏။ ဤသို့ အခက်ကြုံလာသောအခါ ပုလ္လိင်ပုဒ်သို့လိုက်၍ ပုတ္တာ ဟု ရေးရ၏။

၁။ ဓမ္မပဒ၊ ဋ္ဌ-၁၊ ၆၀ ၂။ ဝိ-၃၊ ၃၁

http://www.dhammadownload.com

ပထမနေ့

၁။ ကျွမသို့ ဂေဟေ ဒွေ ဇနာ ဝသန္တိ သာမိကောစ ဘရိယာစာတိ။
၂။ ရဟန်းနှင့် ဘိက္ခုနီ ဟူ၍ တပည့်နှစ်ပါးတို့သည် တရားကို ဟောကြ၏။
၃။ ကလေးနှင့် ကလေမနှစ်ယောက်တို့သည် လမ်း၌ ပြေးနေကြ၏။

ဒုတိယနေ့

၁။ တိသောစ ဒတ္တောစာတိဒွေ သာမဏေရာ ဓမ္မံ ပရိယာပုဏန္တိ။
၂။ ခွေးနှင့် ဝက်မ ဟူ၍ တိရစ္ဆာန်နှစ်ကောင်တို့သည် မစင်ကို စားနေကြ၏။
၃။ ကျောင်းနှင့် သစ်ပင်အောက် ဟူသော နေရာနှစ်ခုတို့၌ ရဟန်းတော်များ နေကြရာ၏။

တတိယနေ့

၁။ သုမနဿစ ကဝိန္ဒဿစာတိ ဒွိန္နံ သာမဏေရာနံ အဟံ ဆတ္တာနိ ဒဒါမိ။
၂။ မိန်းမနှင့်ယောကျ်ား နှစ်ယောက်တို့သည် အလုပ်ကို လုပ်နေကြ၏။
၃။ အပျိုနှင့်လူပျို နှစ်ယောက်တို့ကို အဖေ မြင်၏။

အမှတ် (၇)၊ သင်ခန်းစာ

သဓေ ဝါကျရေးနည်း

၁။ သစေနိပါတ်သည် "အကယ်၍သွားအံ့၊ အကယ်၍စားအံ့" စသည်ဖြင့် တွေးတောခြင်း၊ ကြံစည်ခြင်း၏ တည်ရာအနက်ကို ဟော၏။

http://www.dhammadownload.com

၂။ သစေပုဒ်ကို ဝါကျ၏အစ၌ ထားရ၏။

၃။ သစေပုဒ်ကို ကြိယာပုဒ်နှင့်တွဲစပ်လျက် "အကယ်၍သွားအံ့၊ တကယ်လို့ သွားက" စသည်ဖြင့် မြန်မာပြန်ရ၏။

၄။ ဒုတိယဝါကျ (နောက်ဝါကျ) ၌ ဧဝံသန္တေပုဒ်ကို ထည့်၍ဖြစ်စေ၊ မထည့်ဘဲဖြစ်စေ ရေးနိုင်၏။ မထည့်ဘဲရေးလျှင် **အနက်ပေးရာ၌** ဧဝံသန္တေပုဒ်ကို ထည့်သွင်း၍ အနက်ပေးရ၏။

အမှာ။ ။ ပါဠိဝါကျ၌ ဧဝံသန္တေပုဒ်ကို မထည့်ဘဲ **အရေးများ**၏။

၅။ **ဧဝံသန္တေပုဒ်ကို** ဒုတိယဝါကျအစ၌ ထားရ၏။

၆။ **ဧဝံသန္တေပုဒ်ကို** "ဤသို့ဖြစ်သော်၊ **ဖြစ်က၊ ဖြစ်လျှင်**" စသည်ဖြင့် မြန်မာပြန်ရ၏။

၇။ **စေ၊ ယဒိ၊** အထ နိပါတ်ပုဒ်များသည် **သစေပုဒ်နှင့် ရေးနည်းတူကြ**၏။ သို့သော် စေနိပါတ်ပုဒ်ကို ဝါကျ၏**တစ်ပုဒ်နောင်ထား**ရ၏။

၈။ **ဧဝံ၊** ဧဝံသတိ၊ အထ၊ ယဒိ**ဧဝံ** ပုဒ်တို့သည် **ဧဝံသန္တေပုဒ်နှင့်** ရေးနည်းတူကြ၏။

ပုံစံ။ ။ (က) သစေ ခေါ ဥပါလိလေခံသိက္ခေယျ၊ ဧဝံ ခေါ ဥပါလိအမ္ဘာကံ အစ္ဆယေန သုခဉ္စ ဇီဝေယျ နစကိလမေယျ။[၁]

မြန်မာ။ ။ ဥပါလိသည် စာရေးအတတ်ကို သင်ယူလျှင် ငါတို့သေလွန်သောအခါ ချမ်းသာစွာလည်း အတတ်မွေးရာ၏။ ပင်လည်း မပင်ပန်းရာ။

၁။ ဝိ-ဥ၊ ၁၀၈

http://www.dhammadownload.com

(ခ) သစေ မေ ပုတ္တော ဝိဇာယိဿတိ၊ မာရေဿာမိနံ။[၁]

အနက်။ ။ မေ-ငါ့အား၊ ပုတ္တော-သားသည်၊ သစေဝိဇာယိဿတိ-အကယ်၍ ဖွားမြင်အံ့။ (ဧဝံသန္တေ-ဤသို့ ဖွားမြင်သည်ရှိသော်) နံ-ထိုကလေးကို၊ မာရေဿာမိ-သတ်အံ့။

မြန်မာ။ ။ ငါ့အား သားယောကျ်ားဖွားမြင်လျှင် ထိုကလေးကို သတ်မည်။

(ဂ) သစေ ပန အန္တောဂါမေ မဟာမဏ္ဍပံ ကာရေတွာ သဗ္ဗရတ္တိံ ဓမ္မဿဝနံ ကရောန္တေသု မနုဿေသု ဝုတ္တပ္ပ ကာရေနေဝ ဇနသန္နိပါတော စေဝ အန္တရာယောစဟောတိ၊ ဧဝံတံ ဌာနံ အသပ္ပါယံဟောတိ။[၂]

မြန်မာ။ ။ လူတို့သည် ရွာတွင်း၌ မဏ္ဍပ်ကြီးကို ဆောက်လုပ်စေလျက် တစ်ညဉ့်လုံး တရားနာမှုကို ပြုလုပ်ကြသော် ဆိုခဲ့ပြီးသော အပြားအားဖြင့်ပင် လူစုလူဝေးနှင့် အန္တရာယ်ဖြစ်ပေါ်ခဲ့လျှင် ထိုသံဃာတော်ရှိရာအရပ်သည် မသင့်လျော်လှပေ။

(ဃ) ယဒိ တဒတ္ထ ဒဿနတ္ထမေဝ စကာရော အဓိပ္ပေတော သိယာ၊ ဧဝံသတိသောနကတ္တဒ္ဒေယေဝ။[၃]

မြန်မာ။ ။ ထိုအဓိကာရအနက်ကို ပြဖို့ရန်ပင် စ သဒ္ဒါကို အလိုရှိအပ်လျှင် ယင်း စ သဒ္ဒါကို မပြုအပ်သည်သာ။

၁။ ဓမ္မပဒ၊ ဋ္ဌ-၁၊ ၁၁၁ ၂။ ဒီ၊ ဋ္ဌ-၁၊ ၁၆၆

၃။ သီလက္ခန်ဓိကာသစ်-၁၊ ၃၅

http://www.dhammadownload.com

(၄) ဆန္ဒဟာရကော စေ ဘိက္ခဝေ ဒိန္နေ ဆန္ဒေတတ္ထေဝ ဝိဘ္ဘမတိ၊ အညဿ ဒါတဗ္ဗော ဆန္ဒော။[၁]

မြန်မာ။ ။ ရဟန်းတို့ ဆန္ဒကို ဆောင်ယူသောရဟန်းသည် ဆန္ဒကို ပေးပြီးသော် ထိုပေးရာ အရပ်၌ပင် အကယ်၍ လူထွက်လျှင် တစ်ပါးသော ရဟန်းအား ဆန္ဒကို ပေးရမည်။

ပထမနေ့

၁။ သစေ စောရော မယ္ပံ ကုက္ကုဠံ စောရေယျ၊ ဧဝံသန္တေ အဟံ တံ မာရေဿာမိ။

၂။ မယားသည် ငါ၏အမေကို ဆဲလျှင် ငါသည် သူမကို အိမ်မှ နှင်ထုတ်မည်။

၃။ အဖေသည် လယ်မှပြန်လာလျှင် ငါကျောင်းသို့ သွားမည်။

ဒုတိယနေ့

၁။ သစေ အာစရိယဿ အန္တောရာယော ဟောတိ၊ မနုဿာမံ ဂရဟိဿန္တိ။

၂။ အမေ ငါ့ကို ခွင့်ပြုလျှင် ငါရဟန်းပြုမည်။

၃။ ရဟန်းသည် လူတို့အား တရားကို ဟောလျှင် ငါတရားကို နာမည်။

တတိယနေ့

၁။ အာစရိယော စေ မံ ဩဝဒတိ၊ အဟံ တံ သုဏာမိ။

၂။ ယောက်ဖ အလုပ်ကိုလုပ်လျှင် ငါလည်း အလုပ်ကို လုပ်မည်။

၁။ ဝိ-၃၊ ၁၆၃

http://www.dhammadownload.com

၃။ သင်တို့ သူတစ်ပါးတို့၏ ပစ္စည်းကို ခိုးကြလျှင် သင်တို့ကို မင်းက ဖမ်းလိမ့်မည်။

အမှတ် (ဂ)၊ သင်ခန်းစာ

ပက္ခန္တရ ဇောတကပန ဝါကျရေးနည်း

၁။ ရှေ့ဝါကျမှတစ်ပါးသော အဖို့အစုကို ပြသောဝါကျ (စကားရပ်) ကို ပက္ခန္တရ ဟု ခေါ်၏။ ထိုပက္ခန္တရ အနက်ကို ပနသဒ္ဒါက ထွန်းပြ၏။

၂။ ပန သဒ္ဒါကို ဒုတိယဝါကျ (နောက်ဝါကျ) ၏ အစတစ်ပုဒ်နောင် အမြဲထား‌ရ၏။

၃။ ပန သဒ္ဒါကို ပနဆိုင်ရာပုဒ်နှင့်တွဲစပ်လျက် မိန်းမသည်ကား မိန်းမမူကား ဟူ၍လည်းကောင်း၊ အဖို့တစ်ပါးကား ဟူ၍လည်းကောင်း မြန်မာပြန်ရ၏။

ပုံစံ။ ။ ပုရိသော ခေတ္တံ ကသတိ၊ ကွတ္ထိပန ဘတ္တံ ပစတိ။

မြန်မာ။ ။ ယောကျ်ားသည် လယ်ထွန်၏၊ မိန်းမသည်ကား ထမင်းကို ချက်၏။

ပထမနေ့

၁။ ဒါရကော မဂ္ဂေဓါဝတိ၊ ဒါရိကာ ပန ဂေဟေ ကီဠတိ။

၂။ ဆရာသည် တပည့်တို့ကို ဆုံးမ၏။ တပည့်တို့သည်ကား အိပ်ရာ၌ အိပ်နေကြ၏။

၃။ သူတော်ကောင်းသည် ကုသိုလ်ကို ပြုလုပ်၏။ သူမိုက်မူကား အကုသိုလ်ကို ပြုလုပ်၏။

http://www.dhammadownload.com

ဒုတိယနေ့

၁။ မာတာ ပုတ္တံ မာနေတိ၊ ပိတာ ပန ဓီတရံ မာနေတိ။

၂။ လင်သည် အလုပ်ကို လုပ်၏။ မယားကား အိမ်၌ အိပ်နေ၏။

၃။ ရဟန်းတို့သည် သီလကို စောင့်ရှောက်ကြ၏။ လူတို့သည်ကား ဒုစရိုက်ကို ပြုကျင့်ကြ၏။

တတိယနေ့

၁။ ဂါဝေါ တိဏံ ခါဒန္တိ၊ ဗျဂ္ဃါ ပန မံသံ ဘုဉ္ဇန္တိ။

၂။ ညီငယ်သည် လှည်းဖြင့် လယ်သို့ သွား၏။ တူသည်ကား လှေဖြင့် မြစ်သို့ သွား၏။

၃။ စုံထောက်သည် လူတို့၏အပြစ်ကို ရှာဖွေ၏။ ရဟန်းသည်ကား သူတစ်ပါးတို့၏ အပြစ်ကို သည်းခံ၏။

အမှတ် (၃)၊ သင်ခန်းစာ

ကိစ္စာပိ၊ ပန ဝါကျရေးနည်း

၁။ ကိစ္စာပိ သဒ္ဒါသည် ချီးမွမ်းခြင်း အနုဂ္ဂဟအနက်နှင့် မနှစ်သက်ခြင်း အရုစိအနက်ကို ဟော၏။

၂။ ကိစ္စာပိပုဒ်ကို ကြိယာပုဒ်နှင့်တွဲလျက် "အကယ်၍ကား သွားပါပေ၏။ အကယ်၍ကား သွားပါ၏၊ အကယ်၍ သွားတော့ သွားပါ၏" စသည်ဖြင့် မြန်မာပြန်ရ၏။

၃။ ကိစ္စာပိပုဒ်ကို ပထမဝါကျ၏အစ၌ ထားရ၏။

၄။ ပန သဒ္ဒါကို ဒုတိယဝါကျ၏ တစ်ပုဒ်နောင် အမြဲထားရ၏။

http://www.dhammadownload.com

၅။ ပန သဒ္ဒါကို "သော်လည်း၊ သော်လဲ၊ သို့ရာတွင်၊ ဒါပေမယ့်၊ သို့စေကာမူ" စသည်ဖြင့် မြန်မာပြန်ရ၏။

၆။ အချို့ဝါကျများ၌ ပထမဝါကျတွင် ကိစ္စာပိပုဒ်မပါဘဲ ဒုတိယဝါကျ၌ ပနနိပါတ်ပုဒ် တစ်ခုကိုသာ ထား၍ ရေးသောဝါကျမျိုးလည်း ရှိတတ်၏။

မှတ်ချက်။ ။ (က) ကာမံ၊ ကာမဉ္စ၊ စေပိ၊ သစေပိ၊ ယဒိပိ၊ အထာပိ၊ အာမ၊ သစ္စံ သဒ္ဒါတို့သည် ကိစ္စာပိ အုပ်စုဝင်များဖြစ်၍ ကိစ္စာပိနှင့် ရေးနည်းဥပဒေသများ တူကြ၏။

(ခ) ဧဝံသန္တေပိ၊ တထာပိ၊ အထာပိ၊ အထခေါ၊ အပိစ၊ စခေါ၊ အပိစခေါ သဒ္ဒါတို့သည် ပန အုပ်စုဝင်ပုဒ်များ ဖြစ်ကြ၏။ သို့သော် အချို့ပုဒ်များသည် ပန သဒ္ဒါကဲ့သို့ ဝါကျ၏ တစ်ပုဒ်နောင်မနေဘဲ ဝါကျ၏အစ၌ နေကြ၏။

ပုံစံ။ ။ (က) ကိစ္စာပိ ပရိသ ပါရိဝါသိယံ ဟောတိ၊ ဆန္ဒဿ ပန အဝိဿဇ္ဇတ္တာ ကမ္မံ ကာတုံ ဝဋ္ဋတိ။[၁]

မြန်မာ။ ။ အကယ်၍ ပရိသ ပါရိဝါသိယ ဖြစ်တော့ဖြစ်၏။ သို့သော်လည်း ကံပြုလိုသောဆန္ဒကို မစွန့်ခြင်းကြောင့် ကံကို အခြားတစ်နေရာ၌ ပြုခြင်းငှာ အပ်၏။

၁။ ဝိ၊ ၄-၃၊ ၂၂၅

http://www.dhammadownload.com

ပုံစံ။ ။ (ခ) ကိစ္စာပိ ပုရိသော ခေတ္တံ ကသတိ၊ ဓညံ ပန နလဘတိ။

မြန်မာ။ ။ ယောကျ်ားသည် လယ်ကို ထွန်ယက်သော်လည်း စပါးကို မရ။

ပနသာပါသောဝါကျ။ ။ ဧတဿ ဝါဒေ ကိဉ္စိ သာသနာနုလော မမွိ အတ္ထိ၊ အသုဒ္ဓလဒ္ဓိတာယ ပန သဗ္ဗာ ဒိဋ္ဌိယော ဇာတာ။[၁]

မြန်မာ။ ။ ဤ နိဂဏ္ဌနာဋပုတ္တ၏ဝါဒ၌ အနည်းငယ်သော သာသနာအားလျော်သော အယူအဆသည်လည်း ပါရှိ၏။ သို့သော် မသန့်ရှင်းသော အယူရှိသောကြောင့် အယူအဆအားလုံးသည် မိစ္ဆာအယူသာ ဖြစ်၏။

အထေါပုံစံ။ ။ (က) ကိစ္စာပိ အဟံ ဣမံ ကုမာရံ တိဿကုမာရသ ပဗ္ဗဇိတကာလတော ပဘုတိ ဩပရဇ္ဇေ ဌပေတုကာမော၊ အထခေါ ဩပရဇ္ဇေ တောပိ ပဗ္ဗဇာဝ ဥတ္တမာ။[၂]

မြန်မာ။ ။ ငါသည် တိဿမင်းသား ရဟန်းပြုရာအခါမှစ၍ ဤမဟိန္ဒမင်းသားကို အိမ်ရှေ့မင်းသားအရာ၌ ထားလိုခဲ့၏။ သို့သော် အိမ်ရှေ့မင်းထက်လည်း ရဟန်းအဖြစ်သည်သာ ပြင့်မြတ်လှ၏။

၁။ သီ၊ ဋ-၁၅၀ ၂။ ဝိ၊ ဋ-၁-၃၈

http://www.dhammadownload.com

ပုံစံ။ ။(ခ) ကိုဠာပိ မဟာရာဇ သမ္မာသမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော၊ အထဇ္ဈသ သရီရမာတုယော တိဋ္ဌန္တိ။[၁]

မြန်မာ။ ။ မင်းမြတ် ဘုရားရှင်သည် ပရိနိဗ္ဗာန်ဝင်စံခဲ့သော်လည်း ဘုရားရှင်၏ သရီရဓါတ်တော်များ တည်ရှိနေကြ၏။

ပထမနေ့

၁။ ကိုယ်ပိုင် ပုရိသော ဘရိယံ မာနေတိ၊ ပုတ္တဓီတရံ ပနနိစ္စံ အက္ကောသတိ။

၂။ ဘုရင်သည် ကျမ်းစာကို သင်တော့သင်ယူ၏။ သို့သော် သီလကိုကား မစောင့်ရှောက်။

၃။ ပြန်းမသည် လင်ကို မြတ်နိုး၏။ သို့သော် မိဘကို မမြဲသေး။

ဒုတိယနေ့

၁။ ကိုဠာပိ မနုဿာ ဓမ္မံ သုဏန္တိ၊ ဧဝံ သန္တေပိ ဗဟုံ ပါပံ ကရောန္တိ။

၂။ ရဟန်းတို့သည် ဆရာ၏အထံ၌ တရားတော်ကို သင်တော့သင်ကြ၏။ သို့သော် နက်နဲသော အနက်အဓိပ္ပါယ်ကို မကြံစည်ကြ။

၃။ လူတို့သည် ရဟန်းတို့အား ပစ္စည်းလေးပါးကို လှူကြ၏။ သို့သော် ရဟန်းတို့ကို မရိုသေကြ။

တတိယနေ့

၁။ ကာမံ ပဋိဇာတာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ၊ ဗုဒ္ဓသာသနဿ ဩဝါဒံ နသုဏန္တိ။

၁။ ဝိ၊ ၄-၁၊ ၆၂

http://www.dhammadownload.com

၂။ မုဆိုးသည် သားကောင်ကို သတ်၏။ သို့သော် ကုသိုလ်ကို ပြုလုပ်၏။

၃။ ငါတို့သည် နံနက်အချိန်၌ ထမင်းကို စားတော့စားကြ၏။ သို့သော် ယခုအခါ တစ်ဖန် သစ်သီးတို့ကို စားကြ၏။

အမှတ် (၁၀)၊ သင်ခန်းစာ
ဥဒါဟု ဝါကျရေးနည်း

၁။ ဥဒါဟု နိပါတ်ပုဒ်သည် အထွေထွေကြုံစည်ခြင်း၊ ဝိကပ္ပနအနက်ကို ဟော၏။

၂။ ဥဒါဟုပုဒ်ကို ဒုတိယဝါကျ (နောက်ဝါကျ) ၏အစ၌ ထားရ၏။

၃။ ဥဒါဟုပုဒ်ကို "သို့မဟုတ်" ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) အယံနုခေါ ပထဝီ၊ ဥဒါဟု နု အယံ။[၁]

မြန်မာ။ ။ ဤမြေသည် မူလမြေလေလော၊ သို့မဟုတ် ဤမြေသည် မူလမြေ မဟုတ်လေလော။

(ခ) အမှာကံ နုခေါ အယံ ဂါမော၊ ဥဒါဟု အညော သံ။[၂]

မြန်မာ။ ။ ဤရွာသည် ငါတို့၏ ရွာလေလော၊ သို့မဟုတ် အခြားသူတို့၏ ရွာလေလော။

(ဂ) ကိံ တိဿ တွံ အမ္မေဟိ သဒ္ဓိံ ဂမိဿသိ၊ ဥဒါဟု ပစ္ဆာ။[၃]

၁။ ဝိ၊ ဋ္ဌ-ဋ၊ ၁၅၁ ၂။ ဝိ၊ ဋ္ဌ-ဋ၊ ၁၅၁

၃။ ဓမ္မပဒ၊ ဋ္ဌ-ဋ၊ ၃၄၀

http://www.dhammadownload.com

မြန်မာ။ ။ ချစ်သား တိသဿ သင်သည် ငါတို့နှင့်အတူ သွားမည်လော၊ သို့မဟုတ် နောက်မှ သွားမည်လော။

ပထမဓနေ့

၁။ တွံ့ တာတ ပဗ္ဗဇာဟိ၊ ဥဒါဟု ဧတ္တံ့ ကသာဟိ။

၂။ ကိုရင် သင်သည် တရားကို သင်ယူမလား။ သို့မဟုတ် လူထွက်မလား။

၃။ သင်သည် အလုပ်ကို လုပ်ပါ။ သို့မဟုတ် အိမ်မှ ထွက်သွားပါ။

ဒုတိယဓနေ့

၁။ တွံ့ ဘဂိနိ မာတရံ သက္ကရောဟိ၊ ဥဒါဟု ဧဟာနိက္ခမာဟိ။

၂။ သင်တို့သည် အတတ်ပညာကို သင်ယူကြပါ။ သို့မဟုတ် စစ်တပ်သို့ သွားကြပါ။

၃။ မုဆိုးသည် ဝက်ကို သတ်သလား။ သို့မဟုတ် မျောက်ကို သတ်သလား။

တတိယဓနေ့

၁။ ကိ ပိတာ ဧတ္တံ့ ဂစ္ဆတိ၊ ဥဒါဟု ဝနံ။

၂။ ဤသင်္ကန်းသည် သင်၏သင်္ကန်းလော။ သို့မဟုတ် ငါ၏သင်္ကန်းလော။

၃။ သင်သည် ဤသစ်ပင်ကို လွှဖြင့် ဖြတ်မလား။ သို့မဟုတ် ဓားဖြင့် ဖြတ်မလား။

http://www.dhammadownload.com

အမှတ် (၁၁)၊ သင်ခန်းစာ

ကေဝလ အာကာရ ဧကတက--ယထာ၊ တထာဝါကျရေးနည်း

၁။ ယထာသဒ္ဒါသည် အာကာရ (အခြင်းအရာ) အနက်ကို ဟော၏။

၂။ ယထာသဒ္ဒါကို ပထမဝါကျအစဉ် ထားရ၏။

၃။ အနက်ပေးရာ၌ ယထာသဒ္ဒါကို "အကြင်အခြင်းအရာအားဖြင့်" ဟု မြန်မာပြန်ရ၏။

၄။ ယထာသဒ္ဒါရှိလျှင် တထာသဒ္ဒါ၊ ဧဝံသဒ္ဒါ တစ်ခုခု ရှိရ၏။

၅။ တထာ၊ ဧဝံ သဒ္ဒါတို့ကို နောက်ဝါကျအစဉ် ထားရ၏။

၆။ တထာသဒ္ဒါကို "ထိုအခြင်းအရာအားဖြင့်" ဟု မြန်မာပြန်ရ၏။

၇။ မြန်မာစကားပြေပြန်ရာ၌ ယထာ၊ တထာအနက် မပါစေဘဲ ယထာစပ်ရာကြိယာပုဒ်ကို "အတိုင်း၊ သလို" ဟု ပြန်ရ၏။

ပုံစံ။ ။ ယထာ သော မညတိ၊ တထာ ကရောတိ။

အနက်။ ။ သော-ထိုသူသည်၊ ယထာ-အကြင်အခြင်းအရာအားဖြင့်၊ မညတိ-မှတ်ထင်၏၊ တထာ-ထိုအခြင်းအရာအားဖြင့်၊ ကရောတိ-ပြုလုပ်၏။

မြန်မာ။ ။ သူသည် ကင်တဲ့အတိုင်း ပြုလုပ်၏။

ဗထမနေ့

၁။ ယထာ အာစရိယော ကထေတိ၊ တထာ ပုဏ္ဏေ ကရောထ။

၂။ ဘုရားရှင် ဟောသလို မင်းနေပါ။

၃။ ငါသည် ပြောတဲ့အတိုင်း လုပ်၏။

http://www.dhammadownload.com

ဒုတိယနေ့

၁။ ယထာ မာတာ ကထေတိ၊ တထာ တွံ ဘတ္တံ ပစာဟိ။
၂။ ဤမိန်းကလေးသည် ထင်သလို ပြော၏။
၃။ ဤကိုရင်တို့သည် ဆရာက ဆုံးမသည့်အတိုင်း နေကြ၏။

တတိယနေ့

၁။ ယထာ လုဒ္ဒကော ဘာသတိ၊ တထာ တုမ္ဟေ ဝနံ ဂစ္ဆထ။
၂။ သင်တို့ ကြိုက်သလို ငါ့ကို မေးကြ၏။
၃။ ဤမိန်းကလေးသည် ပြောသလို လုပ်၏။

အမှတ် (၁၂)၊ သင်ခန်းစာ

ယဒါ၊ တဒါ ဝါကျရေးနည်း

၁။ ယဒါ၊ တဒါ နိပါတ်ပုဒ်များသည် ကာလသတ္တမီဝိဘတ် အနက်၌ ဖြစ်ကြ၏။
၂။ ယဒါကို အများအားဖြင့် ပထမဝါကျအစ၌ ထားရ၏။
၃။ တဒါပုဒ်ကို ဒုတိယဝါကျအစ၌ ထားရ၏။
၄။ အနက်ပေးသောအခါ ယဒါပုဒ်ကို "အကြင်အခါ၌" ဟု မြန်မာပြန်၍၊ တဒါပုဒ်ကို "ထိုအခါ၌" ဟု မြန်မာပြန်ရ၏။
၅။ မြန်မာစကားပြေပြန်သောအခါ ယဒါ၊ တဒါ အသံမပါစေဘဲ ယဒါစပ်ရာ ကြိယာပုဒ်ကို (သော) ဟု ဝိသေသန အနက်ပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ ယဒါ ဒေဝေါ ဝဿတိ၊ တဒါ တိဏ္ဏာနိ ရုဟန္တိ။

အနက်။ ။ ယဒါ-အကြင်အခါ၌၊ ဒေဝေါ-မိုးသည်၊ ဝဿတိ-ရွာ၏၊ တဒါ-ထိုအခါ၌၊ တိဏ္ဏာနိ-မြက်တို့သည်၊ ရုဟန္တိ-ပေါက်ကုန်၏။

မြန်မာ။ ။ မိုးရွာသောအခါ၌ မြက်များ ပေါက်ကြ၏။

ပထမနေ့

၁။ ယဒါ ဒေဝေါ ဝဿတိ၊ တဒါ ကဿကာ ခေတ္တံ ကသန္တိ။

၂။ ကိုရင်များ ရွာထဲ၌ တရားဟောသောအခါ လူတို့သည် ထိုတရားကို နာယူကြ၏။

၃။ အမေ ဆဲသောအခါ၌ ငါသည် အမျက်ထွက်၏။

ဒုတိယနေ့

၁။ ယဒါ သာမဏေရာ ပိဏ္ဍာယ အန္တောဂါမံ ပဝိသန္တိ၊ တဒါ တေ ယုဝတိယော ပဿန္တိ။

၂။ အမေသည် အလုပ်ကို လုပ်နေသောအခါ၌ ကလေးသည် ငို၏။

၃။ ဆရာသည် တပည့်တို့ကို ဆုံးမသောအခါ၌ ကိုရင်တို့သည် အိပ်ကြ၏။

တတိယနေ့

၁။ ယဒါ သူရိယော ဥဂ္ဂစ္ဆတိ၊ တဒါ မနုဿာ ကမ္မံ ကရောန္တိ။

၂။ ကြောင်လာသောအခါ၌ ကြွက်သည် ထွက်ပြေး၏။

၃။ အဖေသည် လယ်သို့ သွားသောအခါ၌ ကလေးများ ငိုကြ၏။

http://www.dhammadownload.com

အမှတ် (၁၃)၊ သင်ခန်းစာ

ယတ္ထ၊ တတ္ထ ဝါကျရေးနည်း

၁။ ယတ္ထ၊ တတ္ထ နိပါတ်ပုဒ်များသည် သတ္တမီဝိဘတ်အနက်၌ ဖြစ်ကြ၏။

၂။ ယတ္ထ၊ တတ္ထ ပုဒ်များကို "အရပ်ဒေသ၊ ပုဂ္ဂိုလ်၊ အရာဝတ္ထု" တို့တွင် သင့်လျော်ရာ၌ သုံးစွဲရ၏။

၃။ ယတ္ထ၊ တတ္ထ ပုဒ်တို့ကို ဝါကျအစ၌ ထားရ၏။

၄။ အနက်ပေးသောအခါ "ယတ္ထ-အကြောင်အရပ်၌၊ တတ္ထ-ထိုအရပ်၌" ဟု မြန်မာပြန်ရ၏။

၅။ မြန်မာစကားပြေပြန်သောအခါ ယတ္ထ၊ တတ္ထ အသံမပါစေဘဲ ယတ္ထ စပ်ရာ ကြိယာမူဒ်ကို (ရာ၊ သော) ဟု သင့်သလို ပြန်ရ၏။

ပုံစံ။ ။ ယတ္ထ အဓိကရဏံ ဥပ္ပန်၊ တတ္ထေဝ တသ္မိံ ဝူပသန္တေ အာပတ္တာ ဂန္ဆု ဝဋ္ဋတိ။[၁]

အနက်။ ။ ယတ္ထ-အကြောင်အရပ်၌၊ အဓိကရဏံ-အဓိကရဏ်းသည်၊ ဥပ္ပန်-ဖြစ်ပေါ်လာ၏၊ တတ္ထေဝ-ထိုအရပ်၌ပင်၊ တသ္မိံ-ထိုအဓိကရဏ်းသည်၊ ဝူပသန္တေ-ငြိမ်းအေးလသော်၊ အာပတ္တာ-အခြားအရပ်သို့၊ ဂန္ဆု-သွားခြင်းငှာ၊ ဝဋ္ဋတိ-သင့်၏။

မြန်မာ။ ။ အဓိကရဏ်းဖြစ်ပေါ်လာရာ အရပ်၌ပင် ထိုအဓိကရဏ်း ငြိမ်းလေသော် အခြားအရပ်သို့ သွားသင့်၏။

၁။ ဓမ္မပဒ-၄-၁၊ ၁၃၆

http://www.dhammadownload.com

ပထမနေ့

၁။ ယတ္ထ မနုဿာ ဟောန္တိ၊ တတ္ထ သုနခါ ဝသန္တိ။

၂။ မြတ်စွာဘုရား သီတင်းသုံးတော်မူရာအရပ်၌ လူတို့သည် ကုသိုလ်ကို ပြုလုပ်ကြ၏။

၃။ သူတော်ကောင်းမျှားရှိရာအရပ်၌ ရဟန်းတော်များ သီတင်းသုံးနေထိုင်ကြ၏။

ဒုတိယနေ့

၁။ ယတ္ထ ရာဇာ ဓမ္မေန ရဇ္ဇံ ကာရေတိ၊ တတ္ထ ဘိက္ခူစေဝ မနုဿာစ သီလံ ရက္ခန္တိ။

၂။ ကိုရင်တို့ ထမင်းကို စွန့်ရာအရပ်၌ ကြွက်များ ထိုထမင်းကို စားကြ၏။

၃။ မြက်များ ပေါက်ရာအရပ်၌ လယ်သမားတို့သည် ထိုမြက်တို့ကို ရိတ်ဖြတ်ကြ၏။

တတိယနေ့

၁။ ယတ္ထ ဘိက္ခူ ဗုဒ္ဓံ ဝန္ဒန္တိ၊ တတ္ထ မနုဿာ အာသနံ ပညပေန္တိ။

၂။ ကိုရင်တို့ ရေချိုးရာအရပ်၌ လူတို့သည် ရေကို လျှုကြ၏။

၃။ အဖေအလုပ်ကို လုပ်သောအရပ်၌ သားသည် အိမ်ကို ဆောက်လုပ်၏။

၄။ အကြင်အရပ်၌ လူများနေကြ၏။ ထိုအရပ်၌ ကျောင်းများရှိကြ၏။

http://www.dhammadownload.com

အမှတ် (၁၄)၊ သင်ခန်းစာ

အာကာရဝါကျရေးနည်း

၁။ အာကာရဝါကျ၌ အာကာရဝါကျ၊ အာကာရဝန္တဝါကျ ဟု နှစ်ဝါကျ ပါရှိ၏။ ထိုတွင် -

၂။ တစ်စုံတစ်ယောက်သောသူ၏ ကြံစည်ပုံ၊ ပြောဆိုပုံ၊ ပြုလုပ်ပုံ၊ အခြင်းအရာကို ပြသောဝါကျကို အာကာရဝါကျ ဟုခေါ်၏။

၃။ အာကာရဝါကျကို ကွတိ သဒ္ဒါဖြင့် ရေးရ၏။

၄။ ကွတိ သဒ္ဒါကို ဤသို့၊ ဟူ၍၊ ဟု၊ လို့၊ ဟူသော ဟု မြန်မာပြန်ရ၏။

၅။ အာကာရဝါကျ၏အဆုံး၌ ရဿသရသုံးလုံးနှင့် နိဂ္ဂဟိတ်တို့တွင် တစ်ခုခုပါရှိလျှင် ရဿသရသုံးလုံးကို အမြဲဒီဃပြုပေးရ၏။ နိဂ္ဂဟိတ်ကို အမြဲ နှ ပြုပေးရ၏။

၆။ အာကာရဝါကျကို အာကာရဝန္တဝါကျကြီယာ၏ ရှေ့ကသော်လည်းကောင်း၊ နောက်ကသော်လည်းကောင်း ထားရ၏။

၇။ အာကာရဝါကျကို မြန်မာပြန်သောအခါ အာကာရဝါကျကို အာကာရဝန္တဝါကျကြီယာ၏ရှေ့က အမြဲထား၍ မြန်မာပြန်ရ၏။

အာကာရဝါကျကို ရှေ့ကထားသော ပုံစံများ

အ ပါသောပုံစံ။ ။ ရာဇာ "ကသ္မာ ဘန္တေ ပထဝီ ကမ္ပိတ္ထာ" တိ ပုစ္ဆိ။[၁]

မြန်မာ။ ။ "အရှင်ဘုရား အဘယ်ကြောင့် မြေတုန်လှုပ်ပါသနည်း" ဟု မင်းက မေးလျှောက်၏။

၁။ ဝိ၊ ၄-၁၊ ၇၅

http://www.dhammadownload.com

မှတ်ချက်။ ။ (က) ကသ္ဘာ ဘန္တေ့ ပထဝီ ကမ္မိတ္ထ ဝါကျကို အာကာရဝါကျ ဟု ခေါ်၏။
(ခ) ရာဇာ ပုစ္ဆိ ဝါကျကို အာကာရဝန္တဝါကျ ဟုခေါ်၏။

နိဂ္ဂဟိတ်ပုံစံ။ ။ ရာဇာ "အဇ္ဇ ဘန္တေ့ နဂ်ါ ဟုတွာ အတ္တာနံ ဒဿေသု" နို့ အာရောစေသိ။[၁]

မြန်မာ။ ။ "အရှင်ဘုရား ယနေ့ အဝတ်မရှိကြဘဲ ခန္ဓာကိုယ်ကို ပြကြ၏" ဟု ဗိမ္မိသာရမင်းသည် လျှောက်၏။

အာကာရဝါကျကို နောက်ကထားသော ပုံစံများ

က္ကပါသောပုံစံ။ ။ ရာဇာ အာဟ "ဘန္တေ့ နာဂသေန ပုစ္ဆိသာမိ" တိ။[၂]

မြန်မာ။ ။ "အရှင်ဘုရား နာဂသေန (တပည့်တော်) မေးလျှောက်ပါအံ့" ဟု မိလိန္ဒမင်းက လျှောက်၏။

ဥ ပါသောပုံစံ။ ။ ဘိက္ခူ အာဟံသု "တေန ဟိ ဘန္တေ့ ထေရော ဘိက္ခူ ဥစ္စိနုတူ" တိ။[၃]

မြန်မာ။ ။ အရှင်ဘုရား ဒီလိုဆိုလျှင် ထေရ်က ရဟန်းတို့ကို ရွေးချယ်တော်မူပါ ဟု ရဟန်းတို့သည် လျှောက်ကြပြီ။

ပထမနေ့

၁။ ပုရိသော "အဟံ ကမ္မံ ကရောမီ" တိ အာဟ။
၂။ "သင်တို့သည် ဘုရားကို ရှိခိုးကြပါ" ဟု ဆရာက တပည့်တို့ကို ပြော၏။

၁။ ခမ္မပဒ-၁၊ ၆၆ ၂။ မိလိန္ဒပဉှာ-၂၈
၃။ ဝိ၊ ဋ္ဌ-၁၊ ၆

http://www.dhammadownload.com

၃။ "သင်သည် လယ်၌ မျိုးစေ့တို့ကို စိုက်ပျိုးပါ" ဟု အဖေက သူ၏ သားကို ပြော၏။

ဒုတိယနေ့

၁။ ပုရိသော အာဟ "အဟံ ဘတ္တံ ဘုဉ္ဇာမိ" တိ။

၂။ "ဤသစ်ပင်၏ အမြစ်တို့ကို ဘယ်သူဖြတ်သလဲ" ဟု အဖွားက သူမ၏မြေးတို့ကို မေး၏။

၃။ "ကိုရင်များ ကျောင်း၏အပြင်၌ စက္ခုန္ဒြေကို မဖောက်ကြနဲ့" ဟု ရဟန်းတို့က ကိုရင်တို့ကို ဆုံးမကြ၏။

တတိယနေ့

၁။ မနုဿာ ဘိက္ခူ ဧတဒဝေါစုံ "ဘိက္ခူ အမှာကံ ဓမ္မံ ဒေသေန္တု" တိ။

၂။ "အမေ ကျွန်တော်သည် အမေအား အဝတ်တို့ကို ပေးခဲ့၏" ဟု သားက အမေကို ပြော၏။

၃။ "ငါ့ရှင်တို့ အရှဏ်တက်ပြီ၊ တပည့်တော်တို့သည် မြို့ထဲသို့ ဆွမ်းအလို့ငှာ ဝင်ကြစို့" ဟု ထေရ်က ပြော၏။

အခန်း(၅)

ကာရကအကျဉ်း

သွားခြင်း၊ ချက်ခြင်း အစရှိသော ကြိယာကို ပြီးစေတတ်သောသတ္တိကို "ကာရက" ဟု ခေါ်၏။

http://www.dhammadownload.com

ကာရက (၆) မျိုး

ကာရကသည် -

၁။ ကတ္တုကာရက
၂။ ကမ္မကာရက
၃။ ကရဏကာရက
၄။ သမ္ပဒါနကာရက
၅။ အပါဒါနကာရက
၆။ ဩကာသကာရက ဟု (၆) မျိုး ပြား၏။

ထိုကာရက (၆) မျိုးနှင့် အကာရကပုဒ်များကို ပထမာ စသော နာမ်ဝိဘတ် (၇) မျိုးဖြင့် ဆက်သွယ်ရေးသားရ၏။

ပထမာဝိဘတ်

ပထမာဝိဘတ်ကို ဝုတ္တကတ္တုကာရက စသော အနက်များ၌ သုံးစွဲရ၏။ ပထမာဝိဘတ် သုံးစွဲရာအနက်များနှင့် သက်ဆိုင်သော ပုံစံများကို သက်ဆိုင်ရာသင်ခန်းစာများ၌ အသီးသီးပြထားသည်ဖြစ်၍ ဤနေရာ၌ သီးခြားမပြတော့ပါ။ ဒုတိယာ စသော ဝိဘတ်များနှင့် သက်ဆိုင်သော အသုံးများသော သင်ခန်းစာများကိုသာ ပြပါမည်။

အမှတ် (၁)၊ သင်ခန်းစာ

အစ္စန္တ သံယောဂ ပုဒ်ရေးနည်း

၁။ အဆက်မပြတ် ယှဉ်စပ် (ဖြစ်ပေါ်) ခြင်းကို အစ္စန္တ သံယောဂ ဟု ခေါ်၏။ ထို အစ္စန္တ သံယောဂသည်

http://www.dhammadownload.com

(က) ကာလ အစ္စန္တ သံယောဂ
(ခ) အဒ္ဓါ အစ္စန္တ သံယောဂ ဟု အခြေခံအားဖြင့် နှစ်မျိုးပြား၏။

၂။ အချိန်ကာလနှင့် အဆက်မပြတ်ယှဉ်စပ်ခြင်းကို ကာလအစ္စန္တ သံယောဂ ဟု ခေါ်၏။ ခရီးအဝွန့်နှင့် အဆက်မပြတ်ယှဉ်စပ်ခြင်းကို အဒ္ဓါ အစ္စန္တ သံယောဂ ဟု ခေါ်၏။

၃။ ကာလအစ္စန္တ သံယောဂပုဒ်ကို "ပတ်လုံး၊ လုံးလုံး၊ တိတိ" ဟု မြန်မာပြန်၍၊ အဒ္ဓါ အစ္စန္တ သံယောဂပုဒ်ကို "တိုင်တိုင်၊ တိုင်အောင်၊ အထိ" ဟု မြန်မာပြန်ရ၏။

၄။ အစ္စန္တ သံယောဂပုဒ်ကို ဒုတိယာ (အံ၊ ယော) ဝိဘတ်ဖြင့် ရေးရ၏။

ကာလအစ္စန္တ သံယောဂပုံစံ။ ။ ပုရိသော မာသံ မံသောဒနံ ဘုဉ္ဇတိ။
မြန်မာ။ ။ ယောက်ျားသည် တစ်လပတ်လုံး သားပြွမ်းထမင်းကို စား၏။

အဒ္ဓါ အစ္စန္တ သံယောဂပုံစံ။ ။ ယောဇနံ ဒီယော ပဗ္ဗတော။
မြန်မာ။ ။ တောင်သည် တစ်ယူဇနာတိုင်ကိုင် ရှည်၏။

ပထမဓနံ

၁။ ဘိက္ခူစေဝ သာမဏေရာစ သံဝစ္ဆရံ ဓမ္မံ ပရိ ယာပုဏန္တိ။
၂။ အဖေသည် တစ်နေ့လုံး အလုပ်ကို လုပ်၏။
၃။ ဆရာသည် တစ်ညဉ့်လုံး တရားကို အားထုတ်၏။

http://www.dhammadownload.com

ဒုတိယနေ့

၁။ ပထိကော ယောဇနံ မဂ္ဂံ အတ္တနော ပါဒေန ဂစ္ဆတိ။
၂။ ငါတို့သည် ဆရာ၏ အထံ၌ ဝါတွင်းသုံးလပတ်လုံး တရားတော်ကို သင်ယူခဲ့ကြပြီ။
၃။ အလုပ်သမားတို့သည် တစ်လပတ်လုံး တရားကို နာကြ၏။

တတိယနေ့

၁။ မနုဿာ သတ္တာဟံ ဒါနံ ဒဒန္တိ။
၂။ စစ်သားတို့သည် တစ်လတိတိ စစ်တိုက်ကြ၏။
၃။ ရဟန်းတို့သည် ငါးရက်တိတိ ပဌာန်းကို ရွတ်ဖတ်ကြ၏။

အမှတ် (၂)၊ သင်ခန်းစာ

ကမ္မပ္ပဝစနီယယုတ္တပုဒ် ရေးနည်း

၁။ လက္ခဏ စသော အနက်ကို ဟောသော အဘိ၊ ပတိ၊ ပရိ၊ အနု၊ ဓိ သဒ္ဒါတို့ကို ကမ္မပ္ပဝစနီယ ဟု ခေါ်၏။

(က) လက္ခဏအနက်၊ ကတ္တုမ္မကတညျာနအနက်၊ ဝိစ္ဆာအနက်ကို ဟောသော အဘိ သဒ္ဒါ။

(ခ) လက္ခဏအနက်၊ ကတ္တုမ္မကတာဓာနအနက်၊ ဝိစ္ဆာအနက်၊ ဘာဝအနက်ကို ဟောသော ပတိ၊ ပရိသဒ္ဒါ။

(ဂ) လက္ခဏအနက်၊ ကတ္တုမ္မကတာဓာနအနက်၊ ဝိစ္ဆာအနက်၊ ဘာဝအနက်၊ သဟအနက်၊ ဟီနအနက်ကို ဟောသော အနုသဒ္ဒါ။

(ဃ) ဂရဟာအနက်ကို ဟောသော ဓိ သဒ္ဒါတို့ကို ကမ္မပ္ပဝစနီယ ဟု ခေါ်၏။

http://www.dhammadownload.com

၂။ ကမ္မပ္ပဝဝစနီယ အမည်ရသော အဘိ၊ ပတိ စသော ဥပသာရနိပါတ် ပုဒ်တို့နှင့် ယှဉ်စပ်နေသောပုဒ်ကို ကမ္မပ္ပဝဝစနီယယုတ္တပုဒ် ဟုခေါ်၏။

၃။ ကမ္မပ္ပဝဝစနီယ မည်သော အဘိ စသောပုဒ်များနှင့် ယှဉ်စပ်နေသောပုဒ်ကို ဒုတိယာဝိဘတ်ဖြင့် ရေးရ၏။

၄။ ကမ္မပ္ပဝဝစနီယယုတ္တပုဒ်ကို အဘိ စသောပုဒ်များနှင့်တွဲစပ်လျက် အဘိ စသောပုဒ်များ ဟောအပ်သော အနက်အားလျော်စွာ "သည်၊ နှင့်၊ အောက်၊ ၏၊ ၌၊ သော်" စသည်ဖြင့် သင့်လျော်သလို မြန်မာပြန်ရ၏။

လက္ခဏာအနက်ပုံစံ။ ။ (က) ရုက္ခံ အဘိ ဝိဇ္ဇောတတေ စန္ဒော။

အနက်။ ။ ရုက္ခံ အဘိ-သစ်ပင်၌၊ စန္ဒော-လသည်၊ ဝိဇ္ဇောတတေ-တောက်ပ၏။

မြန်မာ။ ။ သစ်ပင်၌ လသည် တောက်ပ၏။

(ခ) သူရိယုဂ္ဂမနံ ပတိဒိဗ္ဗာ ဘက္ခာပါတုဘဝေယျုံ။

အနက်။ ။ သူရိယုဂ္ဂမနံပတိ-နေထွက်လသော်၊ ဒိဗ္ဗာ ဘက္ခာ-နတ်အစာတို့သည်၊ ပါတုဘဝေယျုံ-ထင်ရှားဖြစ်စေကုန်သတည်း။

မြန်မာ။ ။ နေထွက်လသော် နတ်အစာများ ထင်ရှားဖြစ်ပေါ်လာကြပါစေ။

ရှင်းလင်းချက်။ ။ နေထွက်ခြင်းဖြင့် နတ်ဩဇာဖြစ်ပေါ်ပုံကို မှတ်သားခြင်းသည် လက္ခဏာအနက်မည်၏။ ထိုလက္ခဏာအနက်ကို ထွန်းပြသောကြောင့် ပတိဉ္ဉာသာရပုဒ်သည် ကမ္မပ္ပဝဝစနီယ မည်၏။ ကမ္မပ္ပဝဝစနီယ မည်သောပတိသဒ္ဒါနှင့် ယှဉ်စပ်နေသော သူရိယုဂ္ဂမနသဒ္ဒါကို ဒုတိယာအံဝိဘတ်ဖြင့် ရေးရ၏။

http://www.dhammadownload.com

ကုတ္ထမ္ဘူတာချာနပုံစံ။ ။ သာဓုဒေဝဒတ္တော မာတရံ ပတိ။
မြန်မာ။ ။ ဒေဝဒတ်သည် အမိ၌ ကောင်း၏။

ဘာဝပုံစံ။ ။ ယဒေတ္ထမံ ပတိ သိယာ၊ တံ ဒိယတု။
အနက်။ ။ ဧတ္တ-ဤပစ္စည်းပုံတွင်၊ ယံ-အကြင်ဝတ္ထုသည်၊ မံ-ငါ၏၊ ပတိ-အဖို့သည်၊ သိယာ-ဖြစ်ရာ၏၊ တံ-ထိုဝတ္ထုကို၊ ဒိယတု-ပေးအပ်လော။
မြန်မာ။ ။ ဤပစ္စည်းပုံတွင် ငါ၏အဖို့ကို ပေးအပ်ပါလော။

ဝိစ္ဆာယောဝပုံစံ။ ။ ရုက္ခံ ရုက္ခံ ပတိ ဝိဇ္ဇောတတေ စန္ဒော။
မြန်မာ။ ။ သစ်ပင်တိုင်း သစ်ပင်တိုင်း၌ လသည် တောက်ပ၏။

သဟပုံစံ။ ။ နဒိံ အန္ဓဝသိတာ ဗာရာဏသီ။
အနက်။ ။ ဗာရာဏသီ-ဗာရာဏသီမြို့သည်၊ နဒိံအနုမြစ်နှင့်တကွ၊ အဝသိတာ-စပ်၏။
မြန်မာ။ ။ ဗာရာဏသီမြို့သည် မြစ်နှင့်စပ်၏။

ဟီနပုံစံ။ ။ အနု သာရိပုတ္တံ ပညဝါ။
အနက်။ ။ ပညဝါ-ပညာရှိ ဟူသမျှသည်၊ သာရိပုတ္တံအနုအရှင်သာရိပုတြာ၏ အောက်ချည်းတည်း။
မြန်မာ။ ။ ပညာရှိ ဟူသမျှသည် အရှင်သာရိပုတြာ၏ အောက်ချည်းတည်း။

နိပါတ်ပုံစံ။ ။ မီ ဗြာဟ္မဏာသ ဟန္တာရံ။
မြန်မာ။ ။ ရဟန္တာကို သတ်သူကို ကဲ့ရဲ့၏။

http://www.dhammadownload.com

အမှတ် (၃)၊ သင်ခန်းစာ

အန္တရာဒီယောဂပုဒ်ရေးနည်း

၁။ အန္တရာ၊ အဘိတော၊ ပရိတော၊ ပတိ၊ ပဋိဘာ သဒ္ဒါတို့နှင့်ယှဉ်စပ်နေသောပုဒ်ကို အန္တရာဒီယောဂပုဒ် ဟု ခေါ်၏။

၂။ အန္တရာဒီယောဂပုဒ်ကို ဒုတိယာဝိဘတ်ဖြင့် ရေးရ၏။

၃။ အန္တရာဒီယောဂပုဒ်ကို "၏၊ ရဲ့" ဟု ဆဋ္ဌီဝိဘတ်အနက်ပြန်ရ၏။

ပုံစံ။ ။ (က) ဧကံ သမယံ ဘဂဝါ အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ အဒ္ဓါနမဂ္ဂ ပဋိပန္နော ဟောတိ။

မြန်မာ။ ။ အခါတစ်ပါး၌ ဘုရားရှင်သည် ရာဇဂြိုဟ်မြို့နှင့် နာဠန္ဒမြို့အကြား (အလယ်) ၌ ခရီးရှည် ကြွတော်မူခဲ့၏။

ပုံစံ။ ။ (ခ) ပုရိသော အဘိတော ဂါမံ ဝသတိ။

မြန်မာ။ ။ ယောကျ်ားသည် ရွာ၏ အတွင်း၌ နေ၏။

ပုံစံ။ ။ (ဂ) ပုရိသော ပရိတော ဂါမံ ဝသတိ။

မြန်မာ။ ။ ယောကျ်ားသည် ရွာ၏ ထက်ဝန်းကျင်၌ နေ၏။

ပုံစံ။ ။ (ဃ) ပုရိသော နဒိံ နေရဉ္ဇရံ ပတိ ဝသတိ။

မြန်မာ။ ။ ယောကျ်ားသည် နေရဉ္ဇရာမြစ်၏ အနီး၌ နေ၏။

http://www.dhammadownload.com

ပုံစံ။ ။ (ဂ) ပဋိဘန္တု တံ စုန္ဒ ဗောဇ္ဈင်္ဂါ။
မြန်မာ။ ။ စုန္ဒ ဗောဇ္ဈင်္ဂတို့သည် သင်၏ (ဉာဏ်၌) ထင်လာကြပါစေ။

အမှတ် (၄)၊ သင်ခန်းစာ

တတိယာ၊ သတ္တမီ ဝိဘတ် အနက်ဟော၊ ဒုတိယာဝိဘတ္တန္တပုဒ် ရေးနည်း

၁။ နှင့် ဟူသော တတိယာဝိဘတ်အနက်၊ ၌ ဟူသော သတ္တမီဝိဘတ်အနက်ကို ဟောလျက် ဒုတိယာဝိဘတ်ဆုံးနေသောပုဒ်ကို တတိယာ၊ သတ္တမီဝိဘတ်အနက်ဟော ဒုတိယာဝိဘတ္တန္တပုဒ် ဟု ခေါ်၏။

၂။ နှင့်၊ တကွ ဟူသော သဟယောဂအနက်ကို ဟောသောပုဒ်ကိုလည်းကောင်း၊ ဝိနာ အန္တရေန စသော သဒ္ဒါများနှင့် ယှဉ်စပ်နေသော ပုဒ်ကိုလည်းကောင်း ဒုတိယာဝိဘတ်ဖြင့် ရေးရ၏။

၃။ သဟယောဂအနက်ဟော ဒုတိယာဝိဘတ္တန္တပုဒ်ကို "နှင့်၊ တကွ" ဟု မြန်မာပြန်ရ၏။ ဝိနာ အန္တရေန စသောပုဒ်နှင့် ယှဉ်စပ်နေသော ဒုတိယာဝိဘတ္တန္တပုဒ်ကို "နှင့်" ဟု မြန်မာပြန်၍ ဝိနာ အန္တရေန ပုဒ်တို့ကို "ကင်း၍" ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) သစေ မံ နာလပိဿတိ။
မြန်မာ။ ။ ငါနှင့်တကွ အကယ်၍ စကားမပြောအံ့။

ပုံစံ။ ။ (ခ) ဝိနာ သဒ္ဓမ္မံ တုတော သုခံ။
မြန်မာ။ ။ သူတော်ကောင်းတရားနှင့်ကင်း၍ ချမ်းသာအဘယ်မှာ ရှိမလဲ။

http://www.dhammadownload.com

ပုံစံ။ ။ (ဂ) ဥပါယ မန္တရေန နအတ္ထသိဒ္ဓိ။
မြန်မာ။ ။ နည်းလမ်းနှင့်ကင်း၍ အကျိုးပြီးစီးခြင်း မရှိ။

၄။ အခြိန်ကာလ အနက်ဟောပုဒ်ကိုလည်းကောင်း၊ ဥပ၊ အနု၊ အဓိ၊ အာ-ဥပသာရ ပုဒ်တို့နှင့် ယှဉ်စပ်နေသော ဝသဓါတ်၊ အဓိ ဥပ သာရပုဒ်နှင့် သိဓါတ်၊ ဌာဓါတ်၊ အာသဓါတ်၊ အဓိ + အာဥပသာရ ပုဒ်တို့နှင့် တွဲစပ်နေ သော ဝသဓါတ်တို့နှင့် ယှဉ်စပ်နေသောပုဒ် များကိုလည်းကောင်း၊ သောက်ရာ၊ လှည့်လည်ရာအရပ်ဌာနဟော ပုဒ်များကိုလည်းကောင်း ဒုတိယာဝိဘတ်ဖြင့် ရေးရ၏။

၅။ သတ္တမီဝိဘတ်အနက်ဟော ဒုတိယာဝိဘတ္တန္တပုဒ်ကို (၌၊ မှာ၊ ဝယ်) ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ဘဂဝါ ပုဗ္ဗဏှသမယံ နိဝါသေတွာ။
မြန်မာ။ ။ ဘုရားရှင်သည် နံနက်အခါ၌ သင်းပိုင်ကို ပြင် ဝတ်တော်မူ၍။

ပုံစံ။ ။ (ခ) ကော် သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ။
မြန်မာ။ ။ ဘုရားရှင်သည် အခါတစ်ပါး၌ သာဝတ္ထိမြို့မှာ သီတင်းသုံး နေထိုင်တော်မူ၏။

ပုံစံ။ ။ (ဂ) ပုရိသော ဂါမံ ဥပဝသတိ။
မြန်မာ။ ။ ယောကျ်ားသည် ရွာ၌ နေ၏။

ပုံစံ။ ။ (ဃ) ပုရိသော ဂါမံ အနုဝသတိ။
မြန်မာ။ ။ ယောကျ်ားသည် ရွာ၌ နေ၏။

http://www.dhammadownload.com

ပုံစံ။ ။ (၈) ဘိက္ခု ဝိဟာရံ အဓိဝသတိ။
မြန်မာ။ ။ ရဟန်းသည် ကျောင်း၌ နေ၏။

ပုံစံ။ ။ (၉) ပုရိသော ဂါမံ အာဝသတိ။
မြန်မာ။ ။ ယောကျ်ားသည် ရွာ၌ နေ၏။

ပုံစံ။ ။ (၁၀) ပုရိသော အဂါရံ အဇ္ဈာဝသတိ။
မြန်မာ။ ။ ယောကျ်ားသည် အိမ်၌ နေ၏။

ပုံစံ။ ။ (၁၁) ပုရိသော ပထဝိံ အဓိလေဿတိ။
မြန်မာ။ ။ ယောကျ်ားသည် မြေ၌ အိပ်ရလတ္တံ့။

ပုံစံ။ ။ (၁၂) ဝိဟာရော ဂါမံ အဓိတိဋ္ဌတိ။
မြန်မာ။ ။ ကျောင်းသည် ရွာ၌ တည်၏။

ပုံစံ။ ။ (၁၃) ပုရိသော ဂါမံ အဇ္ဈာဝသတိ။
မြန်မာ။ ။ ယောကျ်ားသည် ရွာ၌ နေ၏။

ပုံစံ။ ။ (၁၄) ဂေါဏော နဒိံ ပိဝတိ။
မြန်မာ။ ။ နွားသည် မြစ်၌ သောက်၏။

ပုံစံ။ ။ (၁၅) ဘိက္ခု ဂါမံ စရတိ။
မြန်မာ။ ။ ရဟန်းသည် ရွာ၌ လှည့်လည်၏။

ပုံစံ။ ။ (၁၆) ဝေရဉ္စော ဗြာဟ္မဏော ဧကမန္တံ နိသီဒိ။
မြန်မာ။ ။ ဝေရဉ္စပုဏ္ဏားသည် တစ်ခုသောနေရာ၌ ထိုင်နေပြီ။

အမှာ။ ။ ဧကမန္တံပုဒ်ကို သင့်တင့်လျောက်ပတ်စွာ ဟု ကြိယာဝိသေသနအနက်လည်း ပြန်နိုင်၏။

http://www.dhammadownload.com

ပထမနေ့

၁။ တံ ခေါ ပန ဘဝန္တံ ဂေါတမံ ဧဝံ ကလ္လာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂတော။

၂။ အဖေသည် ပုသိမ်မြို့နှင့် ငပုတောမြို့၏ အကြားခြံ အလုပ်ကို ပြုလုပ်၏။

၃။ အမေသည် အိမ်ခြံ နေ၏။

ဒုတိယနေ့

၁။ ပဗ္ဘဇိတ မနု ပဗ္ဘဇိသု။

၂။ လသည် ရေခြံ တောက်ပ၏။

၃။ ဘုရားရှင်သည် ဤညဉ့်ခြံ တရားကို ဟောတော်မူ၏။

တတိယနေ့

၁။ သာဓု ဒေဝဒတ္တော မာတရံ ပရိ။

၂။ ဥပမာသည် (ဉာဏ်ခြံ) ထင်လာ၏။

၃။ အခါတစ်ပါးခြံ ရဟန်းသည် ရာဇဂြိုဟ်မြို့ခြံ သီတင်းသုံး နေထိုင်ခဲ့ ၏။

အမှတ် (၅)၊ သင်ခန်းစာ

သဟာဒိယောဂပုဒ် ရေးနည်း

၁။ သဟ၊ သဒ္ဓိ၊ သမံ၊ နာနာ၊ ဝိနာ၊ အလံ၊ ကိ စသော နိပါတ်ပုဒ်များ နှင့် ယှဉ်စပ်နေသောပုဒ်ကို သဟာဒိယောဂပုဒ် ဟု ခေါ်၏။

၂။ သဟာဒိယောဂပုဒ်ကို တတိယာ (နာ၊ ဟိ) ဝိဘတ်ဖြင့် ရေးရ၏။

http://www.dhammadownload.com

၃။ သဟာဒိယောဂပုဒ်ကို (နှင့်၊ နဲ့) ဟု မြန်မာပြန်ရ၏။

၄။ သဟ စသော နိပါတ်ပုဒ်များကို အောက်ပါအတိုင်း မြန်မာပြန်ရ၏။

သဟ-သဒ္ဒိ = အတူ၊ တကွ သမံ = အညီအမျှ
နာနာ = အသီးအခြား ဝိနာ = ကင်း၍၊ ခွဲ၍
အလံ = အကျိုးမရှိ

ပုံစံ။ ။ (က) အာစရိယော ဘိဿေန သဟ ဗုဒ္ဓံ ဝန္ဒတိ။
မြန်မာ။ ။ ဆရာသည် တပည့်နှင့်အတူ ဘုရားကို ရှိခိုး၏။

ပုံစံ။ ။ (ခ) ဗုဒ္ဓေါ ဘိက္ခုသံဃေန သဒ္ဓိံ နိသီဒတိ။
မြန်မာ။ ။ ဘုရားရှင်သည် ရဟန်းအပေါင်းနှင့်အတူ ထိုင်နေတော်မူ၏။

ပုံစံ။ ။ (ဂ) သဟဿေန သမံ မိတာ။
မြန်မာ။ ။ တစ်ထောင်နှင့်အညီအမျှ နှိုင်းယှဉ်အပ်ကုန်၏။

ပုံစံ။ ။ (ဃ) အပွမညာ ယော နာနာ ဟုတွာ ဇာယန္တိ။
မြန်မာ။ ။ အပွမညာ စေတသိက်တို့သည် အသီးအခြား ဖြစ်လျက် ယှဉ်ကြ၏။

ပုံစံ။ ။ (င) သံယော ဂဂ္ဂေန ဝိနာပိ ဥပေါသထံ ကရေယျ။
မြန်မာ။ ။ သံဃာတော်သည် ဂဂ္ဂရဟန်းနှင့် ကင်း၍လည်း ဥပုသ်ကို ပြုနိုင်၏။

ပုံစံ။ ။ (စ) အလံ တေ ဣမေ ဝါသေန။
မြန်မာ။ ။ သင်၏ ဤကျောင်း၌ နေခြင်းဖြင့် အကျိုးမရှိ။

http://www.dhammadownload.com

ပထမနေ့

၁။ လုဒ္ဒကော သုနခေန သဒ္ဒိ ဝနံ ဂစ္ဆတိ။
၂။ လယ်သမားသည် သူ၏ဇနီးနှင့်အတူ လယ်သို့ သွား၏။
၃။ သားသည် အဖေနှင့်အတူ သစ်ပင်ကို ဖြတ်၏။
၄။ အမေသည် ကလေးနှင့်ခွဲ၍ မနေပါ။

ဒုတိယနေ့

၁။ မယံ တုမ္ဟေဟိ သဟ ကမ္မံ အကာရိမှာ။
၂။ နံနက်အချိန်၌ သင်သည် ငါနှင့်အတူ ဆရာကို ပန်ကြားခဲ့၏။
၃။ ကလေးသည် ကလေးမနှင့်အတူ လမ်း၌ ပြေးနေ၏။
၄။ ရဟန်းတို့သည် လူနှင့်ခွဲ၍ တရားကို ကျင့်ကြ၏။

တတိယနေ့

၁။ ဝါဏိဇော သဟာယကေဟိ သဒ္ဒိ ဥပါဟနာနိ ကိဏာတိ။
၂။ အစ်ကိုကြီးသည် ညီငယ်နှင့်အတူ ဥယျာဉ်၌ နေ၏။
၃။ ဆေးဆရာသည် တပည့်နှင့်အတူ လူနာကို ဆေးကု၏။

အမှတ် (၆)၊ သင်ခန်းစာ

ကြိယာပဝဂ္ဂပုဒ် ရေးနည်း

၁။ ကြိယာ (အလုပ်ကိစ္စ) ကို ပြီးစေခြင်းကို ကြိယာပဝဂ္ဂ ဟု ခေါ်၏။
၂။ ကာလအနက်ဟော၊ အဓွန့်အနက်ဟော၊ ကြိယာပဝဂ္ဂပုဒ်ကို တတိယာဝိဘတ်ဖြင့် ရေးရ၏။
၃။ ယင်းကြိယာပဝဂ္ဂပုဒ်ကို "ဖြင့်၊ နှင့်" ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ (က) ပုရိသော ဧကာဟေနေဝ ဗာရာဏသိိ ပါယာသိ။
မြန်မာ။ ။ ယောကျ်ားသည် တစ်ရက်တည်းဖြင့်ပင် ဗာရာဏသီမြို့သို့ အရောက်သွားပြီ။

ပုံစံ။ ။ (ခ) နဂရံ ယောဇနေန ဒ္ဒိတံ။
မြန်မာ။ ။ မြို့သည် တစ်ယူဇနာဖြင့် တည်၏။

၄။ စိရကာလ (ကြာမြင့်စွာသောအချိန်ကာလ) ကို ဟောသောကြိယာပဝဂ္ဂပုဒ်ကို (ကြာမှ) ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ ပုရိသော ဆဟိ မာသေဟိ ဝိဟာရံ နိဋ္ဌာပေတိ။
မြန်မာ။ ။ ယောကျ်ားသည် ခြောက်လကြာမှ ကျောင်းကို ပြီးစေ၏။

အမှာ။ ။ "ကြိယာပဝဂ္ဂေါတိ ကြိယာယ အာသုံ ပရိနိဋ္ဌာပနံ" ကြိယာကို လျင်စွာပြီးစေခြင်းသည် ကြိယာပဝဂ္ဂ မည်၏[၁]

"ဖလပ္ပတ္တိယံ ကိရိယာ ပရိသ မတ္တျပဝဂ္ဂေါ အကျိုးကိုရခြင်း၌ ကြိယာ၏ ပြီးစီးခြင်းသည် ကြိယာပဝဂ္ဂ မည်၏[၂]

မြန်သည်ဖြစ်စေ၊ ကြာသည်ဖြစ်စေ ကြိယာ၏ပြီးစီးခြင်းသည် ကြိယာပဝဂ္ဂပင် ဖြစ်၏။ ထို့ကြောင့် အာသုံပုဒ်ကို မထည့်ဘဲ မောဂ္ဂလ္လာန်၌ ဖွင့်ပြခြင်းသည် ပို၍ သင့်မြတ်လှ၏။ ရူပသိဒ္ဓိ မောဂ္ဂလ္လာန်တို့၌ ဖော်ပြထားသော ပုံစံများကို ထောက်၍လည်း မောဂ္ဂလ္လာန်အဆိုက ပို၍ သင့်မြတ်လှ၏။

၁။ ရူပသိဒ္ဓိ-၁၄၇ ၂။ မောဂ္ဂလ္လာန်-၆၉

http://www.dhammadownload.com

အမှာ။ ။ ကွတ်ထမျူတလက္ခဏာ၊ အင်္ဂါကာရပုဒ်ရေးနည်းများကို နာမဝိသေသနပုဒ်ရေးနည်း၌ ပြခဲ့ပြီးဖြစ်၏။

အမှတ် (၇)၊ သင်ခန်းစာ
ဟေတွတ္ထပုဒ် ရေးနည်း

၁။ အတတ်ပညာကြောင့် နေ၏ စသော မြန်မာဝါကျတွင် "ကြောင့်" ဟူသော စကားကို ဟေတွတ္ထ ဟု ခေါ်၏။

၂။ ထိုဟေတွတ္ထပုဒ်ကို တတိယာဝိဘတ်ဖြင့် ရေးရ၏။

၃။ ဟေတွတ္ထပုဒ်ကို "ကြောင့်" ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ပုရိသော ဝိဇ္ဇယ ဝသတိ။

မြန်မာ။ ။ ယောကျ်ားသည် အတတ်ပညာကြောင့် နေ၏။

ပုံစံ။ ။ (ခ) ဘိက္ခု ဓမ္မေန ဝသတိ။

မြန်မာ။ ။ ရဟန်းသည် တရားကြောင့် နေ၏။

အမှတ် (၈)၊ သင်ခန်းစာ
သတ္တမီဝိဘာဘ်အနက်ဟော တတိယာဝိဘတ္တုန္တပုဒ် ရေးနည်း

၁။ အခ်ိုန်အခါ (ကာလ) အနက်ဟောပုဒ်၊ ခရီး၊ အဓွန့် (အဒ္ဓါ) အနက်ဟောပုဒ်၊ အရပ်မျက်နှာ (ဒိသာ) အနက်ဟောပုဒ်၊ အရပ်ဌာန (ဒေသ) အနက်ဟောပုဒ် တို့ကိုသာ သတ္တမီဝိဘတ်အနက်ဟော တတိယာဝိဘတ်ဖြင့် ရေးရ၏။

၂။ ယင်း တတိယာဝိဘတ္တုန္တပုဒ်ကို မြန်မာပြန်သောအခါ (၌၊ မှာ) ဟု သတ္တမီဝိဘတ်အနက်ပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ (က) တေန သမယေန ဗုဒ္ဓေါ ဓမ္မံ ဒေသေတိ။
မြန်မာ။ ။ ထိုအခါ၌ ဘုရားရှင်သည် တရားကို ဟောတော်မူ၏။

ပုံစံ။ ။ (ခ) ပုရိသော ယောဇနေန ဓါဝတိ။
မြန်မာ။ ။ ယောကျ်ားသည် တစ်ယူဇနာ၌ ပြေး၏။

ပုံစံ။ ။ (ဂ) ပိတာ ပုရတ္ထိမေန နိသီဒတိ။
မြန်မာ။ ။ အဖေသည် အရှေ့အရပ်၌ ထိုင်နေ၏။

ပုံစံ။ ။ (ဃ) ယေန ဘဂဝါ အတ္ထိ။
မြန်မာ။ ။ အကြင်အရပ်၌ ဘုရားရှင်သည် ရှိ၏။

ပထမနေ့

၁။ တစ္ဆကော ကောဟေနေဝ ရုက္ခံ ဆိန္ဒတိ။
၂။ အလုပ်သမားသည် ခြောက်လကြာမှ အလုပ်ရုံသို့ သွား၏။
၃။ သူတောင်းစားသည် ထမင်းကြောင့် နေ၏။
၄။ ထိုအခါ၌ လူတို့သည် တရားကို နာကြ၏။

ဒုတိယနေ့

၁။ ကမ္မုနာ ဗာလော ဟောတိ။
၂။ လယ်သမားသည် တစ်ရက်တည်းဖြင့် ကောက်စပါးတို့ကို ရိတ်ဖြတ်၏။
၃။ လူသည် သီလကြောင့် နတ်ပြည်၌ ဖြစ်၏။
၄။ ရဟန်းသည် တောင်အရပ်၌ တရားကို ဟော၏။

http://www.dhammadownload.com

တတိယနေ့

၁။ ဘိက္ခု မာသေန ဓမ္မံ ဒေသေတိ။
၂။ လူနာသည် တစ်လကြာမှ ထမင်းကို စား၏။
၃။ လူတို့သည် ကိုရင်ကို အကျင့်ကြောင့် ချီးမွမ်းကြ၏။
၄။ ယောက်ျားသည် တစ်ယူဇနာအရပ်၌ ရေတွင်းကို တူး၏။

အမှတ် (၃)၊ သင်ခန်းစာ
ပုဗ္ဗာဒိယောဂပုဒ်ရေးနည်း

၁။ ပုဗ္ဗ၊ သဒိသ၊ သမ၊ ဥိန အနက်ရှိသော သဒ္ဒါ၊ ကလဟ၊ နိပုဏ၊ မိဿက၊ သခိလ၊ အတ္ထ၊ တုလ္ယ သဒ္ဒါတို့နှင့် ယှဉ်သောပုဒ်ကို ပုဗ္ဗာဒိယောဂပုဒ် ဟု ခေါ်၏။

၂။ ပုဗ္ဗာဒိယောဂပုဒ်ကို တတိယာဝိဘတ်ဖြင့် ရေးရ၏။

၃။ ပုဗ္ဗာဒိယောဂပုဒ်ကို မြန်မာပြန်သောအခါ "သဒိသ၊ သမ၊ မိဿက၊ တုလ္ယ သဒ္ဒါတို့နှင့် ယှဉ်စပ်နေသောပုဒ်ကို "နှင့်" ဟု ပြန်၍၊ ကြွင်းသော ပုဗ္ဗ စသော သဒ္ဒါများနှင့် ယှဉ်စပ်နေသောပုဒ်ကို "ဖြင့်" ဟု ပြန်ရ၏။

ပုံစံ။ ။ (က) မာသေန ပုဗ္ဗော - တစ်လဖြင့် ရှေးကျသူ။
(ခ) ပိတရာ သဒိသော - အဖေနှင့် တူသူ။
(ဂ) မာတရာ သမော - အမေနှင့် တူသူ။
(ဃ) ကတာပဏေန ဥိနော- တစ်ကျပ်ဖြင့် ယုတ်လျော့သောငွေ။

http://www.dhammadownload.com

(ဂ) ဓနေန ဝိကလော - ဥစ္စာဖြင့် ချို့တဲ့သူ။
(စ) အသိနာ ကလဟော - သန်လျက်ဖြင့် ငြင်းခုံခြင်း။
(ဆ) အာစာရေန နိပုဏော- အကျင့်ဖြင့် သိမ်မွေ့သူ။
(ဇ) ဝါစာယ နိပုဏော - စကားဖြင့် သိမ်မွေ့သူ။
(ဈ) ဂုဠေန မိဿကံ - တင်လဲနှင့် ရောအပ်သော အစာ။
(ည) တိလေန မိဿကံ - နှမ်းနှင့် ရောအပ်သော အစာ။
(ဋ) ဝါစာယ သခိလော - စကားဖြင့် ပြေပြစ်သူ။
(ဌ) ဓနေန အတ္ထော - ဥစ္စာဖြင့် အလိုရှိ၏။
(ဍ) ပိတရာ တုလျော - အဖေနှင့် တူသူ။

၄။ အစ္စန္တ သံယောဂ မဟုတ်သော အချိန်အခါ (ကာလ) အနက်ဟောပုဒ်၊ ခရီးအဓွန့် (အဒ္ဓါ) အနက်ဟောပုဒ်တို့ကိုလည်း တတိယာဝိဘတ်ဖြင့် ရေး၍ "ဖြင့်" ဟု မြန်မာပြန်ရ၏။

ကာလပုံစံ။ ။ ပုရိသော မာသေန ဘေသဇ္ဇံ ဘုဉ္ဇတိ။
မြန်မာ။ ။ ယောကျ်ားသည် တစ်လဖြင့် ဆေးကို စား၏။

အဒ္ဓါပုံစံ။ ။ ပုရိသော ယောဇနေန ဂစ္ဆတိ။
မြန်မာ။ ။ ယောကျ်ားသည် တစ်ယူဇနာဖြင့် သွား၏။

၅။ ပထမာဝိဘတ်အနက်၌လည်း တတိယာဝိဘတ်ကို သုံးစွဲရေးရ၏။ ထိုတတိယာဝိဘတ်ကို "သည်" ဟု ပထမာဝိဘတ်အနက်ပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ အတ္တနာဝ အတ္တာနံ သမ္မနတိ။
မြန်မာ။ ။ မိမိသည်ပင် မိမိကို သမုတ်၏။

၆။ ကံအနက်ဟောပုဒ်၌လည်း တတိယာဝိဘတ်ကို သုံးစွဲရ၏။ ထိုတတိယာဝိဘတ်ကို "ကို" ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ ပုရိသော တိလေဟိ ခေတ္တေ ဝပတိ။
မြန်မာ။ ။ ယောက်ျားသည် နှမ်းတို့ကို လယ်၌ စိုက်ပျိုး၏။

၇။ ပဉ္စမီဝိဘတ် အနက်ဟောပုဒ်ကိုလည်း တတိယာဝိဘတ်ဖြင့် ရေးရ၏။ ထိုတတိယာဝိဘတ်ကို "မှ" ဟု အပါဒါန်အနက်ပြန်ရ၏။

ပုံစံ။ ။ သုမုတ္တာ မယံ တေန မဟာသမဏေန။
မြန်မာ။ ။ ငါတို့သည် ထိုရဟန်းကြီးမှ ကောင်းစွာ လွတ်မြောက်ကြပြီ။

ပထမနေ့

၁။ သာမဏေရော စီဝရေန အတ္ထော။
၂။ ရဟန်းသည် သင်္ကန်းဖြင့် ချို့တဲ့၏။
၃။ သားသည် အဖေနှင့် တူ၏။

ဒုတိယနေ့

၁။ ဘိက္ခူ အာစာရေန နိပုဏော။
၂။ မိမိသည်ပင် မိမိကို စွပ်စွဲ၏။
၃။ ကလေးသည် အမိနှင့် တူ၏။

http://www.dhammadownload.com

အမှတ် (၁၀)၊ သင်ခန်းစာ
သမ္မဒါန်ပုဒ်ရေးနည်း

၁။ ပူဇော်လို၊ ချီးမြှောက်လို၍ ပေးသော ဝတ္ထု၊ ကြိယာတို့ကို ခံယူတတ်သော သတ္တိရှိသော သဒ္ဒါများကို သမ္မဒါန် ဟု ခေါ်၏။

၂။ သမ္မဒါန်ပုဒ်ကို စတုတ္ထီဝိဘတ်ဖြင့် ရေးရ၏။

၃။ တဒတ္ထ၊ တုမတ္ထ၊ မည်တိုပွယောဂ၊ ဂတျတ္ထကမ္မနိ၊ သတ္တမျတ္ထတို့မှ ကြွင်းသော သမ္မဒါန်ပုဒ်တို့ကို "အား" ဟု မြန်မာပြန်ရ၏။

၄။ ပါဠိသဒ္ဒါကျမ်းများ၌ ဒါ စသော ဓာတ်များနှင့် ယှဉ်စပ်ရာ၌သာ သမ္မဒါန်အဖြစ်သုံးစွဲရန် အောက်ပါအတိုင်း သတ်မှတ်ခဲ့ကြ၏။

ဒါ။ ။ ပုရိသော သမဏဿ စီဝရံ ဒဒါတိ။
မြန်မာ။ ။ ယောက်ျားသည် ရဟန်းအား သင်္ကန်းကို လှူ၏။

ရုစ။ ။ သမဏဿ ရောစတေ သဒ္ဓံ။
မြန်မာ။ ။ ရဟန်းအား မှန်သောစကားသည် နှစ်သက်၏။

ခမု။ ။ ခမတိ သံယဿ ဥပသမ္မဒါ။
မြန်မာ။ ။ ရဟန်းအဖြစ်သည် သံဃာအား နှစ်သက်၏။

ဆဒ။ ။ ဒါရကဿ ဘတ္တံ ဆာဒေတိ။
မြန်မာ။ ။ ကလေးအား ထမင်းသည် ဆာ၏။

မှတ်ချက်။ ။ ခမတိ၊ ဆာဒေတိ ပုံစံများသည် ရုစ (နှစ်သက်ခြင်း) အနက်ရှိသော ဓာတ်များ၏ ပုံစံဖြစ်၏။ ရုစ၊ ခမု၊ ဆဒဓာတ်များနှင့် ယှဉ်ရာ၌ ကတ္တားပုဒ်သည် သမဏဿ၊ သံယဿ၊ ဒါရကဿ ဟု သမ္မဒါန်ပုဒ် ဖြစ်လာ၏။

http://www.dhammadownload.com

ကံပုဒ်သည် သစ္စံ၊ ဘတ္တံ၊ ဥပသမ္မဒါ ဟု ကတ္တားပုဒ် ဖြစ်လာ၏။ ထို့ကြောင့် သစ္စံ၊ ဘတ္တံ၊ ဥပသမ္မဒါပုဒ်တို့ကို "သည်" ဟု ကတ္တားအနက်ပြန်ရ၏။ ရုစတ်၊ ရုစ အနက်ရှိသောဓာတ်များနှင့်ယှဉ်ရာ၌ သမ္မဒါန်မဖြစ်သောအရာလည်း ရှိ၏။ သမ္မဒါန်မဖြစ်သောပုံစံ၌ သမ္မဒါန်ဖြစ်ရမည့်ပုဒ်ကို ကတ္တားပုဒ်အဖြစ်ရေးရ၏။ ကတ္တားဖြစ်ရမည့်ပုဒ်ကို ကံပုဒ်အဖြစ် ရေးရ၏။

သမ္မဒါန်မဖြစ်သောပုံစံများ

ပုံစံ။ ။ (က) ကိ နု ဇာတိ နရောစေသိ။[၁]

မြန်မာ။ ။ ပဋိသန္ဓေနေခြင်းကို သင်အဘယ်ကြောင့် မနှစ်သက်သနည်း။

ပုံစံ။ ။ (ခ) အပရာဓံ မဟာရာဇ၊ တွံနော ခမ ရထေသဘ၂။

မြန်မာ။ ။ ရထားးစီးနင်း မင်းတကာတို့ထက် မြတ်သောမင်းကြီး သင်မင်းကြီးသည် ငါတို့၏အပြစ်ကို သည်းခံတော်မူပါ။

ပုံစံ။ ။ (ဂ) ဧဝါဟံ တံ ခမိဿာမိ။

မြန်မာ။ ။ ဤသို့ မြတ်စွာဘုရား သာသနာတော်၌ ကြည်ညိုစေနိုင်လျှင် ငါသည် သင့်ကို သည်းခံမည်။

ဓရ။ ။ ဒေဝဒတ္တဿ သုဝဏ္ဏစ္ဆတ္တံ ဓာရယတေ ယဉ္ဇဒတ္တော။

၁။ သံ- ၁၊ ၁၃၃ ၂။ ဇာ-၂၊ ၇၂

http://www.dhammadownload.com

မြန်မာ။ ။ ယညဒတ်သည် ဒေဝဒတ်အား ရွှေထီးကို ဆောင်း၏။

သိလာယ။ ။ ဗုဒ္ဓဿ သိလာယတေ။
မြန်မာ။ ။ ဘုရားရှင်အား ချီးမွမ်း၏။

ဟနု။ ။ ဟနုတေ မယ္ဘမေဝ။
မြန်မာ။ ။ ငါ့အား လိမ်၏။

ဌာ။ ။ ဥပတိဋ္ဌေယျ သက္ကပုတ္တာနံ ဝမ္ဟကီ။
မြန်မာ။ ။ လက်သမားသည် သာကီဝင်မင်းသား ဘုရားသားတော်တို့အား ပြုစုလုပ်ကျွေးရာ၏။

သပ။ ။ တုယ္ဘံ သပတေ။
မြန်မာ။ ။ သင့်အား ယုံပါစေလို သစ္စာဆို၏။

မှတ်ချက်။ ။ မိမိဆန္ဒကို သိစေလို၍ သိလာယ၊ ဟန၊ ဌာ၊ သပဓာတ်တို့ကို သုံးစွဲရာ၌ (သိစေလိုအပ်သူသည်) သမ္ပဒါန် ဖြစ်၏။ မိမိဆန္ဒကို သိစေလို၍ မဟုတ်ဘဲ ရိုးရိုးချီးမွမ်းရာ၌ သမ္ပဒါန် မဖြစ်။

ဓာရ။ ။ သုဝဏ္ဏံ တေ ဓာရယတေ။
မြန်မာ။ ။ သင်ကြွေးမြီရှင်အား ရွှေကို ဆောင်နှင်း၏။ (ဆပ်၏)။

ဝိဟ။ ။ ဗုဒ္ဓဿ အညတိတ္ထိယာ ဝိဟယန္တိ။
မြန်မာ။ ။ သာသနာပတိတို့တို့သည် ဘုရားရှင်အား မြတ်နိုးကြ၏။

http://www.dhammadownload.com

ကုဓ။ ။ တဿ ကုဇ္ဈ မဟာဝီရ။
မြန်မာ။ ။ ကြီးသော လုံ့လရှိသော အရှင်ရသေ့ ထိုကလာပုမင်းအား စိတ်ဆိုးတော်မူပါ။

ဒုဟ။ ။ ဒုဟ ယတိ ဒိသာနံ မေဃော။
မြန်မာ။ ။ မိုးသည် အရပ်မျက်နှာတို့အား ဖျက်ဆီး၏။

ဣဿ။ ။ တိတ္တိယာ ဣဿယန္တိ သမဏာနံ။
မြန်မာ။ ။ တိတ္တိတို့သည် ရဟန်းတို့အား ငြူစူကြ၏။

ဥဿူယ။ ။ ဒုဇ္ဇနာ ဂုဏဝန္တာနံ ဥဿူယန္တိ။
မြန်မာ။ ။ သူယုတ်မာတို့သည် ဂုဏ်ရှိသူတို့အား အပြစ်ပြောကြ၏။

ရာဓ။ ။ အာရာဓော ဟံ ရညော။
မြန်မာ။ ။ ကျွန်တော်မျိုးသည် မင်းအား နှစ်သက်ပါ၏။

ကမ္မ။ ။ အာယသ္မတော ဥပါလိတ္ထေရဿ ဥပသမ္ပဒါပေက္ခော ဥပတိဿော။
မြန်မာ။ ။ ဥပတိဿသည် အရှင်ဥပါလိထေရ်အား ရဟန်းအဖြစ်ကို ရှုငဲ့၏။

ပစ္စာသုဏာ။ ။ ဝါကျနှစ်ခုရှိရာတွင် ရှေ့ဝါကျက ကတ္တားသည် နောက်ဝါကျသို့ ရောက်သောအခါ ပတိ + အာ + ပုဗ္ဗသုဓာတ်နှင့်ယှဉ်ရာ၌ သမ္မဒါန် ဖြစ်လာ၏။

ပုံစံ။ ။ (က) ဘဂဝါ ဘိက္ခူ ဧတဒဝေါစ။

http://www.dhammadownload.com

ပုံစံ။ ။ (ခ) တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ့။
(နောက်ဝါကျ)

မြန်မာ။ ။ (က) ဘုရားရှင်သည် ရဟန်းတို့ကို ဤစကားကို မိန့်တော်မူ၏။

မြန်မာ။ ။ (ခ) ထိုရဟန်းတို့သည် ဘုရားရှင်အား ရှေးရှုနားထောင်ကြပြီ။

ရှင်းလင်းချက်။ ။ ရှေ့ (က) ဝါကျ၌ ဘဂဝါ ဟူသော ကတ္တားပုဒ်သည် နောက် (ခ) ဝါကျသို့ ရောက်သောအခါ ပတိပုဗ္ဗသုဓာတ် (ပစ္စဿောသုံ့) နှင့်ယှဉ်ရာ၌ "ဘဂဝတော" ဟု သမ္ပဒါန် ဖြစ်လာ၏။

အာပုဗ္ဗသုဓာတ်။။ (က) ဗုဒ္ဓေါ ဘိက္ခူ ဧတ ဒဝေါစ (ရှေ့ဝါကျ)
(ခ) ဘိက္ခူ ဗုဒ္ဓဿ အာသုဏ္ဏန္တိ (နောက်ဝါကျ)

မြန်မာ။ ။ (က) ဘုရားရှင်သည် ရဟန်းတို့ကို ဤစကားကို မိန့်တော်မူ၏။
(ခ) ရဟန်းတို့သည် ဘုရားရှင်အား ရိုသေစွာ နာယူကြ၏။

အနုပတိဂဏ။ ။ အနုပုဗ္ဗဂိဓာတ်၊ ပတိပုဗ္ဗဂိဓာတ်တို့နှင့် ယှဉ်ရာ၌ ရှေ့ဝါကျရှိကတ္တားသည် နောက်ဝါကျ၌ သမ္ပဒါန် ဖြစ်လာ၏။

အနုပုဗ္ဗဂိပုံစံ။ ။ (က) ဘိက္ခူ ဇနံ ဓမ္မံ သာဝေတိ။
(ခ) တဿ ဘိက္ခူနော ဇနော အနုဂိဏာတိ။

http://www.dhammadownload.com

ပတိပုဗ္ဗဂိပုံစံ။ ။ (၁) တဿ ဘိက္ခူနော ဇနော ပတိဂိဏှာတိ။
မြန်မာ။ ။ (က) ရဟန်းသည် လူအပေါင်းကို တရားကို နာယူစေ၏။
(ခ/၁) ထိုရဟန်းအား လူအပေါင်းသည် အားတက်စေလို လျော်စွာ ဆို၏။

အာရောစနတ္ထ။ ။ ပြောဆိုခြင်းအနက်ရှိသောဓာတ်တို့နှင့် ယှဉ်ရာပုဒ်ကို သမ္ပဒါန် အဖြစ် သုံးစွဲရ၏။

ပုံစံများ။ ။ (က) အာရော စယာမိဝေါ ဘိက္ခဝေ။
မြန်မာ။ ။ ရဟန်းတို့ သင်တို့အား မိန့်ကြားတော်မူအံ့။

(ခ) အာမန္တယာမိ ဝေါ ဘိက္ခဝေ။
မြန်မာ။ ။ ရဟန်းတို့ သင်တို့အား သိစေတော်မူအံ့။

(၁) ပဋိဝေဒယာမိ ဝေါ ဘိက္ခဝေ။
မြန်မာ။ ။ ရဟန်းတို့ သင်တို့အား သိစေတော်မူအံ့။

(ဃ) ဓမ္မံဝေါ ဒေသေဿာမိ။
မြန်မာ။ ။ သင်တို့အား တရားတော်ကို ဟောကြားတော်မူအံ့။

(င) ယထာနော ဘဂဝါ ဗျာကရေယျ။
မြန်မာ။ ။ အကြင် အခြင်းအရာအားဖြင့် ငါတို့အား ဘုရားရှင်သည် ဖြေဆိုရာ၏။

(စ) နိရုတ္တိံ တေ ပဝက္ခာမိ။
မြန်မာ။ ။ သင့်အား နိရုတ္တိကို ဆိုပေအံ့။

http://www.dhammadownload.com

ရှင်းလင်းချက်။ ။ ပြောဆိုခြင်းအနက်ရှိသော အာမန္တယာမိ၊ ပဋိဝေဒယောမိ၊ ဒေသေဿာမိ၊ ဗျာကရေယျ၊ ပဝက္ခာမိ ဟူသော ကြိယာပုဒ်တို့နှင့်ယှဉ်သောကြောင့် ဝေါ၊ နော၊ တေ ဟု သမ္ပဒါန်ပုဒ်များ ဖြစ်လာကြ၏။

တဒတ္ထ။ ။ ထိုထိုကြိယာ၏အကျိုးကို ဟောသောပုဒ်ကို တဒတ္ထသမ္ပဒါန်အဖြစ် သုံးစွဲရ၏။

တဒတ္ထသမ္ပဒါန်ပုဒ်ကို (ဌာ၊ အတွက်၊ ဖို့) ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ဥနဿ ပါရိပူရိယာ ဝတ္ထံ နိက္ခိပိတဗ္ဗံ။

မြန်မာ။ ။ ယုတ်လျော့သောသင်္ဃန်း၏ ပြည့်စုံလုံလောက်ခြင်းဌာ အဝတ်ကို သိမ်းထားနိုင်၏။

ပုံစံ။ ။ (ခ) ဗုဒ္ဓဿ အတ္ထာယ ဇီဝိတံ ပရိစ္စဇာမိ။

မြန်မာ။ ။ ဘုရားရှင်၏အကျိုးဌာ အသက်ကို စွန့်ပါ၏။

ရှင်းလင်းချက်။ ။ အသက်ကို စွန့်ခြင်းကြိယာသည် အကြောင်းဖြစ်၏။ ဘုရားရှင်၏အကျိုးဖြစ်ခြင်းသည် အကျိုးဖြစ်၏။ ဤသို့ စွန့်ခြင်းကြိယာ၏အကျိုးဖြစ်သော အတ္ထပုဒ်သည် အတ္ထာယ ဟု တဒတ္ထသမ္ပဒါန် ဖြစ်လာ၏။

တုမတ္ထ။ ။ တုံပစ္စည်းအနက်ကို ဟောသောပုဒ်ကို တုမတ္ထသမ္ပဒါန်အဖြစ် သုံးစွဲရ၏။

တုမတ္ထသမ္ပဒါန်ပုဒ်ကို (ဌာ၊ အဖို့၊ ရန်) ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ (က) လောကာနု ကမ္မာယ ဗုဒ္ဓါလောကေ ဥပ္ပဇ္ဇတိ။
မြန်မာ။ ။ ဘုရားရှင်သည် လောကကို သနားစောင့်ရှောက်ခြင်းငှာ လောက၌ ပွင့်တော်မူ၏။

ပုံစံ။ ။ (ခ) ဘိက္ခူနံ ဖာသုဝိဟာရာယ ဝိနယော ပညတ္တော။
မြန်မာ။ ။ ရဟန်းတို့၏ ချမ်းသာစွာ နေနိုင်ခြင်းအကျိုးငှာ ဝိနည်းကို ပညတ်တော်မူအပ်ပြီ။

ကာလမတ္ထ။ ။ ထိုက်တန်၏ ဟူသော အရဟတိအနက်၊ မသင့်၊ အကျိုးမရှိ ဟူသော ပဋိက္ခေပ အနက်တို့ကို အလံသဒ္ဒါက ဟော၏။ ထိုအလံ အနက်ဟော သဒ္ဒါ၏ ယှဉ်ရာပုဒ်ကို သမ္ပဒါန်အဖြစ် သုံးစွဲရ၏။

အရဟတ္ထပုံစံ။ ။ (က) အလံ မေ ရဇ္ဇံ။
မြန်မာ။ ။ ငါ့အား တိုင်းပြည်သည် ထိုက်တန်၏။

(ခ) အလံ ဘိက္ခု ပတ္တဿ။
မြန်မာ။ ။ ရဟန်းသည် သပိတ်အား ထိုက်တန်၏။

(ဂ) အလံ မလ္လော မလ္လဿ။
မြန်မာ။ ။ လက်ဝှေ့သည် တစ်ယောက်သည် လက်ဝှေ့သည် တစ်ယောက်အား ထိုက်တန်၏။

ပဋိက္ခေပပုံစံ။ ။ (က) အလံ တေ ဣဓဝါသေန။
မြန်မာ။ ။ သင့်အား ဤကျောင်း၌နေခြင်းဖြင့် အကျိုးမရှိ။

(ခ) အလံ မေ ဟိရည သုဝဏ္ဏေန။
မြန်မာ။ ။ ငါ့အား ငွေရွှေဖြင့် အကျိုးမရှိ။

http://www.dhammadownload.com

(၇) ကိံ တေ ဇဋာဟိ ဒုမ္မေဓ။

မြန်မာ။ ။ ပညာမရှိသောရသေ့ သင့်အား ဆံကျစ်တို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း။

မညတိပွယောဂ။ ။ မနဓာတ်၏ယှဉ်ရာဌာန မလေးစားအပ်သော သတ္တဝါလည်း မဟုတ်သောအနက်ကို ဟောသောပုဒ်ကို သမ္ဗဒါန်အဖြစ် သုံးစွဲရ၏။ ဤသမ္ဗဒါန်ကို "အား" ဟု မြန်မာမပြန်ရ။ ထင်းတုံးကဲ့သို့ ထင်းတုံးလို၊ ထင်းတုံးလောက်စသည်ဖြင့် ကံအနက် ပြန်ရ၏။

ပုံစံ။ ။ (က) ကဋ္ဌဿ တုဝံ မညေ။
မြန်မာ။ ။ နင့်ကို ထင်းတုံးလို မှတ်ထင်၏။

ပုံစံ။ ။ (ခ) ကလိင်္ဂရဿ တုဝံ မညေ။
မြန်မာ။ ။ နင့်ကို ထင်းနုပ်ထင်းမွဲလို မှတ်ထင်၏။

ပုံစံ။ ။ (ဂ) ဇီဝိတံ တိဏာယပိ နမညမာနော။
မြန်မာ။ ။ အသက်ကို မြက်မှိုက်လောက်လည်း မမှတ်ထင်ပဲ။

ဂတျတ္ထကမ္မနိ။ ။ ဂတိအနက်ရှိသော ဓာတ်တို့၏ ကံပုဒ်ကို စတုတ္ထီဝိဘတ်ဖြင့် ရေး၍ ကို၊ သို့ ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ဂါမဿ ပါဒေန ဂတော။
မြန်မာ။ ။ ရွာသို့ ခြေဖြင့် သွား၏။

ပုံစံ။ ။ (ခ) အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။
မြန်မာ။ ။ အနည်းငယ်သော သတ္တဝါသည် နတ်ပြည်သို့ ရောက်၏။

http://www.dhammadownload.com

ပုံစံ။ ။ (၇) မူလာယ ပဋိကဿေယျ သံယော။
မြန်မာ။ ။ သံယာသည် အရင်းသို့ ငင်ရာ၏။

အာသီသတ္ထ။ ။ သူတစ်ပါးအတွက် တောင့်တခြင်း၊ ဆုတောင်းခြင်းကို အာသီသန ဟု ခေါ်၏။ ယင်းတောင်းတခြင်းအနက် ဟောသဒ္ဒါ၏ ယ္ဍဉ်ရာပုဒ်ကို သမ္ဘဒါန်အဖြစ် သုံးစွဲရ၏။ ထိုအာသီသနအနက်၌ အာယု, ဘဒ္ဒ, ကုသလ, အနာမယ, သုခ, အတ္ထ, ဟိတ, သွာဂတ, သောတ္ထိ သဒ္ဒါများကို ယ္ဍဉ်တွဲသုံးစွဲရ၏။

ပုံစံ။ ။ (က) အာယသ္မတော ဒီဃာယု ဟောတု။
မြန်မာ။ ။ အရှင့်အား အသက်ရှည်ပါစေ။

ပုံစံ။ ။ (ခ) ဘဒ္ဒံ ဘဝတော ဟောတု။
မြန်မာ။ ။ အရှင့်အား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ။

ပုံစံ။ ။ (ဂ) ကုသလံ ဘဝတော ဟောတု။
မြန်မာ။ ။ အရှင့်အား ကျန်းမာသူ၏အဖြစ် ဖြစ်ပါစေ။

ပုံစံ။ ။ (ဃ) အနာမယံ ဘဝတော ဟောတု။
မြန်မာ။ ။ အရှင့်အား အနာမရှိသူ၏အဖြစ် ဖြစ်ပါစေ။

ပုံစံ။ ။ (င) သုခံ ဘဝတော ဟောတု။
မြန်မာ။ ။ အရှင့်အား ချမ်းသာခြင်း ဖြစ်ပါစေ။

ပုံစံ။ ။ (စ) သွာဂတံ ဘဝတော ဟောတု။
မြန်မာ။ ။ အရှင့်အား ကောင်းသောလာခြင်း ဖြစ်ပါစေ။

http://www.dhammadownload.com

ပုံစံ။ ။ (ဆ) အတ္ထံ ဘဝတော ဟောတု။
မြန်မာ။ ။ အရှင့်အား ကောင်းကျိုး ဖြစ်ပါစေ။

ပုံစံ။ ။ (ဇ) ဟိတံ ဘဝတော ဟောတု။
မြန်မာ။ ။ အရှင့်အား စီးပွား ဖြစ်ပါစေ။

သမ္မုတိ။ ။ သမ္မုတိ သဒ္ဒါနှင့်ယှဉ်စပ်သောပုဒ်ကို သမ္မဒါန်အဖြစ် သုံးစွဲရ၏။

ပုံစံ။ ။ သာဓု သမ္မုတိ မေ တဿဘဂဝတော ဒဿနာယ။
မြန်မာ။ ။ ထိုမြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ တပည့်တော်အား သမုတ်ခြင်းသည် ကောင်းပါ၏။

ဘိယျ။ ။ ဘိယျ သဒ္ဒါနှင့် ယှဉ်စပ်ရာပုဒ်ကို သမ္မဒါန်အဖြစ် သုံးစွဲရ၏။ ဘိယျ သဒ္ဒါနှင့်ယှဉ်သော သမ္မဒါန်ပုဒ်ကို "ထက်" ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ ဘိယျော သော မတ္တာယ။
မြန်မာ။ ။ အတိုင်းအရှည်ထက် လွန်စွာ။

သတ္တမျတ္ထ။ ။ သတ္တမီဝိဘတ် အနက်နှင့်ယှဉ်သော ပုဒ်ကို သမ္မဒါန်အဖြစ် သုံးစွဲရ၏။
ထို သမ္မဒါန်ပုဒ်ကို "၌၊ မှာ" ဟု မြန်မာပြန်ရ၏။
ထို သတ္တမီအနက်ဟော သမ္မဒါန်ပုဒ်ကို အာဝိကရဏ၊ ပါတုဘဝန သဒ္ဒါတို့နှင့် ယှဉ်ရာပုဒ်တို့ကို သမ္မဒါန်အဖြစ် သုံးစွဲရ၏။

ပုံစံ။ ။ (က) တုယ္ဟဿ အာဝိကရောမိ။
မြန်မာ။ ။ ထို သင့်ထံ၌ ထင်စွာပြု၏။

http://www.dhammadownload.com

ပုံစံ။ ။ (ခ) တဿမေ သက္ကော ပါတုရဟောသိ။
မြန်မာ။ ။ ထို ငါ့ထံ၌ သိကြားသည် ထင်စွာ ဖြစ်ပြီ။
ပဟိဏာဒီ။ ။ ပဟိဏ စသော ကြိယာပုဒ်၊ ဖာသု စသော နာမ်ပုဒ်များ နှင့် ယှဉ်ရာပုဒ်တို့ကို သမ္ပဒါန်အဖြစ် သုံးစွဲရ၏။

ပုံစံ။ ။ (က) တဿ ပဟိဏောယျ။
မြန်မာ။ ။ ထိုသူ့အား စေလွှတ်ရာ၏။ (ပို့ရာ၏)
ပုံစံ။ ။ (ခ) ဘိက္ခုနံ ဒူတံ ပါဟေသိ။
မြန်မာ။ ။ ရဟန်းတို့အား တမန်ကို စေလွှတ်ပြီ။ (ပို့ပြီ)
ပုံစံ။ ။ (ဂ) ကပ္ပတိ သမဏာနံ အာယောဂေါ။
မြန်မာ။ ။ ရဟန်းတို့အား အာယောဂပတ်သည် အပ်၏။
ပုံစံ။ ။ (ဃ) ဥပမံ တေ ကရိဿာမိ။
မြန်မာ။ ။ သင့်အား ဥပမာကို ပြုလိမ့်မည်။
ပုံစံ။ ။ (င) အဋ္ဌလိ တေ ပဂ္ဂဏှာမိ။
မြန်မာ။ ။ သင့်အား လက်အုပ်ကို ချီမြှောက်ပါ၏။
ပုံစံ။ ။ (စ) တထာ တဿ ဖာသု ဟောတိ။
မြန်မာ။ ။ ထိုမှတစ်ပါး ထိုသူအား ချမ်းသာ၏။
ပုံစံ။ ။ (ဆ) မဏိနာ မေ အတ္ထော။
မြန်မာ။ ။ ငါ့အား ပတ္တမြားဖြင့် အလိုရှိ၏။
ပုံစံ။ ။ (ဇ) သေယျော မေ အတ္ထော။
မြန်မာ။ ။ ငါ့အား အကျိုးသည် မြတ်၏။

http://www.dhammadownload.com

နမောယောဂါဒီသု။ ။ နမော၊ သောတ္ထိ၊ သွာဂတ သဒ္ဒါများနှင့် ယှဉ်ရာ ပုဒ်ကိုလည်း စတုတ္ထီဝိဘတ်ဖြင့် ရေးနိုင်၏။ သို့သော် နမော စသော သဒ္ဒါများနှင့် ယှဉ်သော ပုဒ်ကို သမ္ပဒါနကာရက ဟု မခေါ်ရ။

ပုံစံ။ ။ (က) နမော ကရောဟိ နာဂသ။
မြန်မာ။ ။ ရဟန္တာအား ရှိခိုးခြင်းကို ပြုပါလော့။

ပုံစံ။ ။ (ခ) သောတ္ထိ ပဇာနံ။
မြန်မာ။ ။ သတ္တဝါတို့အား ကောင်းကျိုးချမ်းသာမင်္ဂလာ ဖြစ်ပါစေ။

ပုံစံ။ ။ (ဂ) သွာဂတံ တေ မဟာရာဇ။
မြန်မာ။ ။ မင်းမြတ် အရှင်မင်းမြတ်အား ကောင်းသော လာခြင်းပါတည်း။

ပထမဓနေ့

၁။ မယ့် ဘတ္တံ ဆာဒေတိ။
၂။ အဖေသည် ငါ့အား စိတ်ဆိုး၏။
၃။ လူမိုက်သည် ရဟန်းအား ငြူစူ၏။

ဒုတိယဓနေ့

၁။ တံ့ ကိ မတ္ထာယ ပရဒါရံ ဂစ္ဆသိ။
၂။ သင့်အား မယားဖြင့် အကျိုးမရှိ။
၃။ သင်တို့အား စီးပွား ဖြစ်ပါစေ။

http://www.dhammadownload.com

တတိယနေ့

၁။ ဒုဿီလော သီလဝန္တာနံ ဥဿူယတိ။
၂။ ငါသည် အမေအား အလုပ်သမားကို စေလွှတ်၏။
၃။ တပည့်သည် ဆရာအား လက်အုပ်ကို ချီမြှောက်ပါ၏။

အမှတ် (၁၁)၊ သင်ခန်းစာ
အပါဒါန်ပုဒ်ရေးနည်း

၁။ တကယ်ဖြစ်စေ၊ လောကအထင်အားဖြင့်ဖြစ်စေ ပူးတွဲရာမှ ခွဲခွာခြင်း အပဂမနသဘောရှိသော သဒ္ဒါသည် အပါဒါန် မည်၏။
၂။ ထို အပါဒါန်ပုဒ်ကို ပဉ္စမီဝိဘတ် (သွာ၊ ဟိ) ဖြင့် ရေးရ၏။
၃။ ရိုးရိုးအပါဒါန်ပုဒ်ကို (မှ၊ က) ဟု မြန်မာပြန်ရ၏။
၄။ အပါဒါန်သည် အောက်၌ဖော်ပြထားသည့်အတိုင်း အပဂမနအပါဒါန် စသည်ဖြင့် များသောအပြား ရှိ၏။

အပဂမနအပါဒါန်။ ။ ဖဲခွာရာဖြစ်သော အပါဒါန်သည် အပဂမနအပါဒါန် မည်၏။

ပုံစံ။ ။ ဂါမာ အပေန္တိ မုနယော။
မြန်မာ။ ။ ရဟန်းတို့သည် ရွာမှ ဖဲခွာကြ၏။
ရှင်း။ ။ ဤပုံစံ၌ ရဟန်းတို့၏ ဖဲခွာရာဖြစ်သောကြောင့် ဂါမပုဒ်သည် ဂါမာ ဟု အပါဒါန် ဖြစ်၏။

http://www.dhammadownload.com

ဘယယောဂ။ ။ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း ဖြစ်ရာ (ကြောက်ရာ၊ ထိတ်လန့်ရာ) အပါဒါန်သည် ဘယယောဂအပါဒါန် မည်၏။

ပုံစံ။ ။ စောရာ ဘယံ ဇာယတေ။

မြန်မာ။ ။ ခိုးသူမှ ကြောက်ခြင်းသည် ဖြစ်၏။

ရှင်း။ ။ ဤပုံစံ၌ ကြောက်ခြင်းဖြစ်ရာ (ကြောက်ရာ) ဖြစ်သောကြောင့် စောရပုဒ်သည် စောရာ ဟု ဘယယောဂအပါဒါန် ဖြစ်၏။

အာဒတ္တ။ ။ ဆရာနှင့် အတတ်ပညာသည် တကယ်ပူးတွဲပေါင်းစပ်နေခြင်းမဟုတ်သော်လည်း လောကသဘောအားဖြင့် ပူးတွဲပေါင်းစပ်သည်ဟုထင်ရ၏။ ဆရာ့အထံမှ အတတ်ပညာကိုသင်ယူသောအခါ အတတ်တချို့ ဆရာမှ ဖဲခွာသလိုထင်ရသဖြင့် အပဂမန သဘောရှိသောကြောင့် အတတ်ပညာကို သင်ပေးရာဆရာ စသည် သည် အာဒတ္တအပါဒါန် မည်၏။

ပုံစံ။ ။ အာစရိယုပဇ္ဈာ ယေဟိသိက္ခံ ဂဏှာတိသိဿော။

မြန်မာ။ ။ တပည့်သည် ဆရာ၊ ဥပဇ္ဈာယ်တို့မှ အတတ်ကို ယူ၏။

ရှင်း။ ။ တပည့်များ အတတ်ပညာကို သင်ယူရာဖြစ်သောကြောင့် အာစရိယုပဇ္ဈာယပုဒ်သည် အာစရိယုပဇ္ဈာယော ဟု အပါဒါန် ဖြစ်၏။

http://www.dhammadownload.com

မာတုယောဂ။ ။ အပါဒါန်ကိုဆိုသော မာတ်တို့နှင့်ယှဉ်စပ်သောသဒ္ဒါအ ပေါင်းကို မာတုယောဂအပါဒါန် ဟု ခေါ်၏။

ပုံစံ။ ။ (က) ဗုဒ္ဓ သွာပရာဇေန္တိ အညတိတ္ထိယာ။

မြန်မာ။ ။ သာသနာတော်အယူမှ တစ်ပါးသော အယူရှိ သော တိတ္ထိတို့သည် ဘုရားမှ ရှုံးကုန်၏။

ရှင်း။ ။ အပါဒါန်ကို ဆိုသော ပရာပုဗ္ဗဇိဓာတ်နှင့်ယှဉ်ရာ၌ သာ သနာပတိတ္ထိများ မအောင်နိုင်မလွှမ်းမိုးနိုင်သောကြောင့် ဗုဒ္ဓသည် ဗုဒ္ဓသွာ ဟု အပါဒါန် ဖြစ်၏။

ပုံစံ။ ။ (ခ) ဟိမဝတာ ပဘဝန္တိ ပဒ္မ မဟာနဒိယော။

မြန်မာ။ ။ မြစ်ကြီး ငါးသွယ်တို့သည် ဟိမဝန္တိတောင်မှစ၍ ဖြစ်ကုန်၏။

ရှင်း။ ။ ဤ၌ အပါဒါန်ကိုဆိုသော ပဘုဗ္ဘူဓာတ်၏ ယှဉ်စပ်ရာ၌ မြစ်ကြီးငါးသွယ်တို့သည် အဆက်မပြတ်ပဲ ဟိမဝန္တာ တောင်မှစ၍ စီးဆင်းလာသောကြောင့်ဟိမဝန္တာတောင် သည် ဟိမဝတာ ဟု အပါဒါန် ဖြစ်၏။

နာမယောဂ။ ။ အပါဒါန်ကိုဆိုသော အညအနက်ရှိသော နာမ်ပုဒ်၊ ဣတ ရနာမ် စသည်တို့နှင့် ယှဉ်စပ်သောသဒ္ဒါကို နာမယောဂ အပါဒါန် ဟု ခေါ်၏။

ပုံစံ။ ။ နာညံ ဒုက္ခာနိရုဇ္ဈတိ။

မြန်မာ။ ။ ဒုက္ခမှတစ်ပါးသော အတ္တသည် ချုပ်သည်မဟုတ်။

http://www.dhammadownload.com

ရှင်း။ ။ နာညံဒုက္ခာ နိရုဇ္ဈတိ ပုံစံ၌ အပါဒါန်ကိုငဲ့သောအည သဒ္ဒါနှင့်ယှဉ်သောကြောင့် ဒုက္ခသဒ္ဒါသည် ဒုက္ခာ ဟု အပါဒါန် ဖြစ်၏။

ဥပသဂ္ဂယောဂအပါဒါန်

၁။ ရှောင်ကြဉ်ခြင်းအနက်ကို ဟောသော အပ၊ ပရိ ပိုင်းခြားခြင်း၊ လွှမ်းမိုးခြင်း အနက်ကို ဟောသော အာ၊ အတူအနက်၊ အစားပေးခြင်းအနက်ကိုဟောသော ပတိ၊ ဥပသာရပုဒ်တို့နှင့် ယှဉ်စပ်သောသဒ္ဒါများကို ဥပသဂ္ဂယောဂ အပါဒါန် ဟု ခေါ်၏။

၂။ အပ၊ ပရိ ဥပသာရပုဒ်တို့နှင့်ယှဉ်သော အပါဒါန်ပုဒ်ကို မြန်မာပြန်သောအခါ "ကို" ဟု မြန်မာပြန်ရ၏။
အပ ဥပသာရပုဒ်ကို "ရှောင်လွဲ၍" ဟု မြန်မာပြန်ပြီး၊ ပရိ ဥပသာရပုဒ်ကို "ကြဉ်၍" ဟု မြန်မာပြန်ရ၏။

၃။ အာ ဥပသာရပုဒ်နှင့်ယှဉ်သော အပါဒါန်ပုဒ်ကို "တိုင်အောင်၊ အထိ" ဟု မြန်မာပြန်ရ၏။

၄။ အတူအနက်ကို ဟောသော ပတိဥပသာရပုဒ်ကို အပါဒါန်ပုဒ်နှင့် တွဲစပ်၍၊ ဘုရားကိုယ်စားတော် ဟု မြန်မာပြန်ရ၏။ အစားပေးခြင်းအနက်ကို ဟောသော ပတိဥပသာရပုဒ်ကို အပါဒါန်ပုဒ်နှင့် တွဲစပ်၍ ဆီ အစား စသည်ဖြင့် မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) အပသာလာယ အာယန္တိ ဝါကိဇာ။
မြန်မာ။ ။ ကုန်သည်တို့သည် ကင်းတဲကို ရှောင်လွဲ၍လာကြ၏။

http://www.dhammadownload.com

ရှင်း။ ။ ဤ၌ ရှောင်ကြဉ်ခြင်းအနက်ကို ဟောသော အပဉ္ဉသာရပုဒ်နှင့်ယှဉ်စပ်သောကြောင့် သာလာသဒ္ဒါသည် ဥပသဂ္ဂယောဇအပါဒါန် မည်၏။

ပုံစံ။ ။ (ခ) အာပဇ္ဇတာ ခေတ္တံ။

မြန်မာ။ ။ တောင်တိုင်အောင် လယ်သည် တည်၏။

ရှင်း။ ။ ပိုင်းခြားခြင်းအနက်ကို ဟောသော အာဉ္ဉပသာရပုဒ်နှင့် ယှဉ်စပ်ခြင်းကြောင့် ပဇ္ဇတာသဒ္ဒါသည် ဥပသဂ္ဂယော-ဇအပါဒါန် မည်၏။

ပုံစံ။ ။ (ဂ) အာပြဟ္မ လောကာ သဒ္ဒါ အဇ္ဈဂ္ဂဆ္ဆတိ။

မြန်မာ။ ။ ပြဟ္မာ့ပြည်တိုင်အောင် ကျော်စောသံသည် လွှမ်းမိုး၍ တက်၏။

ရှင်း။ ။ ဤ၌ လွှမ်းမိုးခြင်းအနက်ကို ဟောသော အာဉ္ဉပသာရပုဒ်နှင့်ယှဉ်စပ်ခြင်းကြောင့် ပြဟ္မလောကာ သဒ္ဒါသည် ဥပသဂ္ဂယောဇ အပါဒါန် မည်၏။

ပုံစံ။ ။ (ဃ) ဗုဒ္ဓသ္မာ ပတိ သာရိပုတ္တော ဓမ္မဒေသနာယ ဘိက္ခူ အာလပတိ တေမာသံ။

မြန်မာ။ ။ အရှင်သာရိပုတြာသည် ဘုရားကိုယ်စားတော် သုံးလပတ်လုံး တရားဟောခြင်းငှာ ရဟန်းတို့ကို ခေါ်တော်မူ၏။

ရှင်း။ ။ ဤ၌အတူ (ကိုယ်စား) အနက်ကို ဟောသော ပတိဥပသာရပုဒ်နှင့်ယှဉ်စပ်ခြင်းကြောင့် ဗုဒ္ဓ သဒ္ဒါသည်ဗုဒ္ဓသ္မာဟု ဥပသဂ္ဂယောဇ အပါဒါန် ဖြစ်၏။

http://www.dhammadownload.com

ပုံစံ။ ။ (ဂ) ဃတမဿ တေလသ္မာ ပတိ ဒဒါတိ။

မြန်မာ။ ။ ထိုသူအား ဆီအစား ထောပတ်ကို ပေး၏။

ရှင်း။ ။ ဤ၌ အစားပေးခြင်းအနက်ကို ဟောသော ပတိဥပသာရပုဒ်နှင့် ယှဉ်စပ်ခြင်းကြောင့် တေလသဒ္ဒါသည် တေလသ္မာ ဟု ဥပသဂ္ဂယောဂ အပါဒါန် ဖြစ်၏။

နိပါတယုတ္တအပါဒါန်

၁။ ရိတော၊ နာနာ၊ ဝိနာ အစရှိသော နိပါတ်ပုဒ်များနှင့် ယှဉ်စပ်သော သဒ္ဒါကို နိပါတယုတ္တအပါဒါန် ဟု ခေါ်၏။

၂။ ရိတေပုဒ်ကို "ကြဉ်၍၊ ကင်း၍" ဟု မြန်မာပြန်ရ၏။
"ကြဉ်၍" ဟု မြန်မာပြန်သောအခါ ရိတေပုဒ်နှင့် ယှဉ်စပ်နေသော အပါဒါန်ပုဒ်ကို (ကို) ဟု မြန်မာပြန်ရ၏။
"ကင်း၍" ဟု မြန်မာပြန်သောအခါ အပါဒါန်ပုဒ်ကို (မှ) ဟု မြန်မာပြန်ရ၏။

၃။ နာနာပုဒ်ကို "အသီးအသီး" ဟု မြန်မာပြန်ရ၏။

၄။ ဝိနာပုဒ်ကို "ကင်း၍" ဟု မြန်မာပြန်ရ၏။
ဝိနာပုဒ်နှင့် ယှဉ်စပ်နေသော အပါဒါန်ပုဒ်ကို (နှင့်) ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ရိတေ သဒ္ဓမ္မာ ကုတော သုခံ လဘတိ။

မြန်မာ။ ။ သူတော်ကောင်းတရားကို ကြဉ်၍ ချမ်းသာကို အဘယ်မှာ ရနိုင်ပါအံ့နည်း။

http://www.dhammadownload.com

ပုံစံ။ ။ (ခ) တေ ဘိက္ခူ နာနာ ကုလာ ပဗ္ဗဇိတာ။
မြန်မာ။ ။ ရဟန်းတို့သည် အမျိုးမှ အသီးအသီး ရဟန်းပြုကြကုန်၏။

ပုံစံ။ ။ (ဂ) ဝိနာသဒ္ဓမ္မာ နတ္ထညော ကောစိနာထော။
မြန်မာ။ ။ သူတော်ကောင်းတရားနှင့်ကင်း၍ အခြားသော တစ်စုံတစ်ရာသော ကိုးကွယ်ရာသည် မရှိ။

ကာရကမဇ္ဈ။ ။ အပါဒါနကာရက၊ ကမ္မကာရက နှစ်ပါးတို့အလယ်၌ ကာလဟော သဒ္ဒါ၊ အခွန့်ဟော သဒ္ဒါတို့သည် ကာရကမဇ္ဈအပါဒါန် မည်၏။

ပုံစံ။ ။ (က) ကုတော ပက္ခသ္မာ ဝိဇ္ဈတိ မိဂံ လုဒ္ဒကော။
မြန်မာ။ ။ မုဆိုးသည် ဤနေ့မှ တစ်ပက္ခကြာမှ သမင်ကို ပစ်၏။

ရှင်း။ ။ ကုတော ဟူသော အပါဒါနကာရက၊ မိဂံ ဟူသော ကမ္မကာရကတို့အလယ်၌ ကာလအနက်ဟော ပက္ခ သဒ္ဒါသည် ပက္ခသ္မာ ဟု အပါဒါန် ဖြစ်၏။

ပုံစံ။ ။ (ခ) ကုတော ကောသာ ဝိဇ္ဈတိ ကုဉ္ဇရံ။
မြန်မာ။ ။ ဤအရပ်မှ တစ်ကောသေးမှ ဆင်ကို ပစ်၏။

ပုံစံ။ ။ (ဂ) ကုတော မာသသ္မာ ဘုဉ္ဇတိ ဘောဇနံ။
မြန်မာ။ ။ ဤနေ့မှ တစ်လကြာမှ အစားအစာကို စား၏။

ရက္ခဏတ္ထ။ ။ စောင့်ရှောက်ခြင်းအနက်ဟော ဓာတ်တို့နှင့် ယှဉ်စပ်ရာ၌ အလိုရှိအပ်သော အနက်ဟောသဒ္ဒါသည် ရက္ခဏတ္ထအပါဒါန် မည်၏။

http://www.dhammadownload.com

ပုံစံ။ ။ ကာကေ ရက္ခန္တိ တဏ္ဍုလာ။

မြန်မာ။ ။ ကျီးတို့ကို ဆန်မှ စောင့်ရှောက်ကြ၏။

ရှင်း။ ။ ဤ၌ ကျီးမထိုးအောင်လေးပိုက် စသည်ဖြင့် ကာကွယ် စောင့်ရှောက်ခြင်း အနက်ဟော ရက္ခဓာတ်၏ ယှဉ်ရာ၌ ပိုင်ရှင်များအလိုရှိအပ်သော တဏ္ဍုလသဒ္ဒါသည် "တဏ္ဍုလာ" ဟု အပါဒါန် ဖြစ်၏။

အဒဿနိစ္စာ။ ။ တပည့်စသူသည် ဥပဇ္ဈာယ်ဆရာ စသူတို့၏ မမြင်ခြင်းကို လိုလား၏။ ထို့ကြောင့် ဥပဇ္ဈာယ်ဆရာ စသည်တို့ မမြင်အောင် ပုန်းကွယ်နေ၏။ ထိုပုန်းကွယ်ရာဥပဇ္ဈာယ်ဆရာ စသူသည် အပါဒါန် မည်၏။

ပုံစံ။ ။ ဥပဇ္ဈာ ယာ အန္တရဓာယတိ သိသ္သော။

မြန်မာ။ ။ တပည့်သည် ဥပဇ္ဈာယ်ဆရာမှ ပုန်းကွယ်၏။

ရှင်း။ ။ တပည့်သည် ဥပဇ္ဈာယ်ဆရာ၏ မမြင်ခြင်းကို လိုလားခြင်းကြောင့် ပုန်းကွယ်နေ၏။ ထိုပုန်းကွယ်ရာ ဥပဇ္ဈာယသဒ္ဒါသည် ဥပဇ္ဈာယာ ဟု အပါဒါန် ဖြစ်၏။

ဒူရတ္ထ။ ။ ဒူရပွယောဂအပါဒါန်၊ ဒူရတ္ထပွယောဂအပါဒါန်၊ ဒူရတ္ထ အပါဒါန် ဟု သုံးမျိုးကွဲပြားသည်။

ပုံစံ။ ။ (က) ကီဝဒူရော ဂ္ဂတော နဒ္ဒကာရဂါမော။

မြန်မာ။ ။ ကျူးထရံလုပ်သူတို့၏ ရွာသည် ဤအရပ်မှ အဘယ်မျှ ဝေးသနည်း။

ရှင်း။ ။ ဤ၌ ဒူရ သဒ္ဒါနှင့် ယှဉ်တွဲနေသောကြောင့် ဂ္ဂမ သဒ္ဒါသည် "ဂ္ဂတော" ဟု ဒူရပွယောဂ အပါဒါန် ဖြစ်၏။

http://www.dhammadownload.com

ပုံစံ။ ။ (ခ) အရကာ တေဟိ ဘဂဝါ။

မြန်မာ။ ။ ဘုရားသည် ထိုသူတို့မှ ဝေးကွားတော်မူ၏။

ရှင်း။ ။ ဤ၌ ဒူရအနက်ဟော အာရကာသဒ္ဒါနှင့် ယှဉ်တွဲနေသောကြောင့် တ သဒ္ဒါသည် "တေဟိ" ဟု ဒူထ္ထပွယောဂ အပါဒါန် ဖြစ်၏။

ပုံစံ။ ။ (ဂ) ဒူရတောဝ နမဿန္တိ။

မြန်မာ။ ။ အဝေးမှပင် ရှိခိုးကြ၏။

ရှင်း။ ။ ဤ၌ ဒူရသဒ္ဒါသည် ဒူရအနက်ဟောသဒ္ဒါတို့နှင့် ယှဉ်တွဲမှုမရှိပဲ ဒူရအနက်သက်သက်၌ပင် "ဒူရတော" ဟု အပါဒါန် ဖြစ်၏။

အန္တိက။ ။ အန္တိကသဒ္ဒါနှင့် ယှဉ်တွဲသော အပါဒါန်ပုဒ်ကို "၏" ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) အန္တိကံ ဂါမာ။

မြန်မာ။ ။ ရွာ၏အနီး။

ရှင်း။ ။ ဤ၌ အန္တိကသဒ္ဒါနှင့် ယှဉ်တွဲနေသောကြောင့် "ဂါမာ" ဟု အပါဒါန် ဖြစ်၏။

ပုံစံ။ ။ (ခ) အာသန္နံ ဂါမာ။

မြန်မာ။ ။ ရွာ၏အနီး။

မှတ်ချက်။ ။ ဤ ဒူရသဒ္ဒါ အန္တိကသဒ္ဒါတို့နှင့် ယှဉ်တွဲသောသဒ္ဒါကို အပါဒါန်အနက်ဟော ဒုတိယာဝိဘတ်၊ တတိယာဝိဘတ်တို့နှင့်လည်း ယှဉ်တွဲသုံးစွဲနိုင်၏။

http://www.dhammadownload.com

ပုံစံ။ ။ (က) ဒူရံ ဂါမံ အာဂတော၊ ဒူရေန ဂါမေန အာဂတော။

မြန်မာ။ ။ ဝေးသောရွာမှ လာ၏။

ပုံစံ။ ။ (ခ) အန္တိကံ ဂါမံ အာဂတော၊ အန္တိကံ ဂါမေန။

မြန်မာ။ ။ နီးသောရွာမှ လာ၏။

နိမ္မာန။ ။ ခရီး အတိုင်းအတာ၊ အချိန်ကာလအတိုင်းအတာကို ပြရာ၌ မူလစ၍ တိုင်းရာအရပ်၊ တိုင်းရာကာလသည် နိမ္မာန အပါဒါန် မည်၏။

အဒ္ဓနိမ္မနပုံစံ။ ။ (က) ကွတော မထုရာယ စတူသုယော ဇနေသု သက်သံ။

မြန်မာ။ ။ ဤမထုရာမြို့မှ လေးယူဇနာတို့၌ သက်သမြို့ ရှိ၏။

ကာလနိမ္မာနပုံစံ။ ။ ကွတော ဝဿသဟဿစ္စယေန ဗုဒ္ဓေါလောကေ ဥပဇ္ဈိဿတိ။

မြန်မာ။ ။ ဤနှစ် အနှစ်တစ်ထောင်လွန်ရာအခါ၌ လောကဋ္ဌ ဘုရားပွင့်တော်မူလိမ့်မည်။

တွာလောပ အပါဒါန်

၁။ တွာပစ္စည်းဆုံးသောပုဒ်ရှိ သင့်လျက် မရှိခြင်းသည် တွာလောပအပါဒါန် မည်၏။

၂။ တွာလောပအပါဒါန်ပုဒ်ကို မြန်မာပြန်သောအခါ ကို၊ သို့ ဟုကံ အနက်နှင့် (၌) ဟူသော အဓိကရဏအနက် ပြန်ဆိုရ၏။ အဆုံး၌ "၍" ဟူသော တွာပစ္စည်းအနက်ကို ထည့်သွင်းပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ (က) ပါသာဒါသင်္ကမေယျ။

မြန်မာ။ ။ ပြာသာဒ်သို့ (တက်၍) ပြောင်းရွေ့ရာ၏။

ပုံစံ။ ။ (ခ) အာသနာဝုဋ္ဌဟေယျ။

မြန်မာ။ ။ နေရာ၌ (ထိုင်၍) ထရာ၏။

ဒိသတ္ထယောဂ။ ။ အရပ်မျက်နှာအနက်ဟော သဒ္ဒါများနှင့် ယှဉ်တွဲနေသောသဒ္ဒါများကို ဒိသတ္ထယောဂအပါဒါန် ဟု ခေါ်၏။

ပုံစံ။ ။ (က) ကွတော သာ ပုရိမာ ဒိသာ။

မြန်မာ။ ။ ထိုနေထွက်ရာအရပ်သည် ဤမြင့်မိုရ်တောင်မှ အရှေ့အရပ်တည်း။

ရှင်း။ ။ ဤ၌ အရပ်မျက်နှာအနက်ဟော ပုရိမာဒိသာ ဟူသော သဒ္ဒါနှင့် ယှဉ်တွဲနေသောကြောင့် "ကွတော" ဟု ဒိသတ္ထယောဂ အပါဒါန် ဖြစ်၏။

ပုံစံ။ ။ (ခ) ပုရတ္ထိမတော။

မြန်မာ။ ။ အရှေ့အရပ်၌။

ပုံစံ။ ။ (ဂ) ဒက္ခိဏတော။

မြန်မာ။ ။ တောင်အရပ်၌။

ရှင်း။ ။ ဤပြယုဂ်များကား အရပ်မျက်နှာအနက်ဟော သဒ္ဒါနှင့် ယှဉ်တွဲမှု မရှိပဲ အရပ်မျက်နှာအနက် (ဒိသတ္ထ) ၌သာ ပုရတ္ထိမတော၊ ဒက္ခိဏတော ဟု ဒိသတ္ထအပါဒါန် ဖြစ်၏။

ဝိဘာတ္ထ။ ။ အလိုလို (နဂိုက) ခွဲခြားအပ်ပြီးသောတရားကို ပဏီတတရဂုဏ်၊ ဝိသိဋ္ဌတရ စသော ဂုဏ်အားဖြင့် ထပ်မံခွဲခြားခြင်းအနက်ဟောသဒ္ဒါသည် ဝိဘာတ္တအပါဒါန် မည်၏။

http://www.dhammadownload.com

ပုံစံ။ ။ (က) ဒါနတော သီလမေဝဝရုံ။

မြန်မာ။ ။ ဒါနထက် သီလက မြတ်၏။

ပုံစံ။ ။ (ခ) တတော မယာ သုတတော အသုတမေဝ ဗဟုတရုံ။

မြန်မာ။ ။ ငါသည် ထိုကြားနာအပ်သော တရားထက် မကြားနာရသောတရားက သာလွန်၍ များပြား၏။

အာရတိယောဂ။ ။ ရှောင်ကြဉ်ခြင်းအနက်ဟောသဒ္ဒါများနှင့် ယှဉ်တွဲသော သဒ္ဒါသည် အာရတိယောဂ အပါဒါန် မည်၏။

ပုံစံ။ ။ (က) အသဒ္ဓမ္မာ အာရတိ။

မြန်မာ။ ။ မသူတော်တို့၏ တရားမှ ဝေးစွာရှောင်ကြဉ်ခြင်း။

ပုံစံ။ ။ (ခ) ပါဏာတိပါတာ ဝေရမဏိ။

မြန်မာ။ ။ သူတစ်ပါး အသက်သတ်ခြင်းမှရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်။

သုဒ္ဓတ္ထယောဂ။ ။ စင်ကြယ်ခြင်း အနက်ဟောသဒ္ဒါတို့နှင့် ယှဉ်တွဲသော သဒ္ဒါများသည် သုဒ္ဓတ္ထယောဂ အပါဒါန် မည်၏။

ပုံစံ။ ။ လောဘနိယေဟိ ဓမ္မေဟိ သုဒ္ဓေါ အသံသဋ္ဌော။

မြန်မာ။ ။ လိုချင်တပ်မက်အပ်ကုန်သော ကာမဂုဏ်တရားတို့မှ စင်ကြယ်၏။ မရောနှော။

မောစနတ္ထယောဂ။ ။ လွတ်မြောက်ခြင်းအနက်ဟောသဒ္ဒါများနှင့် ယှဉ်တွဲသောသဒ္ဒါများသည် မောစနတ္ထယောဂအပါဒါန် မည်၏။

ပုံစံ။ ။ ပရိမုတ္တော ဒုက္ခသ္မာတိ ဝဒါမိ။

http://www.dhammadownload.com

မြန်မာ။ ။ ဆင်းရဲဒုက္ခမှ လွတ်မြောက်ပြီ ဟု ဟောတော်မူ၏။

ဟေတွတ္ထ။ ။ ဟိတ်အနက်ရှိသော သဒ္ဒါသည် ဟေတွတ္ထ အပါဒါန် မည်၏။ ဟိတ်အနက်ဟောသဒ္ဒါတို့နှင့်ယှဉ်တွဲနေသော သဗ္ဗနာမ်ပုဒ်များသည် ဟေတွတ္ထယောဂအပါဒါန်မည်၏။

ပုံစံ။ ။ (က) ကသ္မာနုတုမှံ ဒဟရာန မိယရေ။

မြန်မာ။ ။ အဘယ်ကြောင့် သင်တို့၏ (အမျိုး၌) ငယ်ရွယ်သူတို့ မသေကုန်သနည်း။

ပုံစံ။ ။ (ခ) ကသ္မာက္ကဓေဝမရဏံ ဘဝိဿတိ။

မြန်မာ။ ။ အဘယ်ကြောင့် ဤအရပ်၌သာလျှင် သေခြင်းသည် ဖြစ်လတ္တံ့နည်း။

ရှင်း။ ။ ဤပုံစံတို့၌ ကသ္မာပုဒ်သည် ဟိတ်အနက်၌ ကိုသဒ္ဒါကို ပဉ္စမီဝိဘတ်နှင့် ယှဉ်စပ်ထားသောကြောင့် ဟေတွတ္ထ အပါဒါန် ဖြစ်၏။

ပုံစံ။ ။ (ဂ) ကသ္မာ ဟေတုနာ။

မြန်မာ။ ။ အဘယ်အကြောင်းကြောင့်။

ပုံစံ။ ။ (ဃ) ယသ္မာ ကာရဏာ။

မြန်မာ။ ။ အကြင်အကြောင်းကြောင့်။

ရှင်း။ ။ ဤပုံစံတို့၌ ဟေတုနာ၊ ကာရဏာတို့သည် ဟိတ်အနက်ဟောသဒ္ဒါများ ဖြစ်ကြ၏။ ထိုဟိတ်အနက်ဟောသဒ္ဒါတို့နှင့် ယှဉ်စပ်နေသောကြောင့် ကသ္မာ၊ ယသ္မာတို့သည် ဟေတွတ္ထယောဂ အပါဒါန် မည်ကုန်၏။

http://www.dhammadownload.com

မှတ်ချက်။ ။ ဤဟေတွတ္ထ၊ ဟေတွတ္ထယောဂ အပါဒါန်ပုဒ်တို့၌ ဒုတိယာဝိဘတ်၊ ဆဋ္ဌီဝိဘတ်များနှင့်လည်း ဆက်သွယ်သုံးစွဲနိုင်၏။

ပုံစံ။ ။ (က) ကိံကာရဏံ။

မြန်မာ။ ။ အဘယ်အကြောင်းကြောင့်။

ပုံစံ။ ။ (ခ) ကိဿတုမ္မေ ကိလမထ။

မြန်မာ။ ။ အဘယ်ကြောင့် သင်တို့ ပင်ပန်းကြသနည်း။

ဝိဝိတ္တယောဂ။ ။ ကင်းဆိတ်ခြင်းအနက်ဟောသဒ္ဒါတို့နှင့် ယှဉ်တွဲ (ဆက်စပ်) သော သဒ္ဒါများသည် "ဝိဝိတ္တယောဂ အပါဒါန်" မည်၏။

ပုံစံ။ ။ ဝိဝိစ္စေဝ ကာမေဟိ။

မြန်မာ။ ။ ကာမတို့နှင့် ကင်းဆိတ်၍သာလျှင်။

ပမာဏတ္ထ။ ။ အတိုင်းအရှည်အနက်ဟောသဒ္ဒါများသည် ပမာဏတ္ထ အပါဒါန် မည်၏။

ပုံစံ။ ။ စန္ဒဘာဂါယ ပရိမာဏံ အာယာမတောစ ဝိတ္ထာရတောစ ယောဇနံ။

မြန်မာ။ ။ စန္ဒဘာဂါမြစ်၏ အတိုင်းအရှည်ကား အလျားအားဖြင့်လည်းကောင်း၊ အနံအားဖြင့်လည်းကောင်း တစ်ယူဇနာရှိ၏။

မှတ်ချက်။ ။ ဤပမာဏတ္ထ အပါဒါန်၌ တတိယာဝိဘတ်နှင့်လည်း ဆက်သွယ်နိုင်၏။

http://www.dhammadownload.com

ပုံစံ။ ။ သာသပရာသိ အာယာမေန ယောဇနံ။

မြန်မာ။ ။ မုံညင်းစေ့ အစု (အပုံ) သည် အလျားအားဖြင့် တစ်ယူဇနာ ရှိ၏။

မ့တ်ချက်။ ။ ဤပြယုဂ်များ၌ အပါဒါန်ဟု ဆိုသော်လည်း ခွဲခွာမှု မထင်ရှားသောကြောင့် (မ့) ဟု မြန်မာမပြန်ပဲ (အားဖြင့်) ဟု ဝိသေသနအနက်ပြန်ရသည်။ ဆရာတို့ကား (မ့) ဟုလည်း ပြန်ကြသည်။

ပုဗ္ဗယောဂ။ ။ အရပ်မျက်နှာ အနက်မဟုတ် အရပ်ဒေသအချိန်ကာလ အနက်ဟော ပုဗ္ဗ ပရ စသော သဒ္ဒါတို့နှင့် ယှဉ်တွဲ (ဆက်စပ်) သောသဒ္ဒါသည် ပုဗ္ဗယောဂ အပါဒါန်မည်၏။

ပုံစံ။ ။ ဣတော ပုဗ္ဗေ နာဟောတိ။

မြန်မာ။ ။ ဤအခါမှ ရှေး၌ မဖြစ်ဘူးသေး။

ပုံစံ။ ။ တဟော ပရံ ပစ္စန္တိမာ ဇနပဒါ။

မြန်မာ။ ။ ထိုအရပ်မှ ပြင်ဘက်အရပ်သည် ပစ္စန္တရစ် (အစွန်းအဖျားအနက်ဖြစ်သော) ဇနပုဒ်တို့တည်း။

ပုံစံ။ ။ တတော ဥတ္တရိမွိ။

မြန်မာ။ ။ ထိုထက် အပိုအလွန်လည်း။

ဗန္ဓနတ္ထယောဂ။ ။ နှောင်ဖွဲခြင်း အနက်ဟောသဒ္ဒါတို့နှင့် ယှဉ်တွဲ (ဆက်စပ်) သော။ ကြွေးမြီဟောသဒ္ဒါသည် ဗန္ဓနတ္ထယောဂ အပါဒါန် မည်၏။

ထို ဗန္ဓနတ္ထယောဂ အပါဒါန်၌ ပဠိမိဝိဘတ်၊ တတိယာဝိဘတ် နှစ်မျိုးတို့နှင့် ဆက်သွယ်နိုင်သည်။

http://www.dhammadownload.com

ပုံစံ။ ။ သတသ္မာ ဗဒ္ဓေါ နရော၊ သတေန ဗဒ္ဓေါနရော။

မြန်မာ။ ။ မင်းသည် တရာသော ကြွေးမြီကြောင့် လူကို နှောင်ဖွဲ့အပ်၏။

ဂုဏ်ဝစန။ ။ အကျိုးကို ပြီးစေတတ်သော အကြောင်းဖြစ်သောဂုဏ်ကို ဟောသော သဒ္ဒါသည် "ဂုဏ်ဝစန အပါဒါန် မည်၏။ ထို ဂုဏ်ဝစန အပါဒါန်၌ ပဉ္စမီဝိဘတ်၊ တတိယာဝိဘတ် နှစ်မျိုး ဆက်သွယ်နိုင်၏။

ပုံစံ။ ။ ကွဿရိယာ (ကွဿရိယေန) ဇနံ ရက္ခတိ ရာဇာ။

မြန်မာ။ ။ မင်းသည် အစိုးရသူ၏အဖြစ်ကြောင့် လူအပေါင်းကို စောင့်ရှောက်၏။

ပုံစံ။ ။ သီလတော (သီလေန) နံ ပသံသန္တိ။

မြန်မာ။ ။ သီလကြောင့် ထိုသူကို ချီးမွမ်းကြ၏။

ပျဉ်းကထန။ ။ အမေးအဖြေကို ပြဆိုသော စကားတို့သည် ပဉ္စကထန အပါဒါန် မည်၏။

ပုံစံ။ ။ ဘဝံ ကုတော။ (ပဉ္စ)

မြန်မာ။ ။ အရှင်သည် အဘယ်မှနည်း။

ပုံစံ။ ။ ပါဠလိပုတ္တာ (ကထန)

မြန်မာ။ ။ ပါဠလိပုတ်ပြည်မှတည်း။

ထောကတ္ထ။ ။ အနည်းငယ် ဟူသော ဒြပ်မဟုတ်သောအနက်ကို ဟောသောသဒ္ဒါသည် ထောကတ္ထ အပါဒါန် မည်၏။ ထောကတ္ထ အပါဒါန်ပုဒ်ကို ကရိုဏ်းအနက်ဟော ပဉ္စမီ၊ တတိယာဝိဘတ်တို့နှင့် ဆက်စပ်ရေးသားရသည်။
ထောကတ္ထ အပါဒါန်ပုဒ်ကို "ဖြင့်" ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ ထောကာ (ထောကေန) မူစွတိ။
မြန်မာ။ ။ အနည်းငယ်ဖြင့် လွတ်၏။

ကိစ္စာ (ကိစ္ဆေန) မူစွတိ။
ငြိုငြင်ခြင်းဖြင့် လွတ်၏။

ကာရဏာအနက်ဟောသဒ္ဒါ။ ။ အကြောင်းအနက်ကို ဟောသောသဒ္ဒါ၌ လည်း ပဉ္စမီဝိဘတ် ဆက်သွယ်ရ၏။

ပုံစံ။ ။ အနနုဗောဓာ အပ္ပဋိဝေဓာ စတုန္နံ အရိယ သစ္စာနံ ယထာဘူတံ အဒဿနာ။
မြန်မာ။ ။ လေးပါးကုန်သော အရိယသစ္စာတို့ကို လျော်စွာမသိခြင်းကြောင့် ထိုးထွင်း၍မသိခြင်းကြောင့် ဟုတ်တိုင်းမှန်စွာ မမြင်ခြင်းကြောင့်။

အကတ္တာရိ။ ။ ဟေတုကတ္တားမဟုတ်သော ဉာပက ဟိတ်အနက်ဟော သဒ္ဒါ၌လည်း ပဉ္စမီဝိဘတ် ဆက်သွယ်ရ၏။

ပုံစံ။ ။ ကမ္မဿ တတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ ဥပ္ပန္နံ ဟောတိ စက္ခုဝိညာဏံ။
မြန်မာ။ ။ ကံကို ပြုအပ်ပြီးသည်၏အဖြစ်ကြောင့် ဆည်းပူးအပ်ပြီး သည်၏အဖြစ်ကြောင့် များသည်၏အဖြစ်ကြောင့် ပြန့် ပြောသည်၏အဖြစ်ကြောင့် စက္ခုဝိညာဏ်ဖြစ်၏။

ပထမနေ့

၁။ မယ္ငံ ကိတ္တိ သဒ္ဒေါ အာ ရန်ကုန် နဂရာ အဘ္ဘုဂ္ဂစ္ဆတိ။
၂။ လူဆိုးတို့သည် ကင်းတဲကို ရှောင်လွှဲ၍ ရန်ကုန်မြို့ထဲသို့ ဝင်ကြ၏။
၃။ ကိုရင်သည် သင်္ကန်းအစား သပိတ်ကို ငါ့အား ပေး၏။

http://www.dhammadownload.com

ဒုတိယနေ့

၁။ ကသ္မာ တာဟ တ့ံ ရုက္ခံ ဆိန္ဒတိ။
၂။ ရွာက မိန်းကလေးသည် မန္တလေးမြို့အထိ သွား၏။
၃။ တပည့်သည် ဆရာနှင့်ကင်း၍ အတတ်ပညာကို မရနိုင်။

တတိယနေ့

၁။ ဥရသ္မာ ဇာတော ပုတ္တော။
၂။ အမေသည် သမီးကို အဘယ်ကြောင့် ဆဲသနည်း။
၃။ လူပျိုသည် အပျိုအား ရွှေအစား ငွေကို ပေး၏။

အမှတ် (၁၂)၊ သင်ခန်းစာ
နိဒ္ဓါရဏာပုဒ်ရေးနည်း

၁။ ဇာတ်၊ ဂုဏ်၊ ကြိယာ၊ နာမ်အားဖြင့် အပေါင်းအစုထဲမှ အစိတ်ကို သီးခြားခွဲထုတ်ခြင်းသည် နိဒ္ဓါရဏာ မည်၏။

၂။ ထို နိဒ္ဓါရဏာသည် -
(က) ဇာတိနိဒ္ဓါရဏာ
(ခ) ဂုဏာနိဒ္ဓါရဏာ
(ဂ) ကြိယာနိဒ္ဓါရဏာ
(ဃ) နာမနိဒ္ဓါရဏာ ဟု လေးမျိုး ပြား၏။

မှတ်ချက်။ ။ အချို့သဒ္ဒါကျမ်းများ၌ ဒဗ္ဗနိဒ္ဓါရဏာ သခ်ၤာနိဒ္ဓါရဏာတို့ကို ထည့်၍ ခြောက်မျိုးပြကြ၏။

၃။ ထို နိဒ္ဓါရဏာအနက်၌ အပေါင်းဟောပုဒ်ကို ဆဋ္ဌီ၊ သတ္တမီ ဗဟုဝုစ် ဝိဘတ်နှစ်မျိုးဖြင့် ဆက်သွယ်ရေးရ၏။

http://www.dhammadownload.com

၄။ နိဒ္ဒါရဏပုဒ်ကို တို့တွင်၊ တို့အနက်၊ တို့အထဲ ဟု မြန်မာပြန်ရ၏။

ဇာတိပုံစံ။ ။ (က) မနုဿာနံ ခတ္တိယော သူရတမော။
(ခ) မနုဿေသု ခတ္တိယော သူရတမော။
မြန်မာ။ ။ လူတို့တွင် မင်းသည်သာလျှင် ရဲရင့်၏။

ဂုဏ်ပုံစံ။ ။ (က) သာမာနာရီနံ ဒဿနီယတမာ။
(ခ) သာမာနာရီသု ဒဿနီယတမာ။
မြန်မာ။ ။ မိန်းမတို့တွင် ရွှေအဆင်းရှိသော မိန်းမသည် သာ၍ ချစ်စဖွယ် တင့်တယ်၏။

ကြိယာပုံစံ။ ။ (က) ပထိကာနံ မာဝန္တော သီယတမော။
(ခ) ပထိကေသု မာဝန္တော သီယတမော။
မြန်မာ။ ။ ခရီးသွားတို့တွင် ပြေးသောသူသည် သာ၍ လျှင်မြန်၏။

နာမပုံစံ။ ။ (က) အရဟတံ အာနန္ဒော အညတရော။
(ခ) အရဟန္တေသု အာနန္ဒော အညတရော။
မြန်မာ။ ။ ရဟန္တာတို့တွင် အရှင်အာနန္ဒာသည် တစ်ပါးအပါအဝင်တည်း။

ပထမနေ့

၁။ ကဏ္ဍာ ဂါဝိနံ သမ္ပန္နာ ခီရတမာ။
၂။ ကိုရင်တို့တွင် ဒတ္တာသည် ဘုရားကို ရှိခိုး၏။
၃။ လူပျိုတို့သည် မိန်းမတို့တွင် အပျိုကို ကြည့်၏။

http://www.dhammadownload.com

ဒုတိယနေ့

၁။ တိရစ္ဆာနေသူ ဂါဝေါ မံသံန ဘုဥ္ဇန္တိ။
၂။ ရဟန်းတို့တွင် သီလရှိသူကို လူတို့ ရှိခိုးကြ၏။
၃။ မိန်းမတို့တွင် အမေသည် သားသမီးတို့အား ကျေးဇူးများလှ၏။

တတိယနေ့

၁။ တုမှေသု အယံဒါရကောမယ္ပံ သုနခံ ပဟရတိ။
၂။ ဤဝက်တို့အနက် ဤဝက်မကို ငါအား သင်တို့ ပေးကြပါ။
၃။ သင်သည် ဤသင်္ကန်းများအထဲက ဤသင်္ကန်းကို မယူပါနှင့်။

အမှတ် (၁၃)၊ သင်ခန်းစာ
အနာဒရဝေါကျရေးနည်း

၁။ ဝါကျတစ်ခုတည်း၌ ကြိယာနှစ်မျိုးပါရှိရာ နောက်ကြိယာသည် ရှေ့ကြိယာကို မရှိသေသောကြောင့် အနာဒရ မည်၏။
၂။ ရှေ့ကြိယာသည် မရှိသေအပ်သောကြောင့် အနာဒရိယ မည်၏။
၃။ အနာဒရိယကြိယာပုဒ်ကို မာန၊ အန္တ ပစ္စည်းတို့ဖြင့် ရေးရ၏။
၄။ ထို အနာဒရိယကြိယာပုဒ်နှင့်၊ ယင်းနှင့် အရတူသော အနာဒရိယ ဘန္တ ကတ္တားပုဒ်၊ ကံပုဒ်တို့ကို ဆဋ္ဌီ၊ သတ္တမီ ဝိဘတ်နှစ်မျိုးဖြင့် ဆက်သွယ်ရေးသားရ၏။
၅။ အနာဒရိယကြိယာပုဒ်ကို စဉ်၊ တုန်း၊ ခိုက် စသည်ဖြင့် မြန်မာပြန်ရ၏။

http://www.dhammadownload.com

၆။ ယင်းအနာဒရိယကြိယာပုဒ်၏ ကတ္တားပုဒ်ကို သည်၊ က စသည် ဖြင့် မြန်မာပြန်ရ၏။

၇။ ကံဟော ဖြစ်လျှင် ကို၊ သို့ ဟု မြန်မာပြန်ရ၏။

(၄) ချက်ခွဲပုံ

ပုံစံ။ ။

	အနာဒရိယဝန်တွ	အနာဒရိယ	အနာဒရဝန်တွ	အနာဒရ
(က)	ဒါရကဿ	ရုဒတော	ပိတာ	ပဗ္ဗဇိ။
(ခ)	ဒါရကေ	ရုဒန္တသ္မိံ	ပိတာ	ပဗ္ဗဇိ။

မြန်မာ။ ။ ကလေးသည် ငိုနေစဉ် အဖေသည် ရဟန်းပြုပြီ။

(က) အကာမကာနံ မာတာပိတူနံ ရုဒန္တာနံ ဗောဓိသတ္တော ပဗ္ဗဇိ။

(ဃ) အကာမကာသု မာတာပိတူသု ရုဒန္တေသု ဗောဓိသတ္တော ပဗ္ဗဇိ။

မြန်မာ။ ။ ရဟန်းပြုခြင်းကို အလိုမရှိကြသော မိဘတို့သည် ငိုနေကြစဉ် ဘုရားအလောင်းတော်သည် ရဟန်းပြုပြီ။

ပထမနေ့

၁။ ဂဟပတိနော နိဝါရေန္တသ္မာ ဂဟပတာနီ ဘိက္ခုဝန္ဒဘိ။

၂။ ဆရာသည် ဆုံးမနေစဉ် ကိုရင်သည် ကစား၏။

၃။ ကိုရင်တို့ ကြည့်နေကြစဉ် ကြက်ကို ခွေးသည် ကိုက်၏။

ဒုတိယနေ့

၁။ ဘိက္ခုနော မမံ ဒေသေန္တသ္မာ ဣတ္ထိကထေတိ။

http://www.dhammadownload.com

၂။ အဖေက ရဟန်းတို့နှင့်အတူ စကားပြောနေတုန်း အမေက ရယ်နေ၏။

၃။ ရဟန်းတော်များ ဆွမ်းကို ဘုဉ်းပေးနေကြခိုက် ခိုးသူတို့သည် သင်္ကန်းတို့ကို ခိုးယူကြ၏။

တတိယနေ့

၁။ မာတာပိတူနံ ဗုဒ္ဓံ ဝန္ဒန္တာနံ ပုတ္တောဂီတံ ဂါယတိ။

၂။ အမေ ထမင်းကို စားနေစဉ် ကြောင်သည် အသားကိုယူ၍ ပြေး၏။

၃။ ဓာယးဝိုနေစဉ် လင်က အရက်ကို သောက်၏။

အမှတ် (၁၄)၊ သင်ခန်းစာ

လက္ခဏာဝါကျရေးနည်း

၁။ လက္ခဏာဝါကျ၌ လက္ခဏာ၊ လက္ခဏာဝန်္တ၊ လက္ခ။ လက္ခဝန်္တ ဟု လေးမျိုး ရှိ၏။

၂။ ရှေ့ကြိယာသည် မှတ်သားကြောင်းဖြစ်သောကြောင့် လက္ခဏာ မည်၏။

၃။ ယင်း၏ (ဝုတ္တ) ကတ္တား၊ ကံပုဒ်တို့သည် လက္ခဏာဝန်္တ မည်၏။

၄။ နောက်ကြိယာသည် မှတ်သားအပ်သောကြောင့် လက္ခ မည်၏။

၅။ ယင်း၏ (ဝုတ္တ) ကတ္တား၊ ကံပုဒ်တို့သည် လက္ခဝန်္တ မည်၏။

၆။ လက္ခဏကြိယာပုဒ်ကို အန်္တ၊ မာန ပစ္စည်းဖြင့် ရေးရ၏။

မှတ်ချက်။ ။ အန်္တပစ္စည်းကို ကတ္တားဟောဝါကျ၌သာ သုံးစွဲရ၏။ မာန ပစ္စည်းကို ကတ္တားဟောဝါကျ၊ ကံဟောဝါကျ နှစ်မျိုး လုံး၌ သုံးစွဲနိုင်၏။

http://www.dhammadownload.com

၇။ လက္ခဏာကြိယာပုဒ်ကိုသော်၊ လသော်၊ သည်ရှိသော်၊ က၊ လျှင်၊ ရင်၊ နေရင်း၊ နေလျက်၊ နေစဉ်၊ နေတုန်း၊ နေခိုက် ဟု မြန်မာပြန်ရ၏။

၈။ လက္ခဏာဝါကျသည် -

(က) ကတ္တားမတူသော လက္ခဏာဝါကျ

(ခ) ကတ္တားတူသော လက္ခဏာဝါကျ ဟု နှစ်မျိုးပြား၏။

၉။ ကတ္တားမတူသော လက္ခဏာဝါကျတွင်

(က) ကတ္တားဟောဝါကျ၌ လက္ခဏာကြိယာနှင့် လက္ခဏာဝန်ခံ ကတ္တားပုဒ်ကို သတ္တမီဝိဘတ်ဖြင့် ရေးရ၏။

(ခ) ကံဟောဝါကျ၌ လက္ခဏာကြိယာနှင့် လက္ခဏာဝန်ခံကံပုဒ်ကို သတ္တမီဝိဘတ်ဖြင့် ရေးရ၏။

၁၀။ လက္ခကြိယာပုဒ်နှင့် လက္ခဝန်ခံကတ္တား၊ ကံပုဒ်တို့ကို မူလကတ္တားဟော၊ ကံဟောဝါကျထုံးစံအတိုင်း ရေးရ၏။ မြန်မာပြန်ရ၏။

၁၁။ ကတ္တားဟောဝါကျ၌ လက္ခဏာဝန်ခံကတ္တားပုဒ်ကို ထုံးစံအတိုင်းသည်၊ ကား၊ က၊ ဟာ၊ မှာ အနေနဲ့ ဟု မြန်မာပြန်ရ၏။ ကံဟောဝါကျ၌ ကို၊ သို့ ဟု မြန်မာပြန်ရ၏။

ကတ္တားမတူပုံစံ၌ လေးချက်ခွဲပုံ

ဝါကျ	လက္ခဏာဝန်ခံ	လက္ခဏာကြိယာ	လက္ခဝန်ခံ	လက္ခ
ကတ္တားဟော	ဒါရကော	နိဒ္ဒါယန္တော	ဒါရိကာ	ကိုဋ္ဌတိ
	ကလေးသည်	အိပ်သည်ရှိသော်	ကလေးမသည်	ကစား၏
ကံဟော	သံယေသု	ဘောဇိယမာနေသု	ဘိက္ခူ	ဂတော
	သံယာတို့ကို	ဆွမ်းကျွေးအပ်ကုန်သော်	ရဟန်းသည်	သွား၏

http://www.dhammadownload.com

၁၂။ ကတ္တားဟောဝါကျဖြစ်လျှင် ကတ္တားတူသောလက္ခဏဝါကျ၌ ကတ္တားပုဒ်နှင့် လက္ခဏကြိယာပုဒ်ကို ပထမာဝိဘတ်ဖြင့် ရေးရ၏။

၁၃။ ကံဟောဝါကျဖြစ်လျှင် ကံပုဒ်နှင့် လက္ခဏကြိယာပုဒ်ကို ပထမာဝိဘတ်ဖြင့် ရေးရ၏။

ပုံစံ။ ။ (က) သာမဏေရော ဂန္ဆံ သဇ္ဈာယန္တော နိဒ္ဒါယတိ။

မြန်မာ။ ။ ကိုရင်သည် ကျမ်းစာကို သရဇ္ဈာယ်သည်ရှိသော် အိပ်၏။

ပုံစံ။ ။ (ခ) သာမဏေရော မယာဘောဇိယမာနောမောဒတ်။

မြန်မာ။ ။ ငါသည် ဆွမ်းကျွေးအပ်သည်ရှိသော် ကိုရင်သည် ဝမ်းမြောက်၏။

ပထမနေ့

၁။ ပိတရိ ခေတ္တံ ကသန္တေ မာတာ ဘတ္တံ ပစတိ။

၂။ သားက အလုပ်ကို လုပ်နေရင် သမီးက အဝတ်ကို ဖွပ်လျှော်၏။

၃။ ကိုရင်သည် ဆွမ်းကို စားနေရင်း တရားကို နှလုံးသွင်း၏။

ဒုတိယနေ့

၁။ မာတာ ဘတ္တံ ပစန္တိ အဂ်ိ ဓမတိ။

၂။ မိုးရွာသည်ရှိသော် လယ်သမားတို့သည် ထွန်ယက်ကြ၏။

၃။ ကိုရင်သည် ဆွမ်းအလို့ငှာ ရွာထဲသို့ ဝင်သည်ရှိသော် အပျိုကို ကြည့်၏။

http://www.dhammadownload.com

တတိယနေ့

၁။ သကုဏောလေဠုနာ ခိပိယမာနော ပက္ခန္ဒတိ။
၂။ အမေသည် လမ်းသွားနေရင်း လဲကျ၏။
၃။ ကလေးသည် ရိုက်အပ်သော် ငို၏။

အမှတ် (၁၅)၊ သင်ခန်းစာ
ဆဋ္ဌိဝိဘာတ်သုံးခွဲနည်း

သာမီ။ ။ ၁။ သိမ်းပိုက်အပ်သောဥစ္စာ၏ ပိုင်ရှင်သည် သာမီ မည်၏။ ဥစ္စာသည် သဲမည်၏။ ထိုဥစ္စာရှင် (သာမီ) နှင့် ဥစ္စာ (သဲ) တို့၏ အချင်းချင်းဆက်စပ်ခြင်းသည် သမ္ဗန်မည်၏။ ယင်းသမ္ဗန်သည် ရှေ့ပုဒ် နောက်ပုဒ် (သမ္ဗန္ဓီဖြပ်) နှစ်ပါး၌ တည်နေသော်လည်း ရှေ့ပုဒ်သည် နောက်ပုဒ်ကို အထူးပြုသောကြောင့် ဆဋ္ဌိဝိဘာတ်ကို ရှေ့ပုဒ်နှင့်သာ ဆက်သွယ်ရေးသားရ၏။

၂။ သာမီပုဒ်ကို ၏၊ ရဲ့ ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ရညော ပုရိသော။
မြန်မာ။ ။ မင်း၏အချင်း (အခစား) ယောကျ်ား။

ပုံစံ။ ။ (ခ) တဿ မာတာပိတရော။
မြန်မာ။ ။ ထိုသူ၏ မိဘတို့။

http://www.dhammadownload.com

အဝုတ္ထကတ္ထား။ ။ ၁။ ကိတအမည်ရသော "တ၊ တိ" စသော ပစ္စည်းတို့နှင့် ယှဉ်တွဲ (ဆက်စပ်) သောကြိယာ၏ ကတ္တားပုဒ်ကိုဆဋ္ဌိဝိဘတ်နှင့် ဆက်သွယ်ရေးသားရ၏။

၂။ ယင်းအဝုတ္ထကတ္ထားပုဒ်ကို သည်၊ က၊ ကား၊ ဟာ၊ အနေနဲ့ ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ရညော သမ္မတော။
မြန်မာ။ ။ မင်းသည် သမုတ်အပ်၏။

ပုံစံ။ ။ (ခ) ကစ္စာယနဿ ကတိသောဘနာ။
မြန်မာ။ ။ ကစ္စည်းထေရ်သည် ပြုခြင်းသည် တင့်တယ်ပါပေစွ။

အဝုတ္ထကံ။ ။ ၁။ ကိတကအမည်ရသော "တု၊ ဏွု၊ ယု၊ ဏာ စသော ပစ္စည်းတို့နှင့် ယှဉ်တွဲနေသောကြိယာ၏ ကံပုဒ်၊ သရဓာတ်၊ ဂ္ဂသုဓာတ်တို့၏ ကံပုဒ်၊ ပြုပြင်ခြင်းအနက်ဟော ကရဓာတ်၏ကံပုဒ်များကို ဆဋ္ဌိဝိဘတ်နှင့် ဆက်သွယ်ရေးသား၏။

၂။ ယင်းအဝုတ္ထကံပုဒ်ကို ကို၊ သို့ ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) တဿဘဝန္တိ ဝတ္တာရော။
မြန်မာ။ ။ ထိုသူကို ပြောဆိုသူတို့ ရှိကုန်၏။

ပုံစံ။ ။ (ခ) ကမ္မဿကာရကောနတ္ထိ၊ ဝိပါကာဿစဝေဒကော။
မြန်မာ။ ။ ကံကို ပြုတတ်သူသည်လည်းကောင်း၊ အကျိုးကို ခံစားတတ်သူသည်လည်းကောင်း မရှိ။

http://www.dhammadownload.com

ပုံစံ။ ။ (ဂ) ပါပါနံ အကရဏံသုခံ။
မြန်မာ။ ။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာကြောင်း တည်း။

ပုံစံ။ ။ (ဃ) အစ္ဆရိယော အရဇကေနဝတ္ထာနံရာဂေါ။
မြန်မာ။ ။ ပင်မင်းဆရာမဟုတ်ပါဘဲ အဝတ်တို့ကို ဆိုးနိုင်ခြင်း သည် အံ့ဩဖွယ်ရှိပါပေစွ။

ပုံစံ။ ။ (င) စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ။
မြန်မာ။ ။ လေးပါးကုန်သော မဟာဘုတ်တို့ကို စွဲမှီ၍ ကြည် လင်ခြင်း။

ပုံစံ။ ။ (စ) မာတုသရတိ။
မြန်မာ။ ။ အမိကို အမှတ်ရ၏။

ပုံစံ။ ။ (ဆ) ဥဒကဿ ပတိကုရုတေ။
မြန်မာ။ ။ ရေကို ပြုပြင်၏။

ကရိုဏ်း။ ။ ၁။ ယဇမာတ်၊ ဇုဟမာတ်၊ တင်းတိမ်ခြင်း (ပြည့်ခြင်း) အနက်ဟော ပူရ စသောမာတ်၊ အတူအနက် ဟောတုလျှ၊ သဒိသ စသော သဒ္ဒါ၊ ကိ်သဒ္ဒါ၊ အ လံသဒ္ဒါ စသည်တို့နှင့် ယှဉ်တွဲနေသောသဒ္ဒါများ ကို ကရိုဏ်းအနက်ဟော ဆဋ္ဌီဝိဘတ်နှင့် ဆက် သွယ်ရေးသားရ၏။

၂။ ယင်းကရိုဏ်းပုဒ်ကို ဖြင့်၊ နဲ့ ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ (က) ပပ္ပဿ ဗုဒ္ဓံ ယဇတိ။
မြန်မာ။ ။ ပန်းဖြင့် ဘုရားကို ပူဇော်၏။

ပုံစံ။ ။ (ခ) ဃတဿ အဂ်ိုဇုဟောတိ။
မြန်မာ။ ။ ထောပတ်ဖြင့် မီးကို ပူဇော်၏။

ပုံစံ။ ။ (ဂ) ပူရတိ ဗာလော ပါပဿ။
မြန်မာ။ ။ လူမိုက်သည် မကောင်းမှုဖြင့် ပြည့်၏။

ပုံစံ။ ။ (ဃ) ပိတုဿ တုလ္လော။
မြန်မာ။ ။ အဖနှင့် တူသူ။

ပုံစံ။ ။ (င) မာတုသဒိသော။
မြန်မာ။ ။ အမိနှင့် တူသူ။

ပုံစံ။ ။ (စ) ကိ်တဿစ တုဋ္ဌဿ။
မြန်မာ။ ။ နှစ်သက်အပ်သော ထိုဝတ္ထုဖြင့်လည်း အဘယ်အ
ကျိုး ရှိအံ့နည်း။

ပုံစံ။ ။ (ဆ) အလံတဿစ တုဋ္ဌဿ။
မြန်မာ။ ။ နှစ်သက်အပ်သော ထိုဝတ္ထုဖြင့် အကျိုးမရှိ။

အပါဒါန်။ ။ ၁။ ဆုတ်ယုတ်ခြင်းအနက်ဟောသဒ္ဒါ၊ ကြောက်လန့်
ခြင်းအနက်ဟောသဒ္ဒါတို့နှင့် ယှဉ်တွဲသောသဒ္ဒါ
တို့ကို အပါဒါန်အနက်ဟော ဆဋ္ဌီဖြင့် ဆက်သွယ်
ရေးသားရ၏။

၂။ ယင်းအပါဒါန်ကို မှ၊ က ဟု မြန်မာပြန်ရ၏။

http://www.dhammadownload.com

ပုံစံ။ ။ (က) အဿ ဝနတာ ဓမ္မဿ ပရိဟာ ယန္တိ။
မြန်မာ။ ။ မကြားနာရခြင်းကြောင့် တရားမှ ဆုတ်ယုတ်ကုန်၏။

ပုံစံ။ ။ (ခ) သဗ္ဗေ တသန္တိ ဒဏ္ဍဿ။
မြန်မာ။ ။ သူမပ်သိမ်းတို့သည် ဒဏ်မှ ထိတ်လန့်ကြကုန်၏။

ပုံစံ။ ။ (ဂ) သဗ္ဗေဘာယန္တိ မစ္စုနော။
မြန်မာ။ ။ သူခပ်သိမ်းတို့သည် သေခြင်းမှ ကြောက်လန့်ကြကုန်၏။

သတ္တမီ။ ။ ၁။ ကုသလသဒ္ဒါ စသည်တို့နှင့် ဆက်စပ်သော်သဒ္ဒါတို့ကို သတ္တမီဝိဘတ်အနက်ဟော ဆဋ္ဌီဝိဘတ်ဖြင့် ဆက်သွယ်ရေးသားရ၏။

၂။ ယင်းသတ္တမီဝိဘတ်အနက်ဟောပုဒ်ကို ၌၊ ဝယ်၊ မှာ ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ကုသလော ရထဿ အင်္ဂပစ္စင်္ဂါနံ။
မြန်မာ။ ။ သင်သည် ရထား၏ အင်္ဂါကြီးငယ်တို့၌ ကျွမ်းကျင်၏။

ပုံစံ။ ။ (ခ) မဂ္ဂါ မဂ္ဂဿ ကုသလော။
မြန်မာ။ ။ အကြောင်းဟုတ်သည် အကြောင်းမဟုတ်သည်၌ လိမ္မာ၏။

http://www.dhammadownload.com

သာမိဏ္ဏသရ စသောသဒ္ဒါတို့နှင့် ဆက်စပ်သောသဒ္ဒါ

၁။ သာမိ၊ ဏ္ဏသရ၊ အဓိပတိ၊ ဒါယာဒ၊ သက္ခီ၊ ပတိဘူ၊ ပသုတ၊ ကုသလ စသော သဒ္ဒါတို့နှင့် ဆက်စပ်သော သဒ္ဒါတို့ကိုလည်း ဆဋ္ဌီဝိဘတ်ဖြင့် ဆက်သွယ်ရေးသားရ၏။

၂။ ယင်းပုဒ်တို့ကို ၏၊ ရဲ့ ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ဂေါဏာနံ သာမိ။
မြန်မာ။ ။ နွားတို့၏ အရှင်။

ပုံစံ။ ။ (ခ) ဂေါဏာနံ ဏ္ဏသရော။
မြန်မာ။ ။ နွားတို့၏ အစိုးရသူ။

ပုံစံ။ ။ (ဂ) ဂေါဏာနံ အဓိပတိ။
မြန်မာ။ ။ နွားတို့၏ အကြီးအကဲ။

ပုံစံ။ ။ (ဃ) ဂေါဏာနံ ဒါယာဒေါ။
မြန်မာ။ ။ နွားတို့၏ အမွေခံ (ဝါ) ဆွေမျိုး။

ပုံစံ။ ။ (င) ဂေါဏာနံ သက္ခီ။
မြန်မာ။ ။ နွားတို့၏ မျက်မြင်။

ပုံစံ။ ။ (စ) ဂေါဏာနံ ပတိဘူ။
မြန်မာ။ ။ နွားတို့၏ တာဝန်ခံ။

ပုံစံ။ ။ (ဆ) ဂေါဏာနံ ပသုတော။
မြန်မာ။ ။ နွားတို့၏ မွေးဖွားသူ။

http://www.dhammadownload.com

ပုံစံ။ ။ (၈) ဂေါဏာနံ ကုသလော။
မြန်မာ။ ။ နွားတို့၏ ကျွမ်းကျင်သူ။

ပထမနေ့

၁။ ဘိက္ခုဿ ပတ္တ စီဝရံစောရောစောရေတိ။
၂။ မနုဿဿ ဇာတိ အဟံ ဝိမံ သာမိ။
၃။ အမြိုက် နိဗ္ဗာန်ကို ပေးတော်မူတတ်ပါပေ၏။
၄။ သတ္တဝါအပေါင်းကို သိစေတော်မူတတ်၏။

ဒုတိယနေ့

၁။ နာနပွကာရဿ အသုစိနောပူရံ ဣမမေဝကာယံ ပစ္စဝေက္ခတိ။
၂။ မြွားကို ပြုပြင်၏။
၃။ လေးမျိုးကုန်သော အစွယ်၌ အဆိပ်ရှိသော မြွေဆိုးတို့မှ ကြောက်၏။
၄။ သတ္တဝါတို့၏ ကံဟူသောအကြောင်းကြောင့် ထိုသေပြီးသောပြိတ္တာတို့ကို မည်သည့်ဆွေမျိုးကမျှ အမှတ်မရ။

တတိယနေ့

၁။ ယေသံဘိက္ခဝေ ကာယဂတာသတိ အပရိဘုတ္တာ၊ တေသံအမတံ အပရိဘုတ္တံ။
၂။ သန္တိဟိဘန္တေ ဥဒ္ဒါရာ ယက္ခာဘဂဝတော ပသန္နာ။
၃။ ကွဲပြားသူတို့ကို စေ့စပ်ပေးတတ်၏။
၄။ ငါသည် တစ်နေ့၌ သုံးကြိမ် ရေချိုး၏။

http://www.dhammadownload.com

အမှတ် (၁၆)၊ သင်ခန်းစာ
သတ္တမီဝိဘတ်သုံးခွဲနည်း

ဩကာသ။ ။ ၁။ ကတ္တား၊ ကံနှင့်တကွသော ကြိယာ၏တည်ရာဖြစ်သောအနက်သည် "ဩကာသ" မည်၏။

၂။ ထိုတည်ရာအနက်ဟောသဒ္ဒါကို သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရေးသားရ၏။

၃။ ဩကာသပုဒ်ကို ၌၊ ဝယ်၊ မှာ၊ တွင် ဟု မြန်မာပြန်ရ၏။

ပုံစံ။ ။ (က) ဇလေသုခိရံတိဋ္ဌတိ။
မြန်မာ။ ။ ရေတို့၌ နို့ရည်သည် တည်၏။

ပုံစံ။ ။ (ခ) ဥစ္ဆုသုရသော။
မြန်မာ။ ။ ကြံတို့၌ အရည်သည် တည်၏။

သာမိ ဏ္ဍဿရ စသော သဒ္ဒါတို့နှင့် ဆက်စပ်သောသဒ္ဒါ

သာမိ၊ ဏ္ဍဿရ၊ အဓိပတိ၊ ဒါယာဒ၊ သက္ခိ၊ ပတိဘူ၊ ပသုတ၊ ကုသလသဒ္ဒါတို့နှင့် ဆက်စပ်သောသဒ္ဒါကို သတ္တမီဝိဘတ်ဖြင့် ရေးရ၏။

ပုံစံ။ ။ (က) ဂေဏ္ဍေသု သာမိ။
မြန်မာ။ ။ နွားတို့၌ အရှင်။

ပုံစံ။ ။ (ခ) ဂေဏ္ဍေသု ဏ္ဍဿရော။
မြန်မာ။ ။ နွားတို့၌ အစိုးရသူ။

http://www.dhammadownload.com

အမှာ။ ။ ၁။ ကျန်ပုံစံများကို ဆဋ္ဌိဝိဘတ်ခန်း၌ ပြန်ကြည့်ပါ။
၂။ နိဒ္ဓါရဏာ၊ အနာဒရဘာဝေနဘာဝလက္ခဏာ အနက်ပုံစံတို့ကိုလည်း ပြခဲ့ပြီး ဖြစ်၏။ ပြန်ကြည့်ပါ။

ကံအနက်။ ။ ကံအနက်ဟောသဒ္ဒါကိုလည်း သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရေးသားနိုင်သည်။

ပုံစံ။ ။ ဘိက္ခူသု အဘိဝါဒေန္တိ။
မြန်မာ။ ။ ရဟန်းတို့ကို ရှိခိုးကြကုန်၏။
ဗာဟာသုဂဟေတွာ။ လက်မောင်းတို့ကို ကိုင်၍။

ကရီဏ်း။ ။ ကရိဏ်းအနက်ဟော သဒ္ဒါကိုလည်း သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရေးသားနိုင်၏။

ပုံစံ။ ။ ဂတ္တေသုပိဏ္ဍာယစရန္တိ။
မြန်မာ။ ။ သပိတ်တို့ဖြင့် ဆွမ်းအလို့ငှာ လှည့်လည်ကုန်၏။

ပုံစံ။ ။ သမ္မုဇ္ဇဏိမတ္ထကေ။
မြန်မာ။ ။ ဦးထိပ်ဖြင့် ခံယူပါအံ့။

နိမိတ်။ ။ အကြောင်းနိမိတ်အနက်ဟော သဒ္ဒါကိုလည်း သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရေးသားနိုင်၏။

ပုံစံ။ ။ ကုဋ္ဌရော ဒန္တေသုဟညတေ။
မြန်မာ။ ။ ဆင်ကို အစွယ်တို့ကြောင့် သတ်အပ်၏။

ပုံစံ။ ။ သမ္မဇနေ မုသာဝါဒေ ပါစိတ္တိယံ။
မြန်မာ။ ။ မုသာဝါဒကြောင့် ပါစိတ်အာပါတ်သင့်၏။

http://www.dhammadownload.com

သမ္မဒါန်။ ။ သမ္မဒါန်အနက်ဟောသဒ္ဒါတို့ကို သတ္တမီဝိဘတ်ဖြင့် ရေးနိုင်၏။

ပုံစံ။ ။ သံယေဒိန္နံမဟပ္ဖလံ။

မြန်မာ။ ။ သံဃာအား ပေးလှူကြောင်း စေတနာသည် များသောအကျိုးရှိ၏။

ပုံစံ။ ။ စေတိယေဒတ္တာန။

မြန်မာ။ ။ စေတီတော်အား ပေးလှူပူဇော်ခြင်းကြောင့်။

ပဋိမီ။ ။ ပဋိမီ (အပါဒါန်) အနက်ဟောသဒ္ဒါကို သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရေးသားနိုင်၏။

ပုံစံ။ ။ ကဒလီသု ဂဇေရက္ခန္တိ။

မြန်မာ။ ။ ငှက်ပျောပင်တို့မှ ဆင်တို့ကို စောင့်ရှောက်ကုန်၏။

ကာလ။ ။ ၁။ မျက်စိတစ်မှိတ် ခဏ၊ လယ၊ မုဟုတ္တ၊ နံနက်အခါ စသည်တို့သည် ကာလအနက်တို့ မည်ကုန်၏။

၂။ ထိုကာလအနက်ဟောသဒ္ဒါကို သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရေးသားနိုင်၏။

ပုံစံ။ ။ (က) ပုဗ္ဗဏ္ဟသမယေဂတော။

မြန်မာ။ ။ နံနက်အချိန်သွား၏။

ပုံစံ။ ။ (ခ) သယန္ဟသမယောအာဂတော။

မြန်မာ။ ။ ညနေအချိန်ပြန်လာ၏။

http://www.dhammadownload.com

ဥပအဓိတို့နှင့် ဆက်စပ်သောသဒ္ဒါ

အပိုအလွန်အနက်ဟော "ဥပ" သဒ္ဒါ၊ အစိုးရသူ၊ အစိုးရရှိသူ အနက်ဟော "အဓိ" သဒ္ဒါတို့နှင့် ဆက်စပ်သောသဒ္ဒါကို သတ္တမီဝိဘတ်ဖြင့် ဆက်သွယ်ရေးသားနိုင်သည်။

ပုံစံ။ ။ (က) ဥပခါရိ ယံဒေါဏော။
မြန်မာ။ ။ တို့ထက် ပိုလွန်သောစိတ်။

ပုံစံ။ ။ (ခ) အဓိဒေဝေသုဗုဒ္ဓေါ။
မြန်မာ။ ။ နတ်တို့ထက် သာလွန်သောဘုရား။

ပုံစံ။ ။ (ဂ) အဓိဗြဟ္မဒတ္တေ ပဉ္စာလာ။
မြန်မာ။ ။ ပဉ္စာလတိုင်းသားတို့သည် ဗြဟ္မဒတ်မင်း ဟူသော အစိုးရသူ ရှိကုန်၏။

မဏ္ဍိတ ဥသုက္ကဋ္ဌယောဂသဒ္ဒါ

ကြည်လင်ခြင်း၊ အားထုတ်ခြင်းအနက်ဟောသဒ္ဒါတို့နှင့် ဆက်စပ်သောသဒ္ဒါများကို သတ္တမီဝိဘတ်နှင့်လည်း ရေးသားနိုင်၏။

ပုံစံ။ ။ (က) ဉာဏသ္မိံပသန္နော။
မြန်မာ။ ။ ဉာဏ်၌ ကြည်လင်၏။

ပုံစံ။ ။ (ခ) ဉာဏသ္မိံ ဥဿုက္ကော။
မြန်မာ။ ။ ဉာဏ်၌ အားထုတ်၏။

http://www.dhammadownload.com

ပထမနေ့

၁။ မဟာဇနေ ပေက္ခမာနေ မစ္စု အာဒါယ ဂစ္ဆတိ။
၂။ သံယေတေ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိသံယောစ။
၃။ အမေသည် သား၏ ဦးထိပ်ကို စုပ်၍ ငိုနေ၏။
၄။ ရဟန်းတို့သည် လက်တို့ဖြင့် ဆွမ်းအလို့ငှာ လှည့်လည်ကြ၏။

ဒုတိယနေ့

၁။ ဘိက္ခုနံ ဒွေတယော သမ္မနိတဗ္ဗာ။
၂။ ဣတော သတသဟဿမှိ ကဖွေ စက္ခုမာဥပ္ပဇ္ဇိ။
၃။ မုဆိုးသည် အရေတို့ကြောင့် သစ်ကို သတ်အပ်၏။
၄။ စစ်သားတို့တွင် ချပ်ဝတ် ဝတ်ထားသော စစ်သားသည် သာ၍ ရဲရင့်၏။

□□□□□□□□□□□□□□